ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလကွယ်၊ စနေနေ့။ Saturday 11 August 2018 ၉၃၇၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းဖွင့်ပွဲသို့ တက်ရောက်

မန္တလေး ဩဂုတ် ၁၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။**

အစီအစဉ်အရ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတ စာဖတ်ခန်းအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်းရှိ သုတ၊ ရသ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုသည်။

**တည်ဆောက်လှူဒါန်း**

အဆိုပါ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းသည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စု နေပူကုန်းကျေးရွာနေ ဦးသန်းဆွေ၊ ဦးဌေးကို မိသားစုတို့က ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသထံသို့ ညောင်ပင်ကျေးရွာအုပ်စုနေ ပြည်သူများ စာပေလာရောက်ဖတ်ရှုပြီး အသိအမြင်ဗဟုသုတ ရရှိစေရန်အတွက် လှူဒါန်းခဲ့သည့် မြေပေါ်တွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၆၀ အကုန်အကျခံ၍ ကွန်ကရစ်တစ်ထပ်တိုက် တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ပွင့်လင်းသုတစာဖတ်ခန်း၌ သုတ၊ ရသ စာအုပ်ပေါင်း ၁၃၉၂ အုပ်နှင့် ကွန်ပျူတာနှစ်စုံကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညောင်ပင်ကျေးရွာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ကျေးရွာအနီးပတ်ဝန်းကျင်မှ အမျိုးသမီးငယ်များအား စက်ချုပ်သင်တန်း ဖွင့်လှစ်ပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ ကျေးလက်ခန်းမနှင့် ပွင့်လင်းသုတစာဖတ်ခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

အမျိုးသားလွှတ်တော် စာမျက်နှာ » ၇

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ကြမည့်သူများ၏ စကားသံများ

စာမျက်နှာ » ၁၀

C B BANK
Contact Center : (+95) 1 231 777 0
INTERNATIONAL TRADE SERVICES
• Export / Import Services
• Export / Import Financing
• International Remittance
Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ကြေးမုံ

# ပစ္စုပ္ပန်ကို တည့်တည့်ရှု

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူ ရှစ်ဦးတို့ ကျေးရွာတွင်ပြုလုပ်သည့် စကားဝိုင်းဖြစ်သော်လည်း တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည်၊ ပြည်သူအားလုံးနှင့်သက်ဆိုင်သော စကားဝိုင်းဖြစ်ပေသည်။

ထိုစကားဝိုင်းတွင် အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် အမှားရှိလျှင်ပြင်ရန်၊ ပြဿနာရှိလျှင် ဖြေရှင်းရန်၊ ပြည်သူများအနေဖြင့် ယုံကြည်မှုရှိရန်၊ ဆင်ခြင်တုံတရားရှိရန်၊ နိုင်ငံ၏အနာဂတ်ကို ဦးတည်ပြီး ပစ္စုပ္ပန်ကိုအာရုံစိုက်ရန်၊ နိုင်ငံအတွက် လက်ရှိလုပ်ရမည့်ကိစ္စများကို အားလုံးဝိုင်းဝန်းလုပ်ကိုင်ကြရန်တို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးစွာပြောကြားခဲ့ပြီး တိုင်းပြည်အတွက် အရေးကြီးသော ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ ဦးစားပေးဆွေးနွေးခဲ့ကြသည်။

ဒေသခံပြည်သူများ စကားဝိုင်းဖြစ်သည်နှင့်အညီ ပြည်သူများထားရှိမွေးမြူရမည့်စိတ်ထားများနှင့် လုပ်ဆောင်ရမည်တို့နှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူလူထု အရည်အချင်းပြည့်ဝရင် အရည်အချင်းမဲ့တဲ့ အစိုးရတစ်ခုတက်ဖို့ အင်မတန်မှခက်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူလူထုကနေ ဆင်ခြင်တုံတရားရှိနေရင် အစိုးရကလည်း ကောင်းလေပဲ။ ဆင်ခြင်တုံတရားရှိရုံနဲ့လည်း မလုံလောက်ဘူး။ ပြည်သူလူထုကနေ သိက္ခာရှိရှိ၊ သတ္တိရှိရှိနဲ့ ကိုယ်ယုံကြည်ရာဘက်ကနေ ရပ်တည်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်"ဟု ပြောကြားခဲ့သည်။

ပြည်သူလူထုသည် အစိုးရကောင်းတစ်ရပ် ပေါ်ထွန်းရေးအတွက် အရေးကြီးသကဲ့သို့ ပြည်သူလူထု၏ ရပ်တည်မှုနှင့် စိတ်နေစိတ်ထားများကြောင့်လည်း ကောင်းမွန်သောအစိုးရ၊ ကောင်းမွန်သောနိုင်ငံတော်ပေါ်ထွန်းရေးအတွက် တွန်းအားများဖြစ်စေသည်။ ပါတီစုံဒီမိုကရေစီခေတ်ကာလတွင် ပြည်သူလူထု၏ ရွေးချယ်မှုဖြင့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရခြင်းဖြစ်၍ မှန်ကန်စွာရွေးချယ်နိုင်သည့်၊ ရွေးချယ်တတ်သည့် အရည်အချင်းများ ပြည်သူများတွင် ရှိကြရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံ့အရေးများအား ဖြေရှင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ နိုင်ငံရေးလုပ်တယ်ဆိုတာ အနာဂတ်ကိုကြည့်ပြီး လုပ်ရပါတယ်။ အနာဂတ်ကိုဦးတည်ပြီး ကြည့်တာကတော့ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ရမှာပါ။ ပြောချင်တာက ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ပါ။ အခုဖြစ်ပေါ်နေတဲ့ ကျွန်မတို့နိုင်ငံရဲ့ ပြဿနာတွေ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို တည့်တည့်ကြည့်ပါ"ဟု ပြောကြားခဲ့သည်။ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ကာ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အစွန်းမထွက်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြစ်၍ မှန်ကန်သော လုပ်ဆောင်မှုဖြစ်သည်။ လက်ရှိကာလ ယုံကြည်မှုပျက်ပြားနိုင်သော၊ လုပ်ဆောင်မှုလွဲမှားသောကိစ္စရပ်များမှာ အတိတ်ဆီသာ ပြန်သွားနေခြင်း၊ မဖြစ်သေးသော အနာဂတ်ကိုသာ အာရုံစိုက်နေခြင်းတို့ကြောင့် ရည်မှန်းချက်နှင့် အလှမ်းဝေးနေသည်ဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆွေးနွေးပြောကြားခဲ့သည့် ကျေးလက်ပြည်သူစကားဝိုင်းမှ မှာကြားချက်များသည် ယနေ့နိုင်ငံနှင့် ပြည်သူများအကြား ကောင်းကျိုးဖြစ်ထွန်းရေးနှင့် ဆက်လက်ခံယူလုပ်ဆောင်ရမည့် အချက်များဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်များနှင့်အညီ ပစ္စုပ္ပန်ကိုတည့်တည့်ကြည့်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး ကောင်းစားရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ဝိုင်းဝန်းလုပ်ဆောင်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခေမာမြကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Chugg နှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများ၊ လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများရေးဆွဲဖော်ထုတ်မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများဖြစ်သော ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားသော အသက် နှစ်နှစ်အောက်ကလေးများအတွက် ငွေကြေးထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး အဆိုပါအစီအစဉ်အား ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်နေမှုများ၊ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အဆိုပါလုပ်ငန်းများအား နိုင်ငံတကာအသိုင်းအဝိုင်းမှ သိရှိနိုင်ရေး၊ နိုင်ငံတကာမှ သတင်းမီဒီယာများ ရခိုင်ပြည်နယ်တွင် လွတ်လပ်စွာ သတင်းရယူနိုင်ရေးကိစ္စများနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNHCR၊ UNDP တို့အကြား ရေးထိုးထားသော နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



* ကျောဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီ လည်း တက်ရောက်သည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၀**

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀ မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀/၁၀၃၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၀၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၂.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃.၃၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၃.၅၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၀၀.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၂၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၂.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၅.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror — ၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၃၃၅





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စဥ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

☆ **ရှေ့ဖုံးမှ**

အဆိုပါသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံအိမ်တွင်းမှုသင်တန်း ခုနစ်ကြိမ်နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ခြောက်ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ၃၉၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းကျောင်းခန်းမ၌ စဥ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညောင်ပင်ကျေးရွာအတွက် ဆိုလာမီးနှင့် ဆိုလာပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။**

### ပြည်သူတွေရဲ့ဘဝအမှန်ကို မြင်တွေ့နိုင်

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီရွာကိုလာပြီး ရွာသူရွာသားတွေနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လူအများစု (၇၀ ရာခိုင်နှုန်း)က ကျေးလက်တောရွာတွေမှာ နေတဲ့အတွက် ကျွန်မတို့က ရွာတွေကိုဆင်းမှပဲ ပြည်သူတွေရဲ့ တကယ့်ဘဝအမှန်ကို မြင်နိုင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မဒီကိုလာတာ ပထမဦးဆုံး ဆရာတော်ဘုရားကြီးကို ကျောင်းလှူပြီး အခုစာကြည့်တိုက်ဖွင့်ဖို့ လာတာပါ။

"တစ်နိုင်ငံလုံးမှာ စာကြည့်တိုက်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ချင်တယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ချင်တယ်ဆိုတာ ကျွန်မတို့ပြည်သူတွေ ဗဟုသုတတိုးပွားစေချင်လို့၊ မျက်စိတွေ၊ နားတွေ ပွင့်စေချင်လို့ဖြစ်ပါတယ်။ ဒီလိုစာကြည့်တိုက်တွေ ဖွင့်နိုင်ရင် ကလေးတွေဟာ ငယ်ငယ်ကတည်းက စာဖတ်ချင်စိတ်၊ စာအုပ်ကို ချစ်တတ်တဲ့ အစွဲလေးတွေ ပါသွားအောင်လို့ ဖြစ်ပါတယ်။

### မှန်ကန်တဲ့စိတ်ဓာတ်နဲ့ပညာ

"ကလေးတွေ စာဖတ်ချင်ဖို့၊ စာအုပ်ကိုချစ်ဖို့ဆိုရင် လူကြီးတွေက အားပေးမှုဖြစ်မှာပါ။ ကျွန်မတို့ မျိုးဆက်တွေ တစ်ဆင့်ကနေတစ်ဆင့် လက်ဆင့်ကမ်းချန်ထားခဲ့တဲ့ အမွေတွေက ကောင်းမွေတွေရှိသလို ဆိုးမွေတွေလည်း ရှိပါတယ်။ ဒါကလည်း ပုထုဇဉ်လူသားတွေဆိုတော့ ရှောင်လွှဲလို့ မရနိုင်ပါဘူး။

"ဒါကြောင့် ကျွန်မ ခဏခဏ ပြောပါတယ်။ အမွေထားပစ်ခဲ့တဲ့ နေရာမှာ အရေးအကြီးဆုံးက မှန်ကန်တဲ့စိတ်ဓာတ်နဲ့ပညာပဲ။ ဒါကိုထားခဲ့နိုင်ရင် ကျန်တာတွေကို သိပ်ပြီးစိတ်ပူဖို့ မလိုပါဘူး။ ပိုက်ဆံတို့၊ အိမ်တို့ ထားခဲ့ရင် ပျောက်ပျက်သွားနိုင်ပါတယ်။ ငယ်ငယ်က သင်ခဲ့ရတဲ့ ဥစ္စာ ဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုးဆိုတဲ့အတိုင်း ဘယ်သူကမှ မခိုးနိုင်တာ မြတ်ရွှေအိုးပါ။

### ပညာရှာတတ်တဲ့အလေ့အကျင့်

"ဒါကြောင့် ကျွန်မက ပညာကို အင်မတန် အားပေးပါတယ်။ ပညာဆိုတာကလည်း ဘွဲ့ရတာမှ ပညာမဟုတ်ဘူးဆိုတာကို အထူးသဖြင့် ကျေးရွာတွေက ပြည်သူလူထုကို အသိပေးချင်ပါတယ်။ တချို့က ရိုးသားတဲ့စိတ်နဲ့ တခြားသူတွေကို အားကျပြီး တက္ကသိုလ်ကဘွဲ့ရမှ ပညာတတ်ဖြစ်တယ်ဆိုပြီးတော့ သားသမီးတွေကို တက္ကသိုလ်သွားစေချင်ကြတယ်။ ဒါက မိဘတွေရဲ့ စေတနာပေါ့။ တကယ်တော့ ပညာဆိုတာတက္ကသိုလ်သွားမှ ရတဲ့အရာမျိုး မဟုတ်ပါဘူး။

"ပညာဆိုတာ နေရာမရွေး ရှာတတ်လို့ရှိရင် ရှာနိုင်ပါတယ်။ ကျွန်မတို့ စာကြည့်တိုက်တွေ ဖွင့်တယ်ဆိုတာက ပညာရှာတတ်တဲ့ အလေ့အကျင့်တွေ၊ ပညာရှာချင်တဲ့ စိတ်ဓာတ်တွေပွားများဖို့ပဲ ဖြစ်ပါတယ်။ တချို့ အသက်မွေးဝမ်းကျောင်းပညာသင်တန်းတွေ ဖွင့်တယ်ဆိုတာကလည်း ပညာဆိုတာ ကိုယ့်ဘဝမှာ ရပ်တည်နိုင်စေဖို့ အထောက်အပံ့ပေးတဲ့အရာ ဖြစ်ရမယ်။ ကျွန်မတို့နိုင်ငံရဲ့ ဆိုရိုးစကားက အလုပ်လက်မဲ့ ဘွဲ့ရတွေဆိုတာ အဲဒါမျိုးတွေကို မမွေးထုတ်ချင်ဘူး။ ဘွဲ့ရရင်သူ့ဘွဲ့နဲ့ ကိုက်ညီတဲ့ အလုပ်ရရမယ်။ ဒါပေမယ့် တက္ကသိုလ်ပညာ တတ်ထားသူ မဟုတ်ဘဲ အခြားပညာတတ်ထားသူတွေလည်း ကျွန်မတို့နိုင်ငံမှာ အများကြီးလိုအပ်ပါတယ်။

### အလုပ်အကိုင်ရနိုင်တဲ့အခွင့်အရေးတွေရှိ

"အခု အသက်မွေးဝမ်းကျောင်းပညာကို အားပေးတဲ့စနစ်ကို ကျွန်မတို့အစိုးရက ဆောင်ရွက်နေပါတယ်။ အသက်မွေးဝမ်းကျောင်းပညာဆိုတာက တကယ်ကို လက်တွေ့လည်းကျပါတယ်။ သေသေချာချာ စီစဉ်မယ်ဆိုရင် သင်ကြားပြီးတာနဲ့ အလုပ်အကိုင်ရနိုင်တဲ့ အခွင့်အရေးတွေရှိပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့ ဘွဲ့ရမဟုတ်ဘဲ ကိုယ့်သင်တန်းပြီးတာနဲ့ ကိုယ့်တစ်ပိုင်တစ်နိုင် လုပ်ကိုင်ပြီး ဘဝမှာရပ်တည်နိုင်တဲ့ အခြေအနေမျိုး ဖြစ်သွားတယ်ဆိုရင် အကျိုးဆက်ကောင်းတွေက အများကြီးရှိပါတယ်။

"ပထမဆုံး လူငယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်။ ငါဒီသင်တန်းပြီးသွားရင် ဘာလုပ်ရမလဲဆိုတဲ့ စိုးရိမ်စိတ်မရှိတော့ဘဲ ဒီသင်တန်းပြီးရင် ဘာဆက်လုပ်နိုင်တယ်ဆိုတဲ့ ရွေးချယ်နိုင်မယ့် အခွင့်အရေးကို ပေးတာပဲဖြစ်ပါတယ်။ ဒါကြောင့် နောင်ဆိုရင် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းတွေအတွက် အခြေခံလိုအပ်ချက်ကို အနည်းငယ် နှိမ့်ပေးမယ်လို့ စဉ်းစားထားပါတယ်။ ဒီအသက်မွေးဝမ်းကျောင်းပညာနဲ့ပတ်သက်လို့ရှိရင် ကောင်းကောင်းရေးတတ်၊ ဖတ်တတ် နားလည်သွားရင် လုံလောက်ပါတယ်။ ရှစ်တန်းအောင်လို့ရှိရင် တက်ရောက်နိုင်တဲ့ ကျောင်းမျိုးကိုလည်း ကျွန်မတို့ စဉ်းစားပါတယ်။ ဒါမှကျွန်မတို့ လူငယ်တွေအတွက်ဘဝမှာ အခွင့်အရေးရကြမှာပါ။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညောင်ပင်ကျေးရွာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အမျိုးသမီးငယ်များအား စက်ချုပ်သင်တန်းဖွင့်လှစ်ပို့ချပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟာဘဒ္ဒမုနိဘုရားလိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

❖ စာမျက်နှာ ၃ မှ

"နောက်တစ်ခု စဉ်းစားရမှာက အရင်တုန်းက ပညာသင်ဖို့ အခွင့်အရေးမရခဲ့တဲ့ လူငယ် လူလတ်ပိုင်းနဲ့ နီးနေတဲ့ လူငယ်တွေအတွက်လည်း ကျွန်မတို့ စဉ်းစားရမှာပါ။ မနေ့တုန်းက ကျွန်မတို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကွန်ပျူတာ သင်တန်းကိုသွားတဲ့အခါမှာ အဲဒီထဲက ကျောင်းသားတချို့က သေချာကို ပြောပါတယ်။ ငယ်ငယ်လေးတွေတော့ မဟုတ်တော့ဘူး။ ကျောင်းပညာသင်ခွင့်မရခဲ့တဲ့ ပြည်သူပြည်သားတွေအတွက်လည်း စဉ်းစားပါဦးတဲ့။ ဒါလည်းမှန်ပါတယ်။

"ကျွန်မတို့ နိုင်ငံမှာ ပညာရေးစနစ်က အားနည်းခဲ့တဲ့ နှစ်တွေကများတော့ ကျောင်းပညာ ကောင်းကောင်းမသင်ခဲ့ရတဲ့ ပြည်သူပြည်သားတွေ အများကြီးပဲရှိပါတယ်။ အဲဒီပြည်သူ ပြည်သားတွေ အတွက်လည်း ကျွန်မတို့ ပြန်ပြီးတော့ ဘယ်လိုပံ့ပိုးပေးနိုင်လဲ၊ မိမိတို့ ဘဝရပ်တည်ရေးအတွက် ဘယ်လိုလုပ်ပေးနိုင်လဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။

**အခွင့်အလမ်းတွေရှာဖွေ**

"ကျွန်မတို့ ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ပြည်သူတွေရဲ့ အတွေးအမြင်တွေကိုလည်း ကျွန်မတို့ သိချင်ပါတယ်။ ကျွန်မ စောစောက ဝင်ကြည့်ခဲ့တဲ့ အချုပ်အလုပ်သင်တန်းက အမျိုးသမီးလေးတွေကို မေးကြည့်တဲ့အခါ သူတို့အားလုံးရဲ့ ရည်ရွယ်ချက်က ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ချင်ကြတယ်။ ဒီကတတ်တဲ့ ပညာနဲ့ မြို့ကိုသွားပြီးတော့ အလုပ်လုပ်ချင်တဲ့သူက လူနည်းစုလောက်ဖြစ်တယ်လို့ ထင်တယ်။ မေးတဲ့သူတွေကတော့ အားလုံးက ရွာပြန်ချင်တယ်။

"ရွာပြန်ပြီးတော့ ရွာကို အခြေခံပြီးတော့ စီးပွားရှာနိုင်တဲ့ အခွင့်အလမ်းတွေလည်း အစိုးရက ဖန်တီးပေးရမယ်။ ဒါပေမယ့် အားလုံးကလည်း ရွာမှာအခြေချမယ့် အမျိုးသမီးလေးတွေ ကိုယ်တိုင်ကလည်း ဝါယမစိုက်ထုတ်ရမယ်၊ ကြိုးစားရမယ်၊ အခွင့်အလမ်းတွေကို ရှာဖွေတတ်ရမယ်။ ဒီလိုပဲ ထိုင်နေရုံနဲ့ အလုပ်က ကောင်းကင်ကနေ ကျရောက်လာမှာမဟုတ်ပါဘူး။ ကျွန်မတို့ အစိုးရဘက်ကလည်း ကူညီမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ကူညီစေချင်တယ်။ ကိုယ့်ကိုယ်ကိုယ် ကူညီနိုင်တဲ့အင်အားတွေကို ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို ကျွန်မတို့ ပေးချင်ပါတယ်။

"အဲဒါကြောင့် အခုလို ရွာသူရွာသားတွေနဲ့ တွေ့တဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ကူညီနိုင်တဲ့ အင်အားတွေနဲ့ အစိုးရအနေနဲ့ ဖြည့်ဆည်းပေးဖို့အတွက် ဘာတွေများ လုပ်ပေးစေချင်သလဲ။ ဘယ်အရာတွေက အရေးကြီးသလဲဆိုတာကို ကျွန်မတို့ကို အခွင့်အခါရှိတုန်း ပြောပြစေချင်ပါတယ်။ အစိုးရအနေနဲ့ အဓိက အလေးထားတာက ကျန်းမာရေး၊ ပညာရေးပါ။

"ကျွန်မတို့ ပြည်သူတွေဟာ ကျန်းမာမှ ရုပ်ပိုင်းဆိုင်ရာ အင်အားနဲ့ ပြည့်စုံမယ်။ ပညာတတ်မှ စိတ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာ အင်အားနဲ့ ပြည့်စုံမယ်။ ကျန်းမာရေးနဲ့ ပညာရေးကလည်း ဆက်နေပါတယ်။ ကျန်းမာရေးဆိုင်ရာ သုတေသနတွေအရ အသက် နှစ်နှစ်အောက်မှာ ကျန်းမာရေးချို့တဲ့တဲ့ ကလေးများဟာ ဦးနှောက်မဖွံ့ဖြိုးဘူးလို့ သုတေသနတွေက ပြထားပါတယ်။ အဲဒီတော့ ရုပ်ပိုင်းနဲ့စိတ်ပိုင်း ခွဲလို့မရဘူး။ အသက် နှစ်နှစ်အောက် ကလေးတွေဟာ အာဟာရပြည့်ဝလို့ရှိရင် သူတို့ရဲ့ ဦးနှောက်က သန်မာဖွံ့ဖြိုးတယ်။ အာဟာရသိပ်ချို့တဲ့ရင် သာမန်လို မဖွံ့ဖြိုးတဲ့အခါကျတော့ တစ်သက်တာအတွက် နစ်နာသွားတဲ့အနေအထားမှာ ရှိပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမ္မတရုံးဝန်ကြီးဌာနကလှူဒါန်းသည့် နဝကမ္မအလှူငွေများ ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။

"ဒီရွာက ကလေးတွေကို လမ်းမှာတွေ့လိုက်တဲ့အခါ ခန့်မှန်းရခက်တယ်။ ကျွန်မအရင်ကိုယ်စားပြုတဲ့ ကော့မှူးမြို့နယ်မှာဆိုရင် ကလေးတွေဟာ လှီတယ်လို့ ဆိုရမယ်။ ထွားကျိုင်းမှုဟာ ရှိသင့်သလောက် မရှိဘူး။ ကျန်းမာရေးရှုထောင့်က ညှက်တယ်ဆိုတဲ့ ကလေးတွေက အဓိပ္ပာယ်က ထွားသင့်သလောက် မထွားဘူး။ ဥပမာဆိုရင် ကလေးတစ်ယောက်ကို သားတို့သမီးတို့ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်ရင် ကျွန်မစိတ်ထဲမှာ မှန်းလိုက်တာ လေး၊ ငါးနှစ်လောက်ရှိမယ်လို့ မှန်းလိုက်တာ၊ ရှစ်နှစ်၊ ကိုးနှစ်လောက် ရှိနေပြီ။ အင်မတန်မှ ညှက်တယ်။ ရှစ်နှစ်၊ ကိုးနှစ်လောက်ရှိမယ်လို့ မှန်းတဲ့ကလေးတွေက တစ်ခါတလေ ၁၂ နှစ်၊ ၁၃ နှစ် ဝန်းကျင်။ တစ်ခါတုန်းကဆိုရင် ၁၅ နှစ်အထက်တွေကို တွေ့ရတဲ့အတွက် ကျွန်မစိတ်ပူမိပါတယ်။ ကျွန်မတို့ကလေးတွေ ဒီလောက်ညှက်သလားပေါ့။

"အဲဒါက အာဟာရ မပြည့်ဝလို့၊ ဒါကျတော့ တစ်နှစ်လောက်နဲ့ အာဟာရဖြည့်ပေးဖို့ မလောက်ဘူး။ ကျွန်မရဲ့အမြင်မှာ ကျွန်မတို့ရဲ့ ကလေးတွေရဲ့ ဦးနှောက်တွေက ဖွံ့ဖြိုးပါတယ်။ နှစ်နှစ်ထိတော့ အာဟာရပြည့်ဝပုံ ရပါတယ်။ မိခင်နို့ကို တိုက်ကျွေးတယ်ဆိုတော့ မိခင်နို့ဟာ ကလေးများလိုအပ်တဲ့ အာဟာရအားလုံးနဲ့ ပြည့်ဝပါတယ်။ ကလေးတွေကလည်း သိပ်ပြီးဆော့ကစားတဲ့အရွယ်မဟုတ်တော့ ဒီလောက်လည်းမလိုဘူးပေါ့နော်။ အစားအစာအားဖြင့် မိဘတွေက ကျွေးနိုင်မွေးနိုင်တဲ့ အချိန်ဖြစ်တဲ့အတွက် အဆင်ပြေပါတယ်။ ဒါထက်ပိုကြီးလာရင် မိခင်နို့လည်း ပြတ်သွားပြီ၊ ကလေးတွေကလည်း လှုပ်ရှားမှုပိုပြီးများလာပြီ။

"အဲဒီနောက်ကနေ အာဟာရ မလိုက်နိုင်တာ၊ ပြတ်သွားတာကို ကျွန်မတို့ သတိထားမိပါတယ်။ ဒါကြောင့် ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုတာ ဦးနှောက်နဲ့ ခွဲထားလို့မရပါဘူး။ ကျွန်မတို့နိုင်ငံအနေနဲ့ ကျွန်မတို့ပြည်သူတွေကို ရုပ်ပိုင်းအရရော၊ စိတ်ဓာတ်အရရော၊ ဉာဏ်ပညာအရရော တိုးပွားစေချင်ပါတယ်။ ကြီးထွားစေချင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့အစိုးရအနေနဲ့ ဘယ်လိုပံ့ပိုးကူညီသင့်သလဲဆိုတာ ကျွန်မတို့ပြည်သူတွေထဲက၊ ရွာသူရွာသားတွေထဲကနေပြီး အကြံပြုချင်တာတွေ၊ သိချင်တာတွေ ရှိလို့ရှိရင် အခုတွေ့ဆုံတုန်း မေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောကြားသည်။

စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (စစ်ကိုင်း) အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

✪ စာမျက်နှာ ၄ မှ

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသ၏ လျှပ်စစ်မီးလိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပံ့ပိုးဖြည့်ဆည်းပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညောင်ပင်ကျေးရွာ မူလတန်းလွန်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ၊ အားကစားပစ္စည်းများနှင့် မုန့်များ၊ ကျေးရွာအတွက် ဆိုလာမီးနှင့် ဆိုလာပြားများကို ကျောင်းအုပ်ဆရာကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသ သစ္စာနန္ဒ ဓမ္မစင်တာ၌တည်ထားသည့် မဟာဘဒ္ဒမုနိဘုရားသို့ရောက်ရှိ ဖူးမြော်ကြည်ညိုပြီး ဘုရားလိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သစ္စာနန္ဒဓမ္မစင်တာရှိ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသကို ဖူးမြော်ကြည်ညို၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝါဆိုသင်္ကန်းဒွိစုံကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သမ္မတရုံးဝန်ကြီးဌာနမှ လှူဒါန်းသည့် နဝကမ္မအလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

**တာဝန်ရှိသူများနှင့် တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့နှင့်အတူ အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(စစ်ကိုင်း)သို့ ရောက်ရှိကြသည်။

သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**အားကိုးရသည့် ရဲတပ်ဖွဲ့ဖြစ်အောင် ကြိုးစား**

ထိုသို့တွေ့ဆုံစဉ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရဲကျင့်ဝတ်နှင့် ဥပဒေပညာရပ်များ လေ့ကျင့်သင်ကြားပို့ချပေးနေမှုကို သင်တန်းသားများနှင့်အတူ တက်ရောက်နားထောင်စဉ်။

တင်ပြချက်အပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခင်က လူထုမှ ရဲတပ်ဖွဲ့ဝင်များကို ပုလိပ်ဟုခေါ်ဆိုကြပြီး ရဲတပ်ဖွဲ့အပေါ် အားကိုးယုံကြည်မှု မရှိပါကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ကို နာမည်ပြောင်းလဲခဲ့ပါကြောင်း၊ ထိုသို့ နာမည်ပြောင်းလဲပြီးနောက် ပြည်သူများ ယုံကြည်အားကိုးရသည့် ရဲတပ်ဖွဲ့ ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ကြိုးစားဆောင်ရွက်ရာတွင် အောင်မြင်ခြင်းတရားလေးပါးဖြစ်သည့် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာတို့အနက် စိတ်ဓာတ်ကို အဓိကထားပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲဆောင်ရွက်ရန်မှာ နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုတို့အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ပြောင်းလဲဆောင်ရွက်ရန် အချိန်အခါကောင်းကို ရောက်နေပါကြောင်း၊ ယခုကဲ့သို့ အချိန်အခါကောင်းတွင် ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထု ယုံကြည်အားကိုးရသည့် ရဲတပ်ဖွဲ့ဖြစ်လာအောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် စာသင်ဆောင်၌ ရဲကျင့်ဝတ်နှင့် ဥပဒေပညာရပ်များ လေ့ကျင့်သင်ကြားပို့ချပေးနေမှုကို သင်တန်းသားများနှင့်အတူ တက်ရောက်နားထောင်သည်။

ယင်းနောက် ကျောင်းဝင်းအတွင်းရှိ နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေဖြင့် ဆောက်လုပ်နေသည့် သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ နည်းပြမိသားစုများ နေထိုင်ရာ နေအိမ်လိုင်းခန်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# (၅၃)နှစ်မြောက် စင်ကာပူနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညည်ခံပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

(၅၃)နှစ်မြောက် စင်ကာပူနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မှန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် စင်ကာပူနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Chan Yuen Ying Vanessa Elisabeth နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် နယူးဇီလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အစိုးရဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ဖွဲ့စည်းနိုင်ရန် ဆွေးနွေးနေမှုများ၊ အများပိုင်နှင့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ ရေးသားရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားကြသည်။

အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **မြစိမ်းရောင်စီမံကိန်းအား ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း မြို့နယ်များအလိုက် စီမံကိန်းကျေးရွာများ ခွဲဝေလျာထားပေးပါကြောင်း၊ မြို့နယ်အဆင့်တွင် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာရွေးချယ်ရေးမူများနှင့်အညီ စီမံကိန်းကျေးရွာများကို ပဏာမရွေးချယ်ပါကြောင်း။

ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၂၃ ရွာတွင် ဆောင်ရွက်လျက်ရှိသည့်အပြင် လူထုဗဟိုပြုစီမံကိန်းကိုလည်း ကျေးရွာအားလုံးတွင် စီမံကိန်းစက်ဝန်း လေးနှစ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ခွင့်မရှိသေးသည့် အခြားမြို့နယ်များရှိ ကျေးရွာများကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပန်းတောင်းမြို့နယ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသ၌ ကျေးရွာကိုးရွာ လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်း ကျင်းကျေးရွာဒေသရှိ ကျေးရွာကိုးရွာတွင် အိမ်ခြေ ၁၀၀၀ ခန့်ရှိပြီး အနီးဝန်းကျင်တွင် ဖြတ်သန်းသွားသော ဓာတ်အားလိုင်းမှာ ၆၆ ကေဗွီ ပေါက်-ကျောက်ထု ဓာတ်အားလိုင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းသည် ကျေးရွာများသို့ တိုက်ရိုက်ဓာတ်အားဖြန့်ဖြူးရရှိနိုင်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း အမျိုးအစားမဟုတ်ပါကြောင်း၊ ထပ်ဆင့်ခွဲရုံများအဆင့်ဆင့် တည်ဆောက်ပြီးမှသာ ဓာတ်အားဆက်သွယ်ရရှိနိုင်ပါကြောင်း။

ကျေးရွာကိုးရွာအား ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကိစ္စကို နည်းပညာနှင့် အဆိုပါဒေသ၏ မြေမျက်နှာပြင်အနေအထား အခက်အခဲများကြောင့် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ Off Gird System (Solar) ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးရန် သင့်လျော်သည့်အတွက် ထိုနည်းလမ်းဖြင့် ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်း

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **Base Load ဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်လိုအပ်လျက်ရှိသော မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြည်သူများ၏ ပြုမူနေထိုင်မှု အချိန်များအလိုက် တစ်နေ့တာ၏ နာရီစဉ်များတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အနည်းအများ လိုအပ်သည့် ပုံစံအတိုင်း လျှပ်စစ်ဓာတ်အားကို ပမာဏကိုက်ညီအောင် ထိန်းညှိထုတ်လုပ်ပေးရပါကြောင်း၊ တစ်နေ့တာ ဖြစ်ပေါ်နေသည့် လျှပ်စစ်ထုတ်ပေးရသည့်ပုံကို Daily Load Curve ဟု ခေါ်ပါကြောင်း၊ ထို Daily Load Curveမှာ ၂၄ နာရီဆက်တိုက် ပုံသေပမာဏမျှသော လျှပ်စစ်ထုတ်ပေးရန် လိုအပ်မှုကို Base Load ဟု ခေါ်ဆိုပါကြောင်း။

Base Load ၏ သဘောသဘာဝအရ နေ့စဉ် ရက်ဆက် ၂၄ နာရီ ဆက်တိုက်လပေါင်းများစွာ လျှပ်စစ်ကို ပုံသေထုတ်ပေးရသော အခြေအနေဖြစ်၍ ကာလကြာရှည် မရပ်မနားတမ်း ပုံသေပမာဏကို ထုတ်လုပ်ပေးရသည့် သဘာဝနှင့်ကိုက်ညီသော လျှပ်စစ်ထုတ်လုပ်နည်းများကို အသုံးပြုရပါကြောင်း၊ ရေအားလျှပ်စစ်အားလုံးကို Base Load အဖြစ် မောင်းနှင်ကာ လျှပ်စစ်ထုတ်လုပ်ရန် သင့်တော်မှုမရှိပါကြောင်း၊ သူ့အမျိုးအစားနှင့်သူ လိုက်လျောညီထွေစွာ လျှပ်စစ်ထုတ်လုပ်မှသာ တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၂၇ ရုံရှိပြီး စက်တပ်ဆင်အင်အားမှာ ၂၈၀၀ မဂ္ဂါဝပ်ဖြစ်ပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ ၂၇ ရုံအနက် Intermediate Load Generation အဖြစ် သုံးသင့်သည့် Reservoir type ရေအား ၂၁ရုံ၊ စက်တပ်ဆင်အင်အား ၂၁၇၀ မဂ္ဂါဝပ်ရှိပြီး Base Load Generation အဖြစ်သုံးသင့်သည့် Run-off-river type ရေအား ခြောက်ရုံ၊ စက်တပ်ဆင်အင်အား ၆၃၀ မဂ္ဂါဝပ်ရှိပါကြောင်း။

နောင်တွင် ထပ်မံတည်ဆောက်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ကျောက်တံတား မဲဆန္ဒနယ်မှ
ဦးနေမျိုးထက်

နိုင်ငံ့ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်စေ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းတိုင်းထွာတွက်ချက်၍ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာများ ပြုစုလျက်ရှိပါကြောင်း၊ စီမံကိန်းဒေသ၏ မြေပြင်အနေအထား၊ ဘူမိဗေဒအခြေအနေ၊ မိုးရေချိန်၊ ရေစီးဝင်နှုန်း၊ ရေသိုလှောင်နိုင်မှု အလားအလာ၊ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ပမာဏ၊ ရေလွှမ်းဧရိယာ ကျရောက်သွားနိုင်မည့် သစ်တော၊ ကျေးရွာ၊ စိုက်ပျိုးမြေ၊ သယံဇာတလုပ်ကွက် အစရှိသည်တို့ကို စူးစမ်းလေ့လာ တွက်ချက်မှုများကို အနည်းဆုံးသုံးနှစ်ခန့် အချိန်ယူဆောင်ရွက်ရပါကြောင်း၊ တည်ဆောက်ရေးကာလမှာ လေးနှစ် မှ ၁၀ နှစ်အထိ အချိန်ယူဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးအရတွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ရှုထောင့်မှ စစ်ဆေးမှုတို့ကိုလည်း အသေးစိတ်စိစစ်ပြီးမှသာ ကျန်ရှိနေသော ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းကို စီမံဆောင်ရွက်ရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ဆုံးဖြတ်ရန် တင်ပြမည်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဥပဒေကြမ်းကော်မတီဝင်က အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတင်သွင်းသည့် **သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများ အပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတွင် သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းများ တိုးတက်အောင်မြင်၊ ရှင်သန်ကြီးထွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသင်းများတည်ရှိနေသော်လည်း နိုင်ငံသူ နိုင်ငံသားများအနေဖြင့် သမဝါယမအသင်းများ ရပ်တည်နေမှုကိုပင် မသိရှိကြခြင်း၊ စိတ်ဝင်စားမှုမရှိကြခြင်းတို့ကို မြင်တွေ့နေကြရပါကြောင်း။

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် သမဝါယမအသင်းများအနက် လုပ်ငန်းလည်ပတ်နေပြီး အောင်မြင်မှုရရှိနေသော အသင်းမည်မျှရှိသည် (သို့မဟုတ်) အောင်မြင်မှုမရှိဘဲ ရပ်တန့်နေသောအသင်း မည်မျှရှိသည်ကိုလည်းကောင်း၊ အသင်းများ၏ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရန်၊ နိုင်ငံသူနိုင်ငံသားများအားလုံး ပွင့်လင်းမြင်သာသိရှိစေရန် ဖော်ထုတ်ရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေတွင် ပါရှိသည့်အတိုင်း သမဝါယမပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် ထိရောက်စွာ အသုံးပြုမှုရှိ၊ မရှိကို သမဝါယမအသင်းအားလုံးကိုစိစစ်၍ သီးသန့်အစီရင်ခံစာရေးသားပြုစုပြီး သက်ဆိုင်ရာသို့တင်ပြကာ နိုင်ငံသူ နိုင်ငံသားများသိစေရန်အတွက် ဆောင်ရွက်ပေးပါရန် အကြံပြုဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုရှင်က အဆိုကို သုံးပိုင်းခွဲ၍ တင်ပြသွားသည်ကို တွေ့ရပါကြောင်း၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တို့သည် အလွန်ကောင်းမွန်ပါကြောင်း၊ သို့သော်လည်း အမှန်တကယ်မြေပြင်ပေါ်တွင် အကောင်အထည်ဖော်နိုင်ပါသလား၊ ပကတိမြေပြင်တွင် အသုံးဝင်သလား၊ အောင်မြင်သလား စသည်တို့ကို ပြန်လည်ဆန်းစစ်ရန်လိုပါကြောင်း၊ မျှော်မှန်းချက်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့ကို အထောက်အကူဖြစ်စေရန်ဟု ရေးဆွဲထားသည်ကို တွေ့ရပါကြောင်း၊ သမဝါယမသည် ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်ခေတ်က သန္ဓေတည်ခဲ့ပါကြောင်း၊ လက်ရှိ ဒီမိုကရေစီခေတ်နှင့် ဈေးကွက်စီးပွားရေးစနစ်တွင် လိုက်လျောညီထွေမှု ရှိ၊ မရှိ၊ ကိုက်ညီမှုရှိ၊ မရှိတို့ကို ပြန်လည်ဆန်းစစ်သုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်သင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး (ခ)ဦးအတွတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းနှင့် အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သမဝါယမဝန်ကြီးဌာနအနေဖြင့် လွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ် ဧပြီ ၅ ရက်ကတည်းက ဝန်ကြီးဌာနတစ်ခုအဖြစ် သန္ဓေတည်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖွဲ့စည်းပြီး ယင်းဝန်ကြီးဌာနအောက်တွင် သမဝါယမဦးစီးဌာနအနေဖြင့် ပါဝင်တည်ရှိခဲ့သည့်အတွက် ယနေ့အထိ သမဝါယမကဏ္ဍ၏ ရပ်တည်မှုသည် ၆၇ နှစ်အထိ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းဥပဒေပါ အခြေခံမူ ၁၀ ရပ်နှင့်အညီ သမဝါယမအသင်းများကို ဖွဲ့စည်းပေးခြင်း၊ ပညာပေးခြင်းနှင့် စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်တို့တွင် သမဝါယမကဏ္ဍနှင့် ပတ်သက်၍ ရည်မှန်းချက် သုံးရပ်၊ မူဝါဒ ငါးရပ်နှင့် လုပ်ငန်းစဉ် ကိုးရပ်တို့ ပါဝင်ပါကြောင်း။

သမဝါယမအသင်းတစ်သင်းကို ဖွဲ့စည်းရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းကို အခြေခံထားခြင်းမဟုတ်ဘဲ ဒေသတစ်ခုရှိ ဆန္ဒတူသူများ အတူတကွ ဆောင်ရွက်ရန်အတွက် အသင်းသားအများစု၏ ဆန္ဒကို အခြေခံပြီး တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမဦးစီးဌာနမှ အသင်းဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကိုဆောင်ရွက်ပေးပါကြောင်း၊ သမဝါယမအသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် အသင်းသားများ၏ ဆန္ဒနှင့်အညီ ဖွဲ့စည်းထားသောကြောင့် အသင်းသားတစ်ဦးချင်း၏ ပါဝင်ဆောင်ရွက်နိုင်မှု Member-Participate လုပ်နိုင်မှုသည် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ အသင်းသည် အမှုဆောင်အဖွဲ့၏ တာဝန်တစ်ခုတည်း လည်ပတ်ခြင်းမဟုတ်ဘဲ အသင်းတစ်ခုလုံးအနေဖြင့် အစုအဖွဲ့အလိုက်ဖွံ့ဖြိုးမှု(Community Development) ရရှိလာမည်ဖြစ်ပါကြောင်း၊ သမဝါယမအသင်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်လာပါကြောင်း၊ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူဖြစ်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါကြောင်း။

သမဝါယမစနစ် အမှန်တကယ် အားကောင်းခိုင်မာစွာ ရှင်သန်ရပ်တည်နိုင်ရန်အတွက် လုပ်ဆောင်ခဲ့မှုများနှင့် လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းရပ်များ၏ အားနည်းချက်များကို သင်ခန်းစာယူပြီး သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအတွက် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring & Evaluation)တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် တွေ့ကြုံခဲ့ရသည့် အခြေအနေများပေါ်တွင် မူတည်ပြီး လိုက်နာဆောင်ရွက်သင့်သည့် ညွှန်ကြားချက်၊ လမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်ကာလတွင် ချမှတ်ထားသည့် သမဝါယမ ကဏ္ဍနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များသည် လက်ရှိနိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေမှုရှိရန်အတွက် အကောင်အထည်ဖော်သည့် အပိုင်းတွင်လည်း ကြီးကြပ်စောင့်ကြည့်ကွပ်ကဲသည့် အနေအထားများရှိသည့်အတွက် အဆိုကို မှတ်တမ်းတင်ထားရှိပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုကို မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအား ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## သူနာပြုသစ်လွင် ခန့်ထားသည့်အခါတွင် ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးသို့ ဦးစားပေးခန့်ထားပေးသွားမည်ဖြစ်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **မြန်မာနိုင်ငံ၌ မျက်စိရောဂါများနှင့် စပ်လျဉ်း၍ အကြီးမားဆုံးဆေးရုံဖြစ်သည့် ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးတွင် အမှန်တကယ်ကုသနေရသည့် ဝန်နှင့်အားကို မျှတနိုင်စေရန် လိုအပ်နေသည့် သူနာပြုများနှင့်ဘဏ္ဍာငွေများအား နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာသူနာပြုသစ်လွင် ခန့်ထားသည့်အခါတွင် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးသို့ ဦးစားပေးခန့်ထားပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့်ဘဏ္ဍာငွေကို နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေအပေါ် မူတည်ပြီး ခွဲဝေပေးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၁၈၈ ဒသမ ၆၂၇ ကို ခွဲဝေချထားပေးခဲ့ပါကြောင်း၊ ထို့ပြင် ရန်ပုံငွေ ထပ်မံတောင်းခံသည့်အပေါ် ငွေကျပ်သန်း ၆၈ ဒသမ ၉၇ သန်းကို ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း ဖြေကြားသည်။

## ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့်ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်မည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **ဆေးရုံစည်းကမ်းများကို လူနာစောင့်နှင့်ဧည့်သည်များ သိရှိနားလည်ပြီး လိုလိုချင်ချင် လိုက်နာကြရန်အတွက် ပညာပေးကာလသတ်မှတ်ပြီး စည်းရုံးရှင်းပြရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြည်သူ့ဆေးရုံများတွင် လူနာစောင့်များနှင့်ဧည့်သည်များ များပြားသည့်အတွက် လူနာနှင့်လူနာစောင့်များ လိုက်နာရမည့် စည်းကမ်းများကို အများပြည်သူများ မြင်သာအောင်ဖော်ပြထားခြင်း၊ ဆရာဝန်နှင့် သူနာပြုများက လူနာများအား ပြုစုကုသမှုပေးနေစဉ် အခါအားလျော်စွာ ပညာပေးခြင်း၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်ခြင်းလုပ်ငန်းတစ်ခုအဖြစ် လက်ဆေးခြင်း၊ ပညာပေးခြင်းနှင့် လက်တွေ့ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးကျော်သောင်း

လူနာနှင့် လူနာစောင့်များသည် ရောဂါဝေဒနာကုသရန် လာရောက်သည့် စိတ်ပူပန်နေရသူများဖြစ်သည့်အတွက် သီးခြားတစ်ဦးစီ ပညာပေးရန်ခက်ခဲသဖြင့် ဆေးကုသရန်လာရောက်သည့်အခါ ပညာပေးစာရွက်များ ဖြန့်ဝေခြင်း၊ ဧည့်သည်များအား ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် ပညာပေးစာရွက်များဖြန့်ဝေခြင်း၊ ပညာပေးအစီအစဉ်ကို အပတ်စဉ်ဆောင်ရွက်ခြင်း၊ ဆေးရုံအထောက်အကူပြုအဖွဲ့ အစီအစဉ်ဖြင့် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် မီဒီယာများမှ အသိပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကိုယ်စားဆရာဝန်များ တစ်ဦးနှင့်တစ်ဦး လွှဲပြောင်းရာတွင် အနည်းဆုံး နှစ်ရက် ပူးတွဲလုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ရန် ညွှန်ကြားထား

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ ရှိသည့် အနက် မြို့နယ်ငယ်လေးများရှိ ၂၅ ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးရွာများရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် T.M.O များ၊ A.S လက်ထောက်ဆရာဝန်များအနေဖြင့် လက်ရှိတာဝန်ကျရာ ဆေးရုံမှ အခြားဒေသရှိဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည့်အခါ ၎င်းကိုယ်စား တာဝန်ထမ်းဆောင်ရမည့် T.M.O, SMO, A.S ဆရာဝန်များရောက်ရှိမှသာ အခြားဆေးရုံများသို့ ပြောင်းရွှေ့ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထားခြင်းရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆရာဝန်များ လက်ရှိတာဝန်ထမ်းဆောင်သည့်ဆေးရုံတွင် တာဝန်လစ်ဟင်းမှု မဖြစ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံ၊ ကျန်းမာရေးဌာနများမှ ဆရာဝန်များအား အလျဉ်းသင့်သလို အလှည့်ကျတာဝန်ချထားပါကြောင်း၊ ထိုသို့ တာဝန်ချထားရာတွင် လုပ်ငန်းလိုအပ်ချက်အရ ကိုယ်စားဆရာဝန်များ တစ်ဦးနှင့်တစ်ဦး လွှဲပြောင်းရာတွင် အနည်းဆုံးနှစ်ရက် ပူးတွဲလုပ်ငန်းတာဝန် ထမ်းဆောင်နိုင်ရန် Overlap သုံးရက်လုပ်ပြီး အချိန်ယူလွှဲပြောင်းရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်ချောင်းတိုက်နယ် အနောက်ရွာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်းနှင့်** ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇွဲတင်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆီမီးမြို့နှင့် မီးဇာကျေးရွာတို့ရှိ တိုက်နယ်ဆေးရုံတို့တွင် အရေးပေါ်လူနာတင်ယာဉ်တစ်စီးစီနှင့် ဒီဇယ်မီးစက်တစ်လုံးစီ ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၇)မှ ဒေါက်တာ မြသောင်းက ဆွေးနွေးသည်။

## ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူ

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေးနိုင်ရန် လွှတ်တော်သို့အဆိုတင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုရှင်က ကိုလိုနီခေတ် နှစ်(၁၅၀)ကျော်က အတည်ပြုကျင့်သုံးထားသော The Penal Code ရာဇသတ်ကြီးပုဒ်မ ၃၇၆ ပါ မုဒိမ်းမှုအတွက် ပြစ်ဒဏ်တို့မှာ ထိုခေတ်အချိန်အခါက လူနေမှုစရိုက်အပေါ် မူတည်ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း ယနေ့လူနေမှုစနစ် ယဉ်ကျေးမှု၊ လူဦးရေတိုးမြင့်လာမှု၊ ပတ်ဝန်းကျင်အခြေအနေ၊ အသိပညာ ဗဟုသုတနည်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ဘဝမလုံခြုံမှုစသည့် အခြေအနေများကြောင့် သက်ငယ်မုဒိမ်းမှုတိုးပွားလာသည့်အတွက် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ခြိမ်းခြောက်လာနေမှုများ ဖြစ်ပေါ်နေမှုကို ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် ပြစ်ဒဏ်တိုးမြှင့်ရန် ပြင်ဆင်သည့် ဥပဒေကို တင်သွင်းရခြင်းဖြစ်ကြောင်း အဆိုတင်သွင်းစဉ် ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံ၍ လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်အခြေအနေ၊ နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်ထားမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ပြီး အဆိုပါကော်မတီမှ လိုအပ်သည့် ကူညီပူးပေါင်း ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသောပုဒ်မ ၁၅ နှင့် ၁၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"15. The expression the person with disabilitiesshall be interpreted as defined under sub-section (a) of section 2 of the Rights of the Person with Disabilities Law (PyidaungsuHluttaw Law No. 30 of 2015).

16. Imprisonment for life means imprisonment passed on a convicted person to serve in the prison until death."

၃။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ကို အောက်ပါအတိုင်းအစားထိုးရမည် -

***Punishment for rape***

"376.(1) Whoever commits rape except the rapecasescontained in sub-section (2) and (3), shall be punished with imprisonment for a term of twenty years,or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine.

(2) Whoever commits rape against a woman who is his own wife and is not under twelve years of age, shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.

(3) Whoever commits rape against a woman who is a person with disabilities, or a girl who is under twelve years of age shall be punished with imprisonment for a term of twenty years, or imprisonment for life."

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**
မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန်မာမွတ်အာလီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကိစ္စအား ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဖက်တိုင်ပင်ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ UEHRD မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန်မာမွတ်အာလီ နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ UEHRD အား ဖွဲ့စည်းထားရှိပြီး လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် စီမံကိန်းများဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း စီစဉ်ဆောင်ရွက်ထားပြီး ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်နေမှုများ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နေသည့်ကိစ္စများ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့၏ အကူအညီဖြင့် ပြန်လည်နေရာချထားရေးအတွက် အိမ်ရာများတည်ဆောက်နေမှု၊ နိုင်ငံတော်အစိုးရ၊ UNHCR နှင့် UNDP တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများနှင့် ရခိုင်ပြည်နယ်တစ်ခုလုံး ရေရှည်ဖွံ့ဖြိုးရေးနှင့် ပဋိပက္ခကင်းဝေးရေးအတွက် UEHRD စီမံကိန်းကို Public Private Partnership ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအနက် အချက် ၈၀ ကျော် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြပြီး နေရပ်စွန့်ခွာသူများ ပြဿနာကို နှစ်နိုင်ငံမိတ်ဆွေကောင်းစိတ်ဓာတ်ဖြင့် ပူးတွဲဖြေရှင်းနိုင်ရေး အလေးထားဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံကူးလက်မှတ်ဌာန၊ ဘင်္ဂလားဒေ့ရှ် သဘာဝဘေးစီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ဒုက္ခသည်များ အကူအညီပေးရေးနှင့် ပြန်လည်လက်ခံရေး မဟာမင်းကြီးရုံးတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံဘက်မှ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ UEHRD ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ၏ သတင်းနှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဦးကျော်မြိုင်၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❋ မြန်မာနိုင်ငံမှ**

အစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များ သဘောတူညီခဲ့ပါသည်-

(က) မကြာသေးမီက ကော့(ဇ်)ဘဇားသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ရခိုင်ဒေသမှ နေရပ်စွန့်ခွာသွားကြသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်နိုင်ရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် မိမိဆန္ဒအလျောက် လုံခြုံစိတ်ချစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ နှစ်နိုင်ငံဝန်ကြီးများအကြား ပြန်လည်လက်ခံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တိုက်ရိုက်အဆက်အသွယ်မှုပြုနိုင်မည့် HOTLINE တစ်ခု ထူထောင်ထားပြီးဖြစ်ပါသည်။

(ခ) နှစ်နိုင်ငံအကြား သဘောတူထားသည့် စိစစ်ရေးပုံစံ (VERIFICATION FORMS) များကို ကော့(ဇ်)ဘဇားတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာသွားသူများထံ ဖြန့်ဝေရေးနှင့် ပုံစံများကို ၎င်းတို့ကိုယ်တိုင် ဖြည့်စွက်နိုင်ရန်သဘောတူညီခဲ့ပါသည်။ ထို့ပြင် မြန်မာအစိုးရအနေဖြင့် စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် နေရပ်စွန့်ခွာသွားသူများသည် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုခြင်းဖြစ်ကြောင်းအား သက်သေပြနိုင်မည့် ပြန်လည်ဝင်ရောက်လိုသူ၏လက်မှတ်၊ လက်ဗွေနှင့် ဓာတ်ပုံများအား ပုံစံများတွင် ထည့်သွင်းဖြည့်စွက်သွားစေရန်အတွက်လည်း နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

(ဂ) ပြန်လည်လက်ခံရေးအစီအစဉ်တွင် သဘောတူထားသည့်အတိုင်း မြန်မာအစိုးရအနေဖြင့် ယာယီလက်ခံရေးစခန်း(၂)ခုနှင့် ကြားစခန်း (၁)ခု ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆောင်ရွက်ရန် သဘောတူထားသည့် ယာယီစခန်း (၅)ခုအနက် စခန်း (၁) ခုအား ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ ယာယီစခန်း (၁)ခုမှာ ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ ယာယီစခန်း (၃)ခုမှာ ဆောက်လုပ်ရန် ကျန်ရှိနေသေးကြောင်းကို အတည်ပြုပြောကြားခဲ့ပါသည်။

(ဃ) အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်အတွက် သတင်းများအပြန်အလှန်ဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် တာဝန်ရှိသူများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

(င) မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာ နယ်နိမိတ်တွင် နေထိုင်လျက်ရှိသူများ၊ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာနိုင်ငံ ပိုင်နက်နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုးအကြား နေထိုင်နေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

(စ) ထို့ပြင် အဆိုပါ မြန်မာပိုင်နက်နယ်မြေပေါ်တွင် နေထိုင်နေသူများအား လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ထောက်ပံ့ပေးသည့်ကိစ္စအား မြန်မာနိုင်ငံဘက်ရှိ အထောက်အပံ့ပေးရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်သွားရန်အတွက် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

(ဆ) မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာသွားသူများအား ထုတ်ပေးထားသည့် သက်သေခံလက်မှတ်များအပေါ်တွင် အသုံးပြုထားသည့် အသုံးအနှုန်းအား ပြန်လည်ပြင်ဆင်ပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်ဘက်မှ သဘောတူညီခဲ့ပါသည်။

(ဇ) နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် ဘီပီ-၃၄ နှင့် ဘီပီ-၃၅ အကြားရှိ နယ်စပ်မျဉ်းအား နှစ်နိုင်ငံ ပူးတွဲစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကိစ္စအား ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဖက်ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် မန္တလေးတက္ကသိုလ်အတွင်း ပွဲတော်ကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်ပင်မဆောင်သို့ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနားကျင်းပမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ စာပေစကားဝိုင်းကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမကိုရောက်ရှိကာ နေရာထိုင်ခင်း စီစဉ်ထားရှိမှု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ရန် ဆောင်ရွက်နေမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစာပေစကားဝိုင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားကျင်းပပုံများကို နံနက် ၉ နာရီမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR(Radio)နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar Sate Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်သည်။




ပွဲတော်ကျင်းပစဉ် ကာလအတွင်း Science Fair ပြခန်းများအား လေးထပ်ဆောင် မြေညီထပ်တွင် ခင်းကျင်းပြသမည်ဖြစ်ရာ ပြခန်းများတွင် IT ပစ္စည်းများပြသခြင်း၊ IT Quiz များ ပြုလုပ်ခြင်း၊ Cyber Security Awareness ကျင်းပခြင်း၊ IT Power Test ကျင်းပခြင်း၊ မေးချင်ရာမေး IT အကြံပေး၊ Project Show၊ IT Book Show၊ Minecraft Game ပြိုင်ပွဲများကို လည်းကောင်း၊ လေးထပ်ဆောင်ရှေ့တွင် ပြည်တွင်းကုမ္ပဏီများမှ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပြသခြင်းများ ပါဝင်မည်ဖြစ်သည်။

ထို့အတူ အသိပညာပေးပြခန်းများအနေဖြင့် တက္ကသိုလ်နှင့် အခြေခံကျောင်းများအလိုက် ပြခန်းများ၊ တက္ကသိုလ်များအလိုက် ဘာသာရပ်ပြခန်းများ၊ ကျန်းမာရေးဆိုင်ရာပြခန်းများ၊ လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါးပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှု ပပျောက်ရေးဆိုင်ရာ ပြခန်းများကိုလည်း လေးထပ်ဆောင်အဝင်လမ်းမတစ်လျှောက်တွင် ထည့်သွင်းပြသထားကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂/၂၀၁၈ ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂/၂၀၁၈ ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှတင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂/၂၀၁၈ ကြိမ်မြောက် အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်ငါးခုနှင့် အတည်ပြုမိန့်သုံးခု ခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်

**မန္တလေး ဩဂုတ် ၁၀**

မြန်မာလူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေ့အမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းကို ယနေ့နံနက် ၈ နာရီက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။




ယနေ့တွင် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုအနေဖြင့် အခမ်းအနားအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Theme Song ဖြင့် သရုပ်ဖော်ဖျော်ဖြေခြင်း၊ အမှတ်တရစကားပြောကြားခြင်း၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသားကျောင်းသူများ၊ လူငယ်ဆိုင်ရာ အဖွဲ့အစည်းများမှ လူငယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းတို့နှင့် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည့် စာပေစကားဝိုင်း ဆွေးနွေးခြင်း စသည့် အစီအစဉ်များကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာစီမံကိန်းကော်မတီဝင်များ ကျောက်တန်း၌ ပြန်လည်ရွေးချယ်

**ကျောက်တန်း ဩဂုတ် ၁၀**

ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ယခုအခါ စီမံကိန်းကာလ သုံးနှစ်ပြည့်ပြီဖြစ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများက တူးမြောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာ ပြည်သူများကိုယ်တိုင် ကော်မတီဝင်အသစ်များ ရွေးချယ်ပွဲကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

ဩဂုတ် ၁၁၊ ၂၀၁၈



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)၌ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ပြခန်းများ ပါဝင်ပြသ

**မန္တလေး ဩဂုတ် ၁၀**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ရင်ခွင်မဲ့ကလေးငယ်များနှင့် အမျိုးသမီးထုများအား ကာကွယ်စောင့်ရှောက်ရေးတေးသီချင်းများ၊ ဉာဏ်စမ်းပဟေဠိ အစီအစဉ်များ၊ အသိပညာပေးတေးသရုပ်ဖော်ပြဇာတ်များ၊ စကားဝိုင်းများ၊ ပြခန်းများကို စည်ကားသိုက်မြိုက်စွာ ပါဝင်ကျင်းပသွားမည်ဖြစ်သည်။ အခြားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် အသီးသီးပါဝင်ကျင်းပသွားမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ကြမည့်သူများ၏ စကားသံများ

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက်ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတော်ကြီးတွင် စကားဝိုင်းဆွေးနွေးပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ အဆိုပါဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးကြမည့်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**

**အေးမြ(မန္တလေး)**



ဦးနေဝင်းအောင်



ဒေါက်တာတေဇာစန်း



ကိုအောင်ဌေးမြင့်



ဒေါ်မြတ်မွန်ဇော်



ဒေါက်တာကေသရီကျော်




မနန်းသင်းမြတ်စုအောင်

**ဦးနေဝင်းအောင်**
**(မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း)**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းအနေနဲ့ အခုကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ဒစ်ဂျစ်တယ်နဲ့ပတ်သက်တဲ့ နည်းပညာအခြေခံတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးမယ့် အကြောင်းအရာတွေထဲမှာ ဒစ်ဂျစ်တယ်နည်းပညာတွေဟာ လူမှုပတ်ဝန်းကျင်မှာ ဘယ်လိုအကျိုးရှိအောင် သုံးနိုင်မယ်ဆိုတဲ့အချက်နဲ့ အခြေခံအားဖြင့် သုံးစွဲရမယ့်အချက်တွေ၊ ဆောင်ရန်၊ ရှောင်ရန်တွေကို ဆွေးနွေးပေးသွားမှာပါ။

**ဆိုးကျိုးတွေဖြစ်ပေါ်မလာဖို့**

အခု ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ရွေးချယ်ဖြစ်တာကတော့ မြန်မာနိုင်ငံမှာသုံးစွဲနေတဲ့ ဒစ်ဂျစ်တယ် မီဒီယာတွေ၊ မိုဘိုင်းဖုန်းတွေနဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်တွေမှာ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချမှုက ကျယ်ပြန့်လာပြီး နိုင်ငံသားအတော်များများဟာလည်း တယ်လီဖုန်းတွေ အသုံးပြုလာကြပြီဖြစ်တဲ့အတွက် သုံးစွဲမှုရာနှုန်းလည်း မြင့်လာပါပြီ။ တစ်နိုင်ငံလုံးမှာ သုံးစွဲသူ သန်း ၃၀ လောက် ရှိနေပြီဖြစ်တဲ့အတွက် နေ့စဉ်လူနေမှုဘဝမှာ မပါမဖြစ် ပစ္စည်းတစ်ရပ်အနေနဲ့ ရှိနေပါပြီ။ ဒစ်ဂျစ်တယ်နည်းပညာတွေကတစ်ဆင့် မိမိရဲ့လူနေမှုဘဝ အကျိုးရှိအောင်အသုံးပြုနိုင်ဖို့ လိုက်နာရမယ့်ကျင့်ဝတ်တွေကို လိုက်နာနိုင်ဖို့၊ ဆိုးကျိုးတွေဖြစ်ပေါ်မလာဖို့ မိမိရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေကို နည်းပညာကတစ်ဆင့် သုံးစွဲနိုင်တာကိုသိရှိဖို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာတေဇာစန်း(အမှုဆောင်ဒါရိုက်တာ၊ ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်း)**

အခု ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးမှာ ယုံကြည်ရာ အသိပညာပြန့်ပွားရေးခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုကျင်းပတဲ့ ပွဲတော်ကြီးကလည်း လူငယ်တွေအတွက် ရည်ရွယ်ကျင်းပတဲ့ ပွဲဖြစ်တဲ့အတွက်ကြောင့် “အနာဂတ် မြန်မာနိုင်ငံနှင့် လူငယ်တို့၏ အခန်းကဏ္ဍ” ဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးမယ့် ပုဂ္ဂိုလ်အားလုံးကလည်း လူငယ်တွေပဲဖြစ်ပါတယ်။ သူတို့ဘဝ ဖြတ်သန်းမှုအတွေ့အကြုံအရ မတူညီတဲ့ရှုထောင့်တွေက ပြောကြားမယ့် လူငယ်တွေအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်အခန်းကဏ္ဍက ပါဝင်နေသလဲ၊ ပိုကောင်းအောင် ဘယ်လိုဆောင်ရွက်နေမလဲဆိုတာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် တိုင်းရင်းသားတွေကိုလည်း စကားဝိုင်းမှာ ထည့်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူငယ်ထုရဲ့ အင်အားဟာ ၃၀ ရာခိုင်နှုန်းအထက်မှာရှိပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်ကြီးမားတဲ့ အင်အားစုကြီး တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုခေါင်းစဉ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**သိစေချင်**

ကျွန်တော်တို့နိုင်ငံရဲ့ အသွင်ကူးပြောင်းရေးကာလမှာ တိုင်းပြည်ခေါင်းဆောင်တွေက လူငယ်ထုအပေါ်မှာ အားထားတယ်ဆိုတာ သိသာပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိတို့ရဲ့စွမ်းအားစုဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတယ်ဆိုတာ သိစေချင်ပါတယ်။ အခုလို လူငယ်တွေအတွက် ရည်ရွယ်ကျင်းပတဲ့ ပွဲတော်တွေမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ပြောလိုပါတယ်။

**ကိုအောင်ဌေးမြင့်**
**(မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်)**

လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှုများ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့မူဝါဒအရ လူငယ်ဆိုတာ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်ထိ ဖြစ်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကောင်းတွေဖြစ်ပေါ်ဖို့ လူငယ်ရေးရာမူဝါဒဆိုတာ ဖြစ်ပေါ်လာတာပါ။ လက်ရှိအချိန်မှာတော့ နိုင်ငံရေးကဏ္ဍအပါအဝင် ကဏ္ဍတော်တော်များများမှာ လူငယ်တွေပါဝင်နိုင်မှု များလာပါပြီ။ အခုပွဲမှာ လူငယ်ထုနဲ့ အစိုးရအဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာတယ်လို့ ထင်ပါတယ်။

**ပြင်ဆင်သွားနိုင်**

ဒီကနေတစ်ဆင့် လူငယ်ထုရဲ့အခန်းကဏ္ဍကို ပိုမိုချဲ့ထွင်နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ လူငယ်ထုဟာ တိုင်းပြည်လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ရှိတာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒမှာ လူငယ်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ထည့်သွင်းဖော်ပြထားတာဖြစ်တာကြောင့် လူငယ်တွေသိရှိနားလည်ထားဖို့ လိုပါတယ်။ ဒီအပေါ်မှာ လူငယ်တွေရဲ့ ဝေဖန်သုံးသပ်ချက်တွေလည်း ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် မူဝါဒတွေကိုလည်း ပြင်ဆင်သွားနိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်မြတ်မွန်ဇော်**
**(စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း)**

လူငယ်နှင့် အနာဂတ်ဘဝလမ်းကြောင်းရွေးချယ်မှု ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ လူငယ်တွေအနေနဲ့ မိမိတို့သင်ကြားထားတဲ့ပညာရေးနဲ့ အလုပ်အကိုင်တွေ၊ ပညာရပ်ဆိုင်ရာ အထောက်အပံ့တွေအတွက် ပြင်ပနဲ့ အဆက်အသွယ်မပြတ်ရှိနေဖို့ မိမိတို့ရဲ့ အတွေးအခေါ်တွေကို ခေတ်စနစ်နဲ့အညီ ပြောင်းလဲသွားနိုင်ဖို့ ဆွေးနွေးသွားမှာပါ။ အခုခေတ်လူငယ်တွေအတွက် အခွင့်အလမ်းတွေက ပိုမိုများပြားလာပါတယ်။ အခုလို ဆွေးနွေးပွဲတွေက ဘွဲ့ရပြီးရင် အလုပ်အကိုင်အတွက် ဘယ်လိုရွေးချယ်ရမလဲဆိုတာ သိရှိသွားမှာဖြစ်ပါတယ်။

**ဒေါက်တာကေသရီကျော်**
**(စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ စိန်နဲ့မြ မွေ့ရာလုပ်ငန်း၊ မန်နေဂျင်းဒါရိုက်တာ)**

အခုစကားဝိုင်းမှာ လုပ်ငန်းရှင်တစ်ဦးဖြစ်ချင်ရင် ဘာတွေကို ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာနဲ့ ကြုံတွေ့ရမယ့် အခက်အခဲတွေကို အဓိကထားပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အရင်က ကျောင်းတက်ကြတယ်ဆိုရင် ဘွဲ့ရဖို့ကိုပဲ ဦးတည်ခဲ့ကြတယ်။ လုပ်ငန်းခွင်ဆိုတာ ဘွဲ့ရပြီးမှပဲစဉ်းစားရတဲ့ကိစ္စလို့ သဘောထားခဲ့ကြတယ်။ အခုလို ဆွေးနွေးပွဲတွေမှာ တက်ရောက်နားထောင်ခြင်းအားဖြင့် ကျောင်းတက်နေစဉ်မှာပဲ လုပ်ငန်းခွင်အတွက် ဘယ်လိုကြိုတင်ပြင်ဆင်ရမယ်ဆိုတာကို သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ဒီမှာ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြပွဲတွေ၊ ပြိုင်ပွဲတွေ၊ ပညာရပ်ဆိုင်ရာပြခန်းတွေ၊ ဟောပြောပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေ ပါဝင်မှာဖြစ်တဲ့အတွက် လူငယ်တိုင်း ဒီပွဲတော်ကြီးကို လာရောက်ဆင်နွှဲလှည့်ပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မနန်းသင်းမြတ်စုအောင်**
**(Primary Colour Civics Edu Network)**

ပြောဆိုဆွေးနွေးမယ့်သူတွေကို အချိန်နဲ့ပတ်သက်လို့ စီမံခန့်ခွဲမှုတွေ လုပ်ပေးသွားပါမယ်။ ဆွေးနွေးကြမယ့် ခေါင်းစဉ်အပေါ်မှာ သက်ရောက်မှုရှိအောင် ချိတ်ဆက်ပေးသွားမှာပါ။ အခုဆွေးနွေးကြဖို့ ရွေးချယ်ထားတဲ့ ခေါင်းစဉ်တွေက လူငယ်တွေအတွက် တကယ်လိုအပ်တဲ့ ခေါင်းစဉ်တွေဖြစ်တာကြောင့် အလွန်ကောင်းမွန်ပါတယ်။ အခု လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆွေးနွေးတဲ့အခါမှာ အနုပညာ၊ အားကစား၊ စာပေ၊ မူးယစ်ဆေးဝါးဆိုတဲ့ အကြောင်းအရာတွေကို ဦးဆောင်ဆွေးနွေးသူ တစ်ယောက်အနေနဲ့ အချိန်ကို စီမံခန့်ခွဲပေးသွားမှာပါ။

> ဒီကနေတစ်ဆင့် လူငယ်ထုရဲ့အခန်းကဏ္ဍကို ပိုမိုချဲ့ထွင်နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ လူငယ်ထုဟာ တိုင်းပြည်လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ရှိတာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ လူငယ်ရေးရာမူဝါဒမှာ လူငယ်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ထည့်သွင်းဖော်ပြထားတာဖြစ်တာကြောင့် လူငယ်တွေ သိရှိနားလည်ထားဖို့ လိုပါတယ်. . .



ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရေဘေးသင့်ပြည်သူများအတွက် ကပ္ပတိန်ဦးဟင်နရီခင်မောင် မိသားစုက အလှူငွေကျပ်သိန်း ၅၀ ကို ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ ရက်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ လက်ခံရယူစဉ်။

ပွင့်သစ္စာ



၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်း သားသမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်းအခမ်းအနားကို ဩဂုတ် ၁၀ ရက်က အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

ကြေးမုံ

# လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းပြခန်းကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ထည့်သွင်းပြသမည်

**မန္တလေး ဩဂုတ် ၁၀**

လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြခန်းများကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ကုမ္ပဏီပေါင်း ၂၀ ကျော်မှ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများစွာ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူငယ်များအလုပ်အကိုင် ရှာဖွေရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ Career Interest Test ကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

ပြခန်းများနှင့်ပတ်သက်၍ တာဝန်ခံ ကိုသန်းစိုးက "ပွဲတော်မှာ လာရောက်ပြသတဲ့ ကုမ္ပဏီ ၂၀ ကျော်ပါတယ်။ Center တွေပါတယ်။ Service Center တွေလည်းပါပါတယ်။ ပြီးတော့ Manufacture အပိုင်း၊ Production အပိုင်း၊ Trading အပိုင်း စသည်ဖြင့် ကဏ္ဍစုံထည့်ထားပါတယ်။ အဓိကကတော့ အလုပ်လိုချင်တဲ့ ကလေးတွေသိအောင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲကို လာရောက်တဲ့အထဲမှာ ကျောင်းပြီးတော့မယ့် ကလေးတွေပါမှာပါ။ အလုပ်လိုချင်တဲ့ ကလေးတွေလည်း ပါမယ်။ သူတို့အနေနဲ့ အလုပ်အတွက် ဘာတွေပြင်ဆင်ထားရင် အဆင်ပြေမလဲဆိုတာ သိသွားစေချင်တယ်။ ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရှာဖွေတဲ့အခါ အထောက်အပံ့ဖြစ်စေဖို့ မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာအသင်းက ဆောင်ရွက်ပေးတာပါပါတယ်။ ဘာလဲဆိုတော့ လူငယ်တွေအတွက် Career Interest Test ကို ဆောင်ရွက်ပေးမယ်။ လူငယ်တွေ ကိုယ့်ရဲ့ Career နဲ့ ပတ်သက်ပြီးတော့ အစိုးရလုပ်ငန်းလား၊ ကုမ္ပဏီလား၊ ရုံးမှာ အထိုင်ပုံစံမျိုး လုပ်ချင်တာလား၊ သွားလာလှုပ်ရှားပြီး လုပ်ချင်တာလား ဆိုတာမျိုးကို စစ်ဆေးပေးတာပါ။ သူတို့ရဲ့လမ်းကြောင်းအတွက် ကိုယ်နဲ့ကိုက်ညီတာ၊ ဘာလုပ်သင့်တယ်ဆိုတာ သိအောင် ဒီ Test လေးကို ထည့်ပေးတာပါ"ဟု ပြောသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့တွင် ဩဂုတ် ၁၁ ရက်မှ စတင်ကာ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကို မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ လေးထပ်ဆောင်ရှေ့၌ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**အောင်မင်းဟန်**

# ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောဒေသတွင် မြေပြင်ကွင်းဆင်းသတင်းရယူ

**မောင်တော ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အနီး နှစ်နိုင်ငံနယ်စပ်တံတားသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသအခြေအနေနှင့်ပတ်သက်၍ မေးမြန်းသတင်းရယူကြသည်။

ထို့နောက် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို မေးမြန်းသတင်းရယူကြပြီး နှစ်နိုင်ငံနယ်နိမိတ်မျဉ်းတွင် နေထိုင်ကြသူများထံ သွားရောက်ကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။



ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ **သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ကိုမင်း**

# ဘူးသီးတောင်မြို့တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဘူးသီးတောင် ဩဂုတ် ၁၀**

ဘူးသီးတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က အာဟာရချို့တဲ့ခြင်းသည် အရှေ့တောင်အာရှတွင် စိန်ခေါ်မှု အကြီးမားဆုံး ပြည်သူ့ကျန်းမာရေးပြဿနာများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၅-၂၀၁၆ ခုနှစ်၌ ဆောင်ရွက်ခဲ့သည့် စစ်တမ်းများအရ ကလေး ၂၉ ဒသမ ၂ ရာခိုင်နှုန်းမှာ အရပ်ပုနေပြီး ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန် လျော့နည်းနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်နယ်လူထု၏ အာဟာရအခြေအနေ ဖော်ထုတ်နိုင်သည့် စစ်တမ်းအရ အမျိုးသမီးများတွင် သွေးအားနည်းခြင်းဖြစ်ပွားမှုပြဿနာများ များပြားနေကြောင်း ပြောကြားသည်။

"သွေးအားနည်းခြင်းကို လျှော့ချဖို့အတွက် ပြည်သူလူထုကို အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် ပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်များကို သံဓာတ်ဆေးပြား ဖြန့်ဝေခြင်း၊ ငါးနှစ်အောက်ကလေးများကို သန်ချဆေးတိုက်ကျွေးခြင်းတို့ကို ပုံမှန်လုပ်ဆောင်နေတဲ့အပြင် အပျိုဖော်ဝင်အမျိုးသမီးငယ်တွေကို သံဓာတ်ဆေးပြားများ တိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာများ ကာကွယ်ရေး၊ အာဟာရ ပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာစေရေး စသည့် ရည်မှန်းချက်များ ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကို ဩဂုတ်လတစ်လလုံး နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ကိုမင်း၊ ဓာတ်ပုံ - မင်းမင်း**



# ဖာပွန်မြို့ ရေဘေးသင့်ပြည်သူများအတွက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက သိန်း ၈၀ ကျော်ဖိုး လှူဒါန်း

**မြဝတီ ဩဂုတ် ၁၀**


ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများက ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် မြဝတီမြို့ရှိ ပရဟိတရေဘေးကယ်ဆယ်ရေး ဆောင်ရွက်နေသူများထံသို့ ငွေကျပ်သိန်း ၈၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ခြောက်ကြိမ်မြောက် လာရောက်လှူဒါန်းပေးကြောင်း သိရသည်။

"ထိုင်းနိုင်ငံထဲမှာ အလုပ်လုပ်နေကြတဲ့ မြန်မာအလုပ်သမားတွေက သူတို့တတ်နိုင်သလောက် စုဆောင်းပြီး ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူတွေအတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်၊ အဝတ်အထည်နဲ့ သောက်ရေသန့်တွေကို AAC အဖွဲ့က ကိုရဲမင်းတို့နဲ့ချိတ်ဆက်ပြီး အခုအကြိမ်နဲ့ ဆိုရင် ခြောက်ကြိမ်မြောက် လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်"ဟု မြဝတီမြို့ ရေဘေးကယ်ဆယ်ရေး ပရဟိတအဖွဲ့မှ တာဝန်ခံ ဦးအောင်ဝင်းလှိုင်(ခ)အညာသားက ပြောသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် လှူဒါန်းသော ပစ္စည်းများကို ဇူလိုင် ၂၈ ရက်က လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ အိမ်ခြေ ၂၀၀၀ အတွက် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ပိုင်ကျုံနှင့် ကော့လုံကျွန်းဘက်ရှိ ရေဘေးသင့်ပြည်သူ အိမ်ခြေ ၁၅၀၀ အတွက် ဇူလိုင် ၃၀ ရက်တွင် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ကော့ကရိတ်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ အိမ်ခြေ ၅၀၀ အတွက် ဩဂုတ် ၃ ရက်က လည်းကောင်း၊ ပဉ္စမအကြိမ် အဖြစ် မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူအိမ်ခြေ ၁၀၀၀ အတွက် ဩဂုတ် ၆ ရက်က လည်းကောင်း၊ ဆဋ္ဌမအကြိမ်အဖြစ် ဖာပွန်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူ အိမ်ခြေ ၁၀၀၀ အားလှူဒါန်းရန်အတွက် ဩဂုတ် ၉ ရက်တွင် မြဝတီမြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

**ကိုထိန်(မြဝတီ)**

# နျူကလီးယားနည်းပညာ ပိုင်ဆိုင်မှုကို မြောက်ကိုရီးယား ဆက်လက်ထိန်းသိမ်းမည်ဟုဆို



**တီဟီရန် ဩဂုတ် ၁၀**

အဏုမြူလက်နက်ကင်းရှင်းရေးဇုန် ထူထောင်ရန် မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုအား ကတိပြုခဲ့လင့်ကစား မိမိ၏နိုင်ငံသည် နျူကလီးယားနည်းပညာပိုင်ဆိုင်မှုကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အီရန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက ပြောကြားခဲ့သည်ဟု အီရန်မီဟာသတင်းဌာနက ဩဂုတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

**အဏုမြူလက်နက်ကင်းရှင်းရေးဇုန်**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ စင်ကာပူနိုင်ငံတွင် ဇွန်လအတွင်း သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲပြုလုပ်ခဲ့ရာတွင် အဏုမြူလက်နက်ကင်းရှင်းရေးဇုန်ထူထောင်ရန် သဘောတူညီခဲ့ကြသော်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာပိုင်ဆိုင်မှုကို ဆက်လက်ထိန်းသိမ်းထားမည်ဟု ဝန်ကြီးရီက ပြောကြားခဲ့သည်ဟု ဆိုသည်။

**ကတိကဝတ်**

အမေရိကန်နိုင်ငံသားများနှင့်ဆက်ဆံရာတွင် ပြဿနာများတွေ့ကြုံရလေ့ရှိကြောင်း၊ မိမိတို့၏ရည်မှန်းချက်မှာ ကိုရီးယားကျွန်းဆွယ်တစ်ခုလုံး၌ အဏုမြူလက်နက်ကင်းရှင်းရေးဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ကတိကဝတ်ပြုသကဲ့သို့ အမေရိကန်ဘက်မှလည်း ကတိကဝတ်တည်ရန် လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးရီက ပြောကြားခဲ့သည်။

ဝန်ကြီးရီသည် ဩဂုတ် ၇ ရက်တွင် အီရန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး သမ္မတ ဟတ်ဆန်ရိုဟာနီနှင့်လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ အလီလာရီဂျာနီနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ အီရန်နိုင်ငံအပေါ် အမေရိကန်က စီးပွားရေးပိတ်ဆို့မှု ပြန်လည်ပြုလုပ်ခြင်းကို စတင်လိုက်ချိန်တွင် ဝန်ကြီးရီ၏ ခရီးစဉ်ဖြစ်ပေါ်လာခဲ့သည်။

**အေအက်ဖ်ပီ**

# ပြည်နယ်မြို့တော် ဂါဇနီကို တာလီဘန်တို့ ထိုးစစ်ဆင်

ကဘူး ဩဂုတ် ၁၀

**အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်မြို့တော်တစ်မြို့ကို တာလီဘန်စစ်သွေးကြွများက ပြင်းထန်သည့်တိုက်ခိုက်မှု စတင်ပြုလုပ်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ကို ပြန်လည်ချေမှုန်းတိုက်ခိုက်လျက်ရှိကြောင်း၊ ပေါက်ကွဲမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိရာ ထိတ်လန့်ကြောက်ရွံ့နေကြသည့် ဒေသခံများမှာ ၎င်းတို့၏နေအိမ်များအတွင်း ပုန်းအောင်းနေကြရကြောင်း သတင်းတွင် ဖော်ပြသည်။**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့တောင်ပိုင်းရှိ ဂါဇနီမြို့တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း အာဖဂန်စစ်ဘက်မှ တပ်သားတစ်ဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ပြောရေးဆိုခွင့်ရှိသူ အရစ်ဖ်ဒိုရီက ဩဂုတ် ၁၀ ရက်တွင် အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အရပ်သားနေအိမ်များနှင့် အာဖဂန်စစ်ဘက်၏စစ်ဆေးရေးစခန်းများကို စစ်သွေးကြွများက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လမ်းမများပေါ်တွင် တာလီဘန်စစ်သွေးကြွ အလောင်းဒါဇင်များစွာ ပြန့်ကျဲနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများက ဩဂုတ် ၉ ရက် အနှောင်းပိုင်းတွင် ဂါဇနီမြို့ဝန်းကျင်ရှိ စခန်းအချို့ကို တိုက်ခိုက်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ ဖာရစ်အာမက်မာရှယ်က အေအက်ဖ်ပီသို့ ပြောကြားသည်။



တိုက်ခိုက်မှုစတင်ခဲ့ပြီးနောက် အဆိုပါဒေသတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေပြီး ပြင်းထန်သည့် သေနတ်သံများ ဆူညံနေကာ အစိုးရပိုင် အဆောက်အအုံတစ်ခု မီးရှို့ခံရကြောင်း၊ ဒေသခံများက အေအက်ဖ်ပီ သို့ ပြောကြားသည်။ မိမိတို့အသက်ဘေးအန္တရာယ် စိုးရိမ်နေရကြောင်း မြို့တော်ဝန်းကျင်တွင် ဘယ်နေရာမဆို တာလီဘန်များက လှည့်လည်သွားလာနေကြကြောင်း ဈေးဆိုင်ပိုင်ရှင် မိုဟာမက်ဟာလမ်က အေအက်ဖ်ပီသို့ ပြောကြားသည်။

မြို့ခံများအနေဖြင့် ၎င်းတို့၏နေအိမ်များအတွင်း၌ နေထိုင်ကြရန် တာလီဘန်များက ဗလီဝတ်ကျောင်းများမှနေ၍ အသံချဲ့စက်များ အသုံးပြုကာ သတိပေးမှုများပြုလုပ်ကြောင်း၊ ပြင်းထန်သော ပေါက်ကွဲသံများနှင့် သေနတ်သံများကို ကြားရကြောင်းနှင့် မိမိတို့ကြောက်ရွံ့နေရကြောင်း ရာဆန်အမည်ရှိ ဒေသခံတစ်ဦးက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားခဲ့သည်။

တာလီဘန်စစ်သွေးကြွများ ရှေ့တိုးချီတက်မှုကို တားဆီးရန် အထူးရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ထားကြောင်း အာဖဂန် လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဇနီမြို့တော်အတွင်းရှိ အစိုးရပိုင် အဆောက်အအုံအများစုကို သိမ်းယူထားကြောင်း တာလီဘန်တို့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၄၀ ခန့်သည် သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့သည်ဟု တာလီဘန်စစ်သွေးကြွအဖွဲ့က ပြောကြားသည်။ **အေအက်ဖ်ပီ**

## ဂျပန်နှင့် အမေရိကန် ကုန်သွယ်ရေး ဆွေးနွေး

**ဝါရှင်တန် ဩဂုတ် ၁၀**

ဂျပန်နှင့် အမေရိကန်တို့၏ ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲ ပထမနေ့ကို ဩဂုတ် ၉ ရက်က ဝါရှင်တန်၌ ကျင်းပပြီးစီးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန် စီးပွားရေး ပြန်လည်ဆန်းသစ်ရေး ဝန်ကြီး တိုရှိမိဆုမိုတဲဂီနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာတို့သည် လွတ်လပ်မျှတပြီးအပြန်အလှန် အကျိုးရှိစေမည့် ကုန်သွယ်ရေး ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားကြရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးပွဲများသည် အလွန်အရေးကြီးကြောင်း မစ္စတာမိုတဲဂီက အစည်းအဝေးအပြီးတွင် သတင်းထောက်များအား ပြောကြားသည်။ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုများ ရှေ့ဆက်ရန် အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်က ၎င်း၏ သဘောထားကို ပြောကြားခဲ့သည်ဆို၏။

အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချနိုင်မည့်နည်းလမ်းတစ်ခုအဖြစ် ဂျပန်၏မော်တော်ယာဉ်ဈေးကွက်၊ စိုက်ပျိုးရေး ထုတ်ကုန်များ၏ ဈေးကွက်ကို ပိုမိုဖွင့်လှစ်ပေးရန် အမေရိကန်က တောင်းဆိုလာမည်ကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက စိုးရိမ်ပူပန်လျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ**

# တစ်ခါသုံး ပလတ်စတစ်အိတ်သုံးစွဲခြင်းကို နယူးဇီလန်၌ ပိတ်ပင်မည်



**ဝယ်လင်တန် ဩဂုတ် ၁၀**

နယူးဇီလန်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသအပေါ် ဘေးဥပဒ်ကျရောက်စေနိုင်သော ပလတ်စတစ်ညစ်ညမ်းမှုမှ တားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်း တစ်ခါသုံး ပလတ်စတစ်အိတ်သုံးစွဲခြင်းကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျာစင်ဝါအာဒန်က ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

နယူးဇီလန်နိုင်ငံရှိ ကုန်ပဒေသာတိုက်ကြီးများနှင့် ကုန်စုံဆိုင်များ အနေဖြင့် တစ်ခါသုံးပလတ်စတစ်အိတ်များ သုံးစွဲခြင်းကို ခြောက်လအတွင်း ရပ်ဆိုင်းရန် အစိုးရက တောင်းဆိုထားပြီး မရပ်ဆိုင်းပါက အမေရိကန်ဒေါ်လာ ၆၆၀၀၀ အထိ ဒဏ်ရိုက်မှုနှင့် ရင်ဆိုင်ရမည်ဆို၏။

နယူးဇီလန်နိုင်ငံတွင် နှစ်စဉ်တစ်ခါသုံး ပလတ်စတစ်အိတ် အရေအတွက် ၁ ဒသမ ၆ ဘီလီယံအထိ အသုံးပြုပြီး ပလတ်စတစ်အိတ်အများစုမှာ ပင်လယ်သမုဒ္ဒရာတွင် အဆုံးသတ်ကြောင်း၊ ယင်းပလတ်စတစ်များကို ပင်လယ်လိပ်ကြီးများကဲ့သို့သော ရေနေသတ္တဝါများက ၎င်းတို့အစာအဖြစ် မှားယွင်းစွာ မျိုချကြလေ့ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဂရင်းပိစ်က ၎င်း၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

ထို့ပြင် နယူးဇီလန်နိုင်ငံ ကမ်းခြေများတွင်တွေ့ရသည့် ပင်လယ်လိပ်သုံးကောင်တွင် တစ်ကောင်မှာ ပလတ်စတစ်များကို မျိုချထားသည်ကို တွေ့ရသည်ဟု ဆက်လက်ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ မြို့ပြနေသူတစ်ဦးချင်းစီ၏ အမှိုက်စွန့်ထုတ်မှုနှုန်း အများဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ပရီမီယာလိဂ်၏ နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အဲဗာတန်၊ ဖူလ်ဟမ်နဲ့ လက်စတာ ကစားသမားအများဆုံးခေါ်ယူခဲ့




ပရီမီယာလိဂ် အပြောင်းအရွှေ့ကာလဟာ ယခုနှစ်တွင် အရင်နှစ်တွေနဲ့မတူဘဲ စောစီးစွာပိတ်သိမ်းခဲ့ပါတယ်။ အဲဒီလိုပိတ်သိမ်းခဲ့ခြင်းကလည်း ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ ရာသီသစ်မစတင်မီ ဈေးကွက်ပိတ်ပေးလိုတဲ့ဆန္ဒအရ မဲပေးမှုကြောင့် ပိတ်ခဲ့ရတာပါ။

ပရီမီယာလိဂ်အပြောင်းအရွှေ့ပိတ်သိမ်းမှုဟာ အရင်က ဩဂုတ် ၃၁ ရက်အထိသတ်မှတ်ခဲ့ပေမယ့် အခုဘောလုံးရာသီမှာတော့ ဩဂုတ် ၉ ရက်အဖြစ် ပြောင်းလဲခဲ့တာပါ။

လက်ရှိ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းလိုက်ချိန်မှာ ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ အဲဗာတန်အသင်း၊ ဖူလ်ဟမ်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့က ကစားသမားအများဆုံးခေါ်ယူခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလိုအများဆုံးခေါ်ယူခဲ့ပေမယ့် ပရီမီယာလိဂ်အပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူမှုမှာ အသုံးပြုခဲ့တဲ့ ငွေကြေးပမာဏကတော့ ရှစ်နှစ်တာကာလအတွင်းမှာ ပေါင် ၁ ဒသမ ၂ ဘီလီယံအထိ လျော့ကျသွားတာလည်း တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ် အပြောင်းအရွှေ့ကာလက ပေါင် ၁ ဒသမ ၄ ဘီလီယံအထိ သုံးစွဲခဲ့ကြတာဖြစ်လို့ ပေါင်သန်း ၂၀၀ အထိလျော့ကျသွားခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ စပါးအသင်းနဲ့ မန်ယူအသင်းကတော့ အပြောင်းအရွှေ့ပိတ်သိမ်းတဲ့ ဩဂုတ် ၉ ရက်မှာ ကစားသမားခေါ်ယူမှုလုံးဝမပြုလုပ်ခဲ့တဲ့ အသင်းတွေအဖြစ် မှတ်တမ်းဝင်ခဲ့သလို စပါးအသင်းကတော့ ပရီမီယာလိဂ်သမိုင်းမှာ ၂၀၀၃ ခုနှစ်နောက်ပိုင်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားခေါ်ယူမှုလုံးဝမပြုလုပ်ခဲ့တဲ့ ပထမဆုံးပရီမီယာလိဂ်အသင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။

အမြင့်ဆုံးစာချုပ်ချုပ်ဆိုခေါ်ယူခြင်းကတော့ ချယ်လ်ဆီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမားကိုဗာဆစ်ကို အငှားစာချုပ်နဲ့ ခေါ်ယူခဲ့သလို ဂိုးသမားကော်တိုရစ်ကိုတော့ ရီးယဲလ်မက်ဒရစ်အသင်းထံ အမြဲတမ်းစာချုပ်နဲ့ ရောင်းချခဲ့တာပဲဖြစ်ပါတယ်။

ဒါပေမယ့် အခုအပြောင်းအရွှေ့ပိတ်ပြီးတဲ့နောက် နှစ်နာရီအကြာမှာ အဲဗာတန်အသင်းက ဘာစီလိုနာအသင်းမှ ကိုလံဘီယာနောက်တန်းကစားသမား ယယ်ရီမီနာကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူခဲ့သလို ကွင်းလယ်ကစားသမား အန်ဒရီဂိုမက်ကိုလည်း အငှားနဲ့ ခေါ်ယူခဲ့တာပဲဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းပြီးချိန်မှာ ကစားသမားငါးဦးအထိ ခေါ်ယူခဲ့တယ်လို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီကစားသမားတွေကတော့ မာဆေးလ်ကွင်းလယ်ကစားသမား အန်ဂွီဆာကို ပြောင်းရွှေ့ကြေးပေါင် ၂၂ ဒသမ ၃ သန်း၊ ဘရစ္စတိုးစီးတီးဘယ်နောက်ခံကစားသမား ဂျိုးဘရိုင်ယန်ကို ပြောင်းရွှေ့ကြေးပေါင် ခြောက်သန်း၊ ဆာဂျီယိုရီကို၊ ဗီယက်တိုနဲ့ ဖိုဆူမန်ဆက်တို့ကို အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီလိုကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၁၀၀ ကျော်အသုံးပြုခဲ့ရတယ်လို့လည်း ဖော်ပြထားပါတယ်။




လက်စတာစီးတီးအသင်းကတော့ ဖရိုင်းဘတ်နဲ့ တူရကီနောက်တန်းကစားသမား ဆိုယွန်ကူကို ပြောင်းရွှေ့ကြေးပေါင် ၁၉ သန်းနဲ့ ဒိုင်နမိုဇာဂရက်ဗ်အသင်းမှ နောက်တန်းကစားသမား ဘန်ကိုဗစ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်း စသဖြင့် ခေါ်ယူခဲ့တယ်လို့ ဆိုပါတယ်။

ပရီမီယာလိဂ် ကလပ်အသင်းတွေရဲ့ ကစားသမားခေါ်ယူမှုမှတ်တမ်းအရ ဈေးအကြီးဆုံးကစားသမားကတော့ အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ချယ်လ်ဆီးအသင်းကို ပြောင်းလာတဲ့ ဂိုးသမားကီပါရဲ့ အပြောင်းအရွှေ့ဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းနဲ့ ပြောင်းလာတာပါ။ အဲဒီနောက်မှာတော့ လက်စတာမှ မာရက်ဇ်ကို မန်စီးတီးအသင်းသို့ ပေါင်သန်း ၆၀၊ နာပိုလီမှ ဂျော်ဂျင်ဟိုကို ချယ်လ်ဆီးအသင်းသို့ ပေါင် ၅၇ သန်း၊ ရိုးမားဂိုးသမား အဲလစ်ဆင်ကို လီဗာပူးအသင်းသို့ ပေါင် ၅၅ ဒသမ ၈ သန်း၊ လိဗ်ဇစ်ကွင်းလယ်ကစားသမား နာဘီကီတာက လီဗာပူးအသင်းကို ပေါင်သန်း ၅၀၊ ရှက်ခ်တာဒိုးနက်စ်ခ်ကွင်းလယ်ကစားသမား ဖရက်ဒ်က မန်ယူအသင်းကို ပေါင် ၄၇ သန်း၊ မိုနာကိုနောက်ချန်ကွင်းလယ်ကစားသမား ဖာဘင်ဟိုက လီဗာပူးအသင်းကို ပေါင် ၃၉ သန်း၊ လာဇီယိုအသင်းကစားသမား ဖီလစ်ပီအန်ဒါဆန်က ဝက်စ်ဟမ်းအသင်းကို ပေါင် ၃၆ သန်း၊ ဝက်ဖို့ဒ်တောင်ပံကစားသမား ရစ်ချာဆန်က အဲဗာတန်အသင်းကို ပေါင် ၃၅ သန်း၊ ဘာစီလိုနာကစားသမား ယယ်ရီမီနာက အဲဗာတန်အသင်းကို ပေါင် ၂၇ သန်း စသဖြင့် အသီးသီးပြောင်းရွှေ့ခဲ့ကြပါတယ်။

မန်စီးတီးအသင်းက အခုအပြောင်းအရွှေ့မှာ မာရက်ဇ်၊ ဆန်ဒလာ၊ ကလော်ဒီယိုဂိုမက်၊ ဒန်နီယယ်အာဇာနီတို့ကိုလည်းကောင်း၊ မန်ယူအသင်းက ဒါလော့၊ ဖရက်ဒ်၊ လီဂရန့်တို့ကိုလည်းကောင်း၊ လီဗာပူးအသင်းက ဖာဘင်ဟို၊ ကီတာ၊ ရှာကီရီ၊ အဲလစ်ဆင်၊ လက်စတာစီးတီးအသင်းက ပီရဲရာ၊ ဂွန်နီအီဗန်၊ မက်ဒီဆန်၊ ဒန်နီဝက်၊ ရာချစ်ဂတ်ဇယ်၊ ဘန်ကိုဗစ်၊ ဆိုယွန်ကူတို့ကိုလည်းကောင်း၊ ချယ်လ်ဆီးအသင်းက ဂျော်ဂျင်ဟို၊ ရော့ဘ်ဂရင်း၊ ကိုဗာဆစ်၊ ကီပါတို့ကိုလည်းကောင်း၊ အာဆင်နယ်အသင်းက လစ်စတိန်းနား၊ ဘန်းလီနို၊ ဆိုကရေးတစ်၊ တော်ရီရာ၊ မက်တီယိုဂွန်ဒူဇီတို့ကိုလည်းကောင်း ကစားသမားတွေခေါ်ယူအားဖြည့်ခဲ့ကြပြီး အခြားသော ကလပ်အသင်းတွေလည်း ကစားသမားခေါ်ယူမှုတွေ ကိုယ်စီပြုလုပ်ထားခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီအသင်းတွေထဲမှာ စပါးအသင်းတစ်သင်းထဲသာ ကစားသမားခေါ်ယူမှု မပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ တိုက်စစ်ပိုင်း၊ ကွင်းလယ်ပိုင်းနဲ့ နောက်တန်းပိုင်းထက် ဂိုးသမားတွေကို ဈေးအကြီးဆုံးပေးပြီးခေါ်ယူခဲ့တာကတော့ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပဲဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားရောင်းချခြင်းမှ ပေါင် ၁၁၁ သန်းအထိ ဘာစီလိုနာအသင်း ဝင်ငွေရရှိခဲ့




ဘာစီလိုနာအသင်းသည် အပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားခြောက်ဦးအထိ ရောင်းချခဲ့ပြီး ယင်းသို့ရောင်းချခဲ့ခြင်းမှ ပေါင် ၁၁၁ သန်းအထိ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

အဲလီယက်ဗီဒယ်ကို ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၆ သန်းဖြင့် ဆီဗီလာအသင်းသို့ လည်းကောင်း၊ ပေါ်လင်ဟိုကို ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် တရုတ်ကလပ် သို့လည်းကောင်း၊ ယယ်ယီမီနာကို ပြောင်းရွှေ့ကြေးပေါင် ၂၈ ဒသမ ၅ သန်းဖြင့် အဲဗာတန်အသင်းသို့ လည်းကောင်း ရောင်းချခဲ့သည်။

အဆိုပါကစားသမားသုံးဦးအပြင် ဒစ်ဂ်နီ၊ ဒီလိုဖူး၊ အန်ဒရီဂိုမက် စသည့်ကစားသမားများကိုပါ ရောင်းချခဲ့ရာ ပေါင် ၁၂၄ သန်းဝင်ငွေရရှိခဲ့သော်လည်း မယ်ကွန်နှင့် အာတူရိုဗီဒယ်တို့ကို ခေါ်ယူခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းမှာ ပေါင် ၁၁၁ သန်း ဝင်ငွေရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ကစားသမားကိုးဦးအထိ ရောင်းချခဲ့ပြီး ကစားသမားလေးဦးထပ်မံခေါ်ယူနိုင်ခဲ့သည်။ အသင်းမှထွက်ခွာခွင့်ပြုခဲ့သည့် ကစားသမားများမှာ ပေါ်လင်ဟို၊ ယယ်ယီမီနာ၊ ဒစ်ဂ်နီ၊ အန်ဒရီဂိုမက်၊ အဲလီယက်ဗီဒယ်၊ ဒီလိုဖူး၊ အင်နီယေစတာ၊ ဒေါက်ဂလပ်နှင့် အာတိုလာတို့ဖြစ်ပြီး ပြန်လည်ခေါ်ယူခဲ့သည့် ကစားသမားများမှာ မယ်ကွန်၊ ကလီမန့်လန်းလက်၊ အာသာနှင့် အာတူရိုဗီဒယ်တို့ဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းနည်းပြ ကလော့သည် အသက် ၂၄ နှစ်အရွယ်ရှိ ဂျာမနီကွင်းလယ်ကစားသမား အမ်မရီကန်အနေဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုခဲ့မှုအပေါ် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ပြောကြားခဲ့သည်။ ကွင်းလယ်ကစားသမား အမ်မရီကန်မှာ ဂျူဗင်တပ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လိုနေကြောင်း သိရသည်။
- **စပါးအသင်းမှ အသက် ၂၈ နှစ်အရွယ်ရှိ ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်သည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။**
- အက်စ်တွန်ဗီလာအသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်သည် အပြောင်းအရွှေ့ကာလအတွင်း အသင်းမှ ထွက်ခွာမည်ဟုသတင်းများထွက်ပေါ်နေသော်လည်း စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားကြောင်းသိရသည်။
- **မန်ယူအသင်းမှ ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်သည် မန်ယူအသင်းအနေဖြင့် အပြောင်းအရွှေ့ကာလအတွင်း ကမ္ဘာ့အဆင့်ရှိ ကစားသမားများကို ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။**
- မန်ယူအသင်းသည် အပြောင်းအရွှေ့ကာလအတွင်းက ဗဟိုခံစစ်ကို ဖြည့်ရန် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ အထိ ပေး၍ခေါ်ယူရန် စီစဉ်ခဲ့ကြောင်းသိရသည်။

# ဦးကိုနီ လုပ်ကြံခံရမှု ၆၆ ကြိမ်မြောက် ရုံးထုတ်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၀**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်တစ်ချက်ကြောင့် လဲကျသေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီလုပ်ကြံခံရမှုတွင် လူသတ်မှုဖြင့် စွဲချက် တင်ခံထားရသူ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်း တို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၆ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးက သက်သေတစ်ယောက်အနေဖြင့်သာ စစ်မေးခံမည်ဟုပြောဆို၍ ဇေယျာဖြိုးကို စတင်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းအမှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားစွဲဆိုထားရာကနေ ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူ တတိယလူ ဇေယျာဖြိုးကို စစ်မေးခဲ့ပါတယ်။ မစစ်ဆေးမီ တရားခံအနေဖြင့် စစ်မေးခံမလား ဒါမှမဟုတ် သက်သေအနေနဲ့စစ်မေးခံမလားလို့ တရားကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)မှာပါတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ မေးတဲ့အခါ သက်သေအဖြစ်စစ်မေးခံမယ် ဆိုတဲ့အတွက် ဇေယျာဖြိုးကို သက်သေတစ်ယောက်အနေနဲ့ စပြီးစစ်မေးခဲ့ပါတယ်။ ဒီနေ့မှာ ရုံးချိန်ကုန်ဆုံးတဲ့တိုင် အဓိကထွက်ဆိုချက်တွေ မလုံလောက်သေးတဲ့အတွက် လာမယ့်ရုံးချိန်းမှာ ဇေယျာဖြိုးကို ထပ်စစ်မေးဖို့ ဩဂုတ် ၁၆ ရက် ကြာသပတေးနေ့ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

သတင်းမီဒီယာများ၏မေးမြန်းသည်ကို ရှင်းလင်းပြောကြားရာ "ဒီကနေ့ အထူးတရားခံရုံးကနေ ကြားဖြတ်အမိန့်ချမှတ်ခဲ့တာတော့ ရှိပါတယ်။ အဲဒါက ဇေယျာဖြိုးကို စစ်မေးစဉ်မှာ သူ့ရဲ့ရှေ့နေက ဇေယျာဖြိုး ဆောက်လုပ်ရေးကုမ္ပဏီက သက်ဆိုင်ရာဌာနတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ ၊ သဘောတူစာချုပ်ချုပ်ဆိုထားတဲ့ စာရွက်စာတမ်းတွေ သက်သေခံတင်သွင်းဖို့ တရားရုံးတော်ကို တင်ပြလာတယ်။ ဒါကို တရားလိုပြအကျိုးဆောင်ရှေ့နေများက ကန့်ကွက်လာတဲ့အတွက် နှစ်ဖက်လျှောက်လဲချက် အကျဉ်းကြားနာခဲ့ပြီး အမှုစွဲတင်ချက်တွေနဲ့ တိုက်ဆိုင်တဲ့အတွက် ဇေယျာဖြိုးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ငါးစောင်ကိုလက်ခံကြောင်း ကြားဖြတ်အမိန့်ချမှတ်ခဲ့ပါတယ်"ဟု ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တမူးမြို့မရဲစခန်းမှ အချုပ်သားခုနစ်ဦး အချုပ်ခန်းဖျက်၍ ထွက်ပြေး

**တမူး ဩဂုတ် ၁၀**
တမူးမြို့မရဲစခန်းရှိ အမျိုးသားအချုပ်ခန်း ဗူးတံခါးသစ်သားတိုင်အား နံနက် ၃ နာရီခွဲခန့်က သံဖြတ်လွှဖြင့်ဖြတ်၍ အချုပ်သား ခုနစ်ဦး ထွက်ခွာလာကြပြီး အချုပ်ကင်းတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များအား ထိုးကြိတ်ရိုက်နှက်ကာ ထွက်ပြေးသဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ထွက်ပြေးအချုပ်သား ခုနစ်ဦးအနက် လေးဦးအား ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**အမြန်ဆုံးဖမ်းမိနိုင်ရေး**

အချုပ်သား ညွှန့်စိုး၊ အောင်ဆန်းထွေးနှင့် အောင်ဆန်း(ခ)ကျော်ကျော်ဝင်း တို့သုံးဦးမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ကင်းကျတပ်ဖွဲ့ဝင်များက အချုပ်သားများအား ဖမ်းဆီးခဲ့ကြသဖြင့် ကင်းသားရဲတပ်သားလေးဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထွက်ပြေးလွတ်မြောက်နေသူ သုံးဦးအား သက်ဆိုင်ရာက



အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် အပူတပြင်း ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

# မြန်မာ ယူ-၂၃ အသင်းနှင့် Police Tero အသင်း ထိုင်းနိုင်ငံ၌ ယနေ့ခြေစမ်းမည်

**ရန်ကုန် ဩဂုတ် ၁၀**
ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ၎င်းတို့၏ အိမ်ကွင်း၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယခုခြေစမ်းပွဲအပြီးတွင် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် အပြီးသတ်ကစားသမား ၂၀ အား ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**
မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ဩဂုတ် ၉ ရက်က ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၃၀၊ သွင်းကုန် ၇၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၂ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၂ သန်းခန့်) စုစုပေါင်း တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၇၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Cotton Cutting Pieces (45Kgs) နှင့် ရှောင်ကွင်းလမ်းဘေးတွင်စုပုံထားသော အကောက်ခွန်မဲ့ Door Seal(150Kgs)၊ Chicken Feed (111) (30Bags)၊ TV 19"(Used 10Nos၊ TV ဒေါက် (Used) 25Nos နှင့် Sound Box 2Nos စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၂ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းတွင် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က နေပြည်တော်မှ ရန်ကုန်သို့ စောလားဘွယ်မောင်းနှင်ပြီး သန်းထိုက်အောင်လိုက်ပါလာသော စေတမန်ခရီးသည်တင်ယာဉ်သည် အရှိန်လွန်ပြီး လမ်းလယ်ကျွန်းပေါ် တိမ်းမှောက်သွားစဉ်။** *(ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် သန်းထိုက်အောင်တွင်(မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ပြီး ယာဉ်မောင်း စောလားဘွယ်အား ဖြူးအမြန်လမ်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။)*

**ကိုလွင်(ဆွာ)**



**ရန်ကုန်မြို့ တာမွေမြို့နယ် အထက(၁၀) ရတနာခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တာမွေမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးမြင့်က သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် အသိပညာပေးဟောပြောစဉ်။** ကြေးမုံ

# လယ်ဝေးမြို့၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ပညာပေးဟောပြော

**လယ်ဝေး ဩဂုတ် ၁၀**
ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့မရဲစခန်းမှူး ဒု-ရဲမှူး အောင်ဇေယျလင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ကွင်းဆင်း၍ အသိပညာပေးဟောပြောမှုကို ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီထိ ဉသျှစ်လှိုင်ကျေးရွာအုပ်စု ကျောက်မီးကူးကျေးရွာ တိုးကြီးတဲစုတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒုရဲမှူး အောင်ဇေယျလင်းနှင့် ရဲကင်းမှူး ဒု-ရဲအုပ် မြင့်ကျော်အေးတို့က ပြည်သူများအား သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်းအကြောင်း၊ ဖြစ်ပွားပုံ ပြစ်ဒဏ်တို့ကို အသေးစိတ်ရှင်းလင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**

# မြန်မာ့ရုပ်မြင်သံကြား

**၁၁-၈-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | Weekly Sport Info |
| ၈း၃၅ | "ဘဒ္ဒန္တ ဝုဏ်ကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှနဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း" |
| ၉း၀၀ | "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင်တက္ကသိုလ်/ကောလိပ်အသီးသီးမှ ထူးချွန်ကျောင်းသား/သူများအား ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစာပေစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" |
| ၁၂း၃၀ | ကျိုင်းတုံမြို့နှလုံးလှပိုင်ရှင်များ (အခမဲ့) လူမှုကူညီရေးအသင်း တစ်နှစ်ပြည့် ဓမ္မပူဇာသဘင်၊ ဓမ္မာစရိယဆရာတော်အရှင်ကသပ္ပဟောကြားတော်မူသည့် "နှလုံးလှပိုင်ရှင်နိဗ္ဗာန်ဝင်တရားတော်" |
| ၁၄း၀၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၃) |

**ညပိုင်း**

| | |
|---|---|
| ၁၇း၀၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၇း၃၅ | NHK Programme (ကတော့များ) |
| ၁၈း၂၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ခင်ဗျားညီမကို" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ မို့မို့မြင့်အောင်)(ဒါရိုက်တာ- ဆလိုင်းမျိုးဝင်းအောင်) |
| ၁၈း၃၀ | Tasty Trip |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၁၂) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | Big step (Singer-Koe Nine) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၀) -ဟိုတုန်းကကက်ဆက်ဇာတ်လမ်းများ "ဂျူန်မျိုးမိုးပုံနဂါးမှန်မြေလျှိုး" (ထက်နေချမ်း၊ အောင်မင်းဆွေ၊ ချိုတေးလွင်လွင်၊ အိမ်ဂျယ်ချို) (ဒါရိုက်တာ- သီတာလင်း) -အစီအစဉ်ပြီး၏။ |

# ကျွန်းစုမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်သဖြင့် သေဆုံးမှုဖြစ်ပွား

**ကျွန်းစု ဩဂုတ် ၁၀**
အရက်သောက်ရန်ခေါ်ရာမှ ငြင်းဆိုသဖြင့်ဟုဆိုကာ သေနတ်ဖြင့်ပစ်သတ်ခဲ့သော အမှုတစ်ခု ဩဂုတ် ၅ ရက် ည ၈ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု ရေပြည့်အော်ကျေးရွာ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောပြားကြီးကျေးရွာအုပ်စု ရေပြည့်အော်ကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ ဆောင်ကြီးတောင်ပေါ်ရှိ ဦးအေးသောင်းပိုင်ဆိုင်သော ဥယျာဉ်ခြံနေ ဦးစိုးလွင်ကို ခြံချင်းကပ်တွင်နေထိုင်သော ဦးမြင့်နိုင်က အရက်သောက်ရန်ခေါ်ရာတွင် ဦးစိုးလွင်က မသောက်ချင်လို့ပါဟု ငြင်းလိုက်ရာ ဦးမြင့်နိုင်က အသင့်ယူဆောင်လာသော လက်လုပ်ယမ်းထောင်း (ခ)တူမီးသေနတ်ဖြင့် တစ်ချက်ပစ်ခဲ့ကြောင်း၊ ထိမှန်လဲကျသွားစဉ် အသင့်ယူဆောင်လာသော ဓားမြှောင်ဖြင့် ဦးစိုးလွင်၏ ဝဲဘက်နားရွက်အား ထပ်မံလှီးဖြတ်နေသည်ကို ဦးစိုးလွင်၏ဇနီးဖြစ်သူ ဒေါ်မြစိုးက တွေ့ရှိသဖြင့် ရေပြည့်အော်ကျေးရွာ လူကြီးများထံ သွားရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာလူကြီးများနှင့်အတူ အခင်းဖြစ်နေရာသို့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ပြန်လည်ရောက်ရှိရာ ဦးစိုးလွင်၏ ဝဲဘက် လက်မောင်းတွင် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲဘက်ရင်အုံမှ ကျည်ဖောက်ဝင်ပြီး နောက်ကျောသို့ ပေါက်ထွက်နေသည့် ဒဏ်ရာ တစ်ချက်၊ ဝဲဘက်နားရွက်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာဘက်လက်မောင်း ပွန်းပဲ့ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ၎င်းအား ကျွန်းစုမြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင် ရွက်ထားကြောင်း သိရသည်။

**ပြန်/ဆက်**

# ၂၀၁၈ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်

ဒေါက်တာအောင်ထွဏ်း
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျောင်းသားလူငယ်များသည် အနာဂတ်ပိုင်ရှင်များဖြစ်သည်။ အနာဂတ် နိုင်ငံတော်အတွက် ယနေ့ကျောင်းသားလူငယ်များကို ကျန်းမာကြံ့ခိုင်အောင်ပြုစုဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျောင်းကျန်းမာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်အကျိုးအမြတ်ပြန်လည်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် (၁-၄-၂၀၁၆) ရက်မှစတင်၍ ကျောင်းကျန်းမာရေးလုပ်ငန်းအား ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ကာ မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာမက ကျောင်းသားကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေး၊ ကျောင်း၊ အာဟာရကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့် ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် မြို့နယ်တိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက် (မြို့/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းအား ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့ပြင် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ အားကစားနှင့်ကာယပညာဦးစီးဌာနများနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကာယနှင့် ကျောင်းအားကစားလုပ်ငန်းကို ပေါင်းစည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာကျောင်းသားလူငယ်များ၏ လက်ရှိကျန်းမာရေးအခြေအနေ

မြန်မာနိုင်ငံ ကျောင်းကျန်းမာရေးစီမံချက်၏ ထူးခြားသော လှုပ်ရှားမှုဖြစ်သည့် မြန်မာနိုင်ငံကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားကျန်းမာရေး သုတေသန (Global School Health Survey) ကို ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့၏။ ၁၃-၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များ၏ အစားအသောက်ဆိုင်ရာ အလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားအားကစားခြင်း၊ ကာကွယ်သောအချက်များ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့်ပတ်သက်သော အသိပညာများ၊ အကြမ်းဖက်မှုနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများစသည်ဖြင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အန္တရာယ်ရှိသော အပြုအမူများနှင့် သေဆုံးမှုအဖြစ်များသော ရောဂါများဖြစ်စေသော အကြောင်းအရာများအား သိရှိစေရန် ရည်ရွယ်ပါသည်။ ထိုစစ်တမ်းတွေ့ရှိချက်များအရ ၁၃-၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များ၏ အဓိကကျန်းမာရေးအလေ့အကျင့် အပြုအမူများကို အောက်ပါအတိုင်း တွေ့ရသည်။

- ကျောင်းသားလူငယ် ၁၇ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်စံမမီဘဲ ၁ ဒသမ ၉ ရာခိုင်နှုန်းမှာ အဝလွန်လျက်ရှိသည်။
- ၄ ဒသမ ၃ ရာခိုင်နှုန်းမှာ နေ့စဉ် အရက်သေစာသောက်စားကြ၍ ၅၇ ဒသမ ၉ ရာခိုင်နှုန်းသည် အသက် ၁၄ နှစ်မတိုင်မီ အရက်စတင်သောက်သုံးကြကြောင်း တွေ့ရသည်။
- ၄၅ ဒသမ သုည ရာခိုင်နှုန်းသော ကျောင်းသားလူငယ်များသည် ဆိုဒါပါသော အချိုရည်များ တစ်နေ့တစ်ကြိမ်နှင့်အထက် သောက်သုံးကြခြင်း။
- ကျောင်းသားလူငယ်များသည် ကျန်းမာရေးအလေ့အကျင့်ကောင်းများဖြစ်သည့် သွားတိုက်ခြင်း၊ ၉၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ဆေးခြင်း ၉၄ ဒသမ ၁ ရာခိုင်နှုန်းစသည်တို့ ကျင့်သုံးကြသည်။
- ကျောင်းသားလူငယ် ၃၆ ဒသမ ၇ ရာခိုင်နှုန်းသည် စစ်တမ်းမတိုင်မီ မတော်တဆ ထိခိုက်ဒဏ်ရာရမှုတစ်ခုခုဖြစ်ပွားခဲ့သည်။
- ၃၀ ဒသမ ၂ ရာခိုင်နှုန်း ကျောင်းသားလူငယ်အများစုတွင် ကိုယ်ကာယလှုပ်ရှားမှု နည်းပါးကြသည်။
- ၈ ဒသမ ၅ ရာခိုင်နှုန်းသော ကျောင်းသားလူငယ်များသည် အထီးကျန်ပြီး စိတ်ဓာတ်ကျခြင်း ခံစားနေရသည်။

မြန်မာနိုင်ငံတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်ရှိ ကျောင်းသား ကျောင်းသူများအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် (Global Youth Tobacco Survey) စစ်တမ်းအရ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသားကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်းတွေ့ရပါသည်။ သို့သော် ၂၀၁၁ ခုနှစ် စစ်တမ်းတွင် ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ် စစ်တမ်းတွင်မူ ၈ ဒသမ ၃ ရာခိုင်နှုန်းသို့ ပြန်လည် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာကျောင်းသားလူငယ်များအတွင်း ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုသည် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

> ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သောကျန်းမာရေးအလေ့အကျင့် ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေး အလေ့အကျင့်ကောင်းများရရှိရေး ဆောင်ရွက်လျက်ရှိ . . .

## ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပညာရေးနှင့် နှီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်းမြင့်မား တိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်။ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life style) ပိုင်ရှင်များဖြစ်လာစေရန်။

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှ တစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်၊

## ကျန်းမာရေးအဆင့်မြင့် ကျောင်းထူထောင်ရေးလုပ်ငန်း

ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသားကျောင်းသူများ၊ ပညာရေး မိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသော လုပ်ငန်းပင်ဖြစ်သည်။ စင်စစ်ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများအား လက်ရှိ အခြေအနေနှင့်ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။ ယခုအခါ မြို့နယ်အားလုံးတို့တွင် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိပါသည်။

ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေး စီမံချက်အရ၊ သမားရိုးကျ ကျောင်းကျန်းမာရေး လုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေး လုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြို့နယ်များရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများမှ ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကိုးချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှု လုပ်ငန်း

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့်ကာယလုပ်ငန်း

၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများဖြစ်ထွန်းရေး တစ်နှစ်နှစ်ကြိမ် သန်ချဆေးတိုက်ကျွေးရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နှီးနွယ်ဌာန၊ အဖွဲ့အစည်းအားလုံးလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒု-ဦးစီးဌာနမှူးတို့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ် မိခင်ကလေး ကျောင်းအာဟာရ ကျန်းမာရေးဆရာဝန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအား အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုအား မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့် အတူ ပူးတွဲဆန်းစစ် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ၊ ဆရာမများသည် ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေး သင်တန်းမှ ရရှိလာသော အသိပညာများဖြင့် အတန်းတိုင်းတွင် ကျောင်းသားသူငယ်များအား မှန်ကန်သောကျန်းမာရေး အလေ့အကျင့်များကို ဦးစားပေးပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ မကြာမီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြုစုထုတ်ဝေခဲ့သော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် (Standardized Health Message Book) တွင်လည်း ကျောင်းကျန်းမာရေးလုပ်ငန်းအား ထည့်သွင်း၍ အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံး ကျောင်းကျန်းမာရေးလုပ်ငန်း ထိရောက်စွာဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

## ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက် ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၂)

ကျန်မာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပြီးပြည့်စုံသောကျောင်းကျန်းမာရေးစီမံချက် ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၂)ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းသစ်တွင် ကျောင်းကျန်းမာရေးကဏ္ဍအတွက် အဓိကထားဆောင်ရွက်သင့်သည့် နယ်ပယ်ရွေးချယ်ရာတွင် ကုန်ကျစရိတ်သင့်တင့်ပြီး ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအတွက် ရေရှည်အကျိုးသက်ရောက်နိုင်သော နယ်ပယ်များကို ရွေးချယ်ရေး၊ အခြေခံပညာကျောင်းများတွင် ကာယနှင့် အားကစားလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ကျောင်းသားလူငယ်များ ကျန်းမာသန်စွမ်းလာစေရန်နှင့် ရေရှည် အကျိုးသက်ရောက်မှုအဖြစ် မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှုများကို လျှော့ချနိုင်ရေးတို့အတွက် ကျောင်းမုန့်ဈေးတန်းအပါအဝင်ကျောင်းတွင်းနှင့် ကျောင်းဝန်းကျင် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့်အစားအသောက်များကိုသာ ကျောင်းသားကျောင်းသူများ ဝယ်ယူစားသောက်နိုင်ရေး၊ ပူးပေါင်းဆောင်ရွက်မည့်နည်းလမ်းများကို ဖော်ထုတ်အကြံပြုခဲ့ကြပါသည်။ ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသည့် အဓိကကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ ဦးစားပေးနယ်ပယ်များ ရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။

**စာမျက်နှာ (၂၁) သို့**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်၊ ထွက် လည်ပတ်



**နေပြည်တော် ဩဂုတ် ၁၀**

ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ တာချီလိတ်နယ်စပ် ဝင်၊ ထွက် ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ၂၉၄၇ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁၀၆ ဦး၊ ဗီဇာဖြင့် လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၄၇ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်မွှာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင်ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင် စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် ကမ္ဘာလှည့် ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၃၀၆၈၉၁ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၃၃၄၈ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၂၅၆၈ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

တိုတိုထွာထွာဖတ်စရာ

## မြစ်သားမြို့၌ယာဉ်၊လမ်းစည်းကမ်းစစ်ဆေး

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြစ်သား-မြင်းခြံလမ်းနှင့် ဆင်းသီရိလမ်းဆုံတွင် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက စည်းကမ်းပျက်ယာဉ်မောင်းများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြင့် စစ်ဆေးကာ အမှုဖွင့်အရေးယူကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးလှသန်းနိုင်ကြီးကြပ်၍ ဒုတိယရဲအုပ်ဝင်းသီတာ ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၁၀ ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ချောင်းဦး**

ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက တောကျောင်းကြီးကျေးရွာ ဆင်ဖြူရှင်တံတားအနီး ချင်းတွင်းမြစ်ကမ်းနံဘေး၌ ကျင်းပသည်။

ဌာနဆိုင်ရာများ၊ ကျေးရွာလူထုတို့ စုပေါင်း၍ ချင်းတွင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းငါးသန်ကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးငါးသန်ကောင်ရေ ငါးသောင်း စုစုပေါင်း ငါးကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ကံမ၌ စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်းဆင်း

**ကံမ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်းပွဲကို ဩဂုတ် ၁၀ ရက် နံနက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် အခြေခံလျှပ်စစ်သွယ်တန်းမှုပညာပေး ဘာသာရပ်အား ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသားများ၏ အိမ်တွင်း လျှပ်စစ်သွယ်တန်းမှုကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပုံတူပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲကျင်းပ

**ဇမ္ဗူသီရိ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်လုပ်ရှားမှုအနေဖြင့် ပုံတူဆွဲပန်းချီပြိုင်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ဇမ္ဗူသီရိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ဆုမွန်ထွန်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပုံတူဆွဲပန်းချီပြိုင်ပွဲသို့ ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



## မုံရွာမြို့အားကစားကွင်းအတွင်း Zumber ကစားသူများဖြင့်စည်ကား

**မုံရွာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် Zumber ကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြမြသွယ်၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံတော်မှချမှတ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်အရ မုံရွာမြို့တွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစား ဆပ်ကော်မတီတို့ ပူးပေါင်းပြီး "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" "Healthy Myanmar" "Exercise Physical Activity is Medicine" အားကစားလှုပ်ရှားမှုကို ဇွန် ၅ ရက်တွင် ကျင်းပခဲ့ပြီးနောက် အဆိုပါ အားကစားကို လိုက်ပါကစားသူ များပြားလာကြောင်း ဒေါ်အေးမြမြသွယ်က ပြောသည်။

"နံနက်ပိုင်းနဲ့ ညနေပိုင်းဆိုရင် နံနက်ပိုင်းမှာ ကစားတာ ပိုပြီးတော့များတယ်၊ အသက်အပိုင်းအခြားအနေနဲ့ပြောရရင် အသက် ၃၅ နှစ်ကနေ ၆၀ အထိ အမျိုးသမီးတွေလာပြီးကစားကြတယ်၊ ဟိုတုန်းကတော့ အေရိုးဗစ် ကစားကြတယ်၊ အခုနောက်ပိုင်းမှာတော့ Zumber ကစားတာများလာတယ်၊ ၁၀ လပိုင်းလောက်ဆိုရင် Zumber အားကစားကို တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတောင်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ပျော်စရာလည်းကောင်း၊ အပေါင်းအသင်းလည်း တိုးတယ်၊ ချွေးထွက်တဲ့အတွက် ပေါ့ပါးသွက်လက်တယ်၊ ကစားသင့်တဲ့ အားကစားနည်းတစ်ခုပါ" ဟု တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေး မြမြသွယ်က ပြောသည်။

မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း Zumber အားကစားကို နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဌာနဆိုင်ရာများမှ အမျိုးသမီးများ၊ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများနှင့် မြို့ပေါ်ရပ်ကွက်များမှ အမျိုးသမီး ၁၅၀ ကျော် နေ့စဉ် လာရောက်ကစားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များ တပ်ဆင်ကာ LED မီးများထွန်းညှိပေး

**မန္တလေး ဩဂုတ် ၁၀**

မန္တလေးမြို့အဝင်နှင့် မြို့တွင်းအဓိကလမ်းမကြီးများ၊ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လေ့ရှိသည့် မန္တလေးတောင်၊ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၊ မြို့ပတ်ကမ်းနားလမ်းများတွင်လည်း နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များ တပ်ဆင်ကာ LED မီးများထွန်းပေးလျက်ရှိသည်။

ဩဂုတ် ၉ ရက်က တိုးချဲ့လမ်းများရှိ တိုင်များတွင် တပ်ဆင်ပြီးစီး၍ လျှပ်စစ်မီးများထွန်းပွဲကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ခဲ့သည့် လမ်းမီးများမှာ သိပ္ပံလမ်း ရန်ကုန်-မန္တလေးလမ်းမှ ၆၂ လမ်းအထိ၊ ၃၅လမ်း ၆၂ လမ်းမှ မြို့ပတ်လမ်းအထိ၊ ၇၈ လမ်း၊ ၂၆ လမ်းမှ သိပ္ပံလမ်းအထိ၊ ကန်တော်ကြီးပတ်လမ်း စစ်ကိုင်း-မန္တလေးလမ်းမှ ရှမ်းလေးကျွန်း လမ်းဆုံအထိ၊ ရန်ကုန်-မန္တလေးလမ်း သိပ္ပံလမ်းမှ မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်းအထိ၊ မန္တလေးတောင်ပတ်လမ်း၊ မန္တလေးတက္ကသိုလ်အဝင်တို့တွင် Single Arm မီးတိုင်များနှင့် Double Arm မီးတိုင်များဖြင့် LED-115W မီးလုံးများ ထွန်းပေးနိုင်ခဲ့သည်။

ဆက်လက်၍လည်း မန္တလေးမြို့တွင်းနှင့် လမ်းသွယ်များတွင် LED မီးများတိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ရှိ အင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ရှိ အင်ဂျင်နီယာများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်က Royal Nay Pyi Taw Hotel တွင် ကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများတွင် ခန့်ထားသော အင်ဂျင်နီယာများ၏လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ ၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သော (Supply Side Readiness) အတွက် အဓိကအထောက်အကူပြုနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အရည်အသွေးပြည့်မီစွာ လုပ်ဆောင်နိုင်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတော်မှ ခွဲဝေချထားပေးသည့် ဘဏ္ဍာငွေများအား အကျိုးရှိစွာ ထိထိရောက်ရောက် သုံးစွဲပြီး အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ စနစ်တကျဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များနှင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွင်းသို့ သွားရောက်ပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများလုပ်ဆောင်မည်ဖြစ်သောကြောင့် အလွန်အကျိုးရှိသော သင်တန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ NIMU မှ တာဝန်ရှိသူများ၊ UNOPS၊ Infrastructure Team မှ ပညာရှင်များ၊ ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများမှ အင်ဂျင်နီယာ သင်တန်းသား သင်တန်းသူ ၅၈ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**နိုင်လင်းကြည်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဆည်၊ တမံများ မိုးရေထိန်းညှိရေးစည်းဝေး

**ပဲခူး ဩဂုတ် ၁၀**

မိုးရာသီတွင် ဆည်၊ တမံများ မိုးရေထိန်းညှိနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရာသီတွင် ဆည်၊ တမံများမှ ရေထိန်းနိုင်မည်ဆိုပါက ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး တစ်စိတ်တစ်ဒေသ အကျိုး ဖြစ်ထွန်းနိုင်ကြောင်း၊ ထို့ကြောင့် ကျန်ရှိမည့် မိုးရာသီတွင် ဆည်၊ တမံအတွင်း ဝင်ရောက်လာမည့် ဝင်ရေများအား ထိန်းသိမ်းနိုင်ရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်းနှင့် ဒီရေအတက်အကျ၊ မြစ်ရေမြင့်တက်မှု၊ မိုးရေချိန် စသည်တို့ကို အချိန်ပြည့်စောင့်ကြည့်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ခရိုင်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူးများနှင့် တည်ဆောက်ရေး (၁၊ ၂၊ ၅၊ ၉) တို့မှ လက်ထောက် ညွှန်ကြားရေးမှူးများက ဆည်၊ တမံများအတွင်း ရေသိုလှောင်ထားရှိမှု၊ ရေကြီးမှုဖြစ်စဉ်အတွင်း ရေလှောင်တမံများ၌ ရေထိန်းချုပ်ထားမှု၊ ရေပြန်လည်ကျဆင်းသည့်အခါ ရေထိန်းညှိလျှော့ချမှုအခြေအနေများနှင့် ကျန်သည့် မိုးတွင်းကာလအတွင်း ဆောင်ရွက်သွားမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ရှစ်လပိုင်းနှင့် ကိုးလပိုင်းအတွင်း၌ မိုးရေချိန် ထပ်မံများနိုင်မှုရှိ၍ ယခုအချိန်ကတည်းက ဆည်၊ တမံများအတွင်းရှိ ရေများအား အထိုက်အလျောက် ကြိုတင်လျှော့ချထားရန်လိုကြောင်းနှင့် မိုးရေချိန်များသည့်ကာလ၊ ဒီရေတက်သည့်ကာလများတွင် ဆည်၊ တမံများတွင် ရေလွှတ်ခြင်းမရှိစေရန်နှင့် လိုအပ်ပါက မိုးရာသီတွင် ဆည်၊ တမံများနှင့် ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ သတင်းများ ထုတ်ပြန်ပေးရန် တင်ပြဆွေးနွေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ရေလှောင်တမံ ၄၃ ခုရှိရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ရေလှောင်တမံ ၃၉ ခုရှိပြီး ပဲခူးခရိုင်၌ ၁၃ ခု၊ တောင်ငူခရိုင်၌ ရှစ်ခု၊ သာယာဝတီခရိုင်၌ ၁၀ ခု၊ ပြည်ခရိုင်၌ ရှစ်ခု ရှိသည်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ထိန်းသိမ်းထားသော ရေလှောင်တမံလေးခု ရှိကြောင်းနှင့် အဓိကအားဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော ရေလှောင်တမံများသည် နွေစပါး၊ မိုးစပါး စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် ရည်ရွယ် တည်ဆောက်ထားကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

# ကျောက်ကြီးမြို့နယ်တွင် ရေပြန်ကျ၍ ယာယီကယ်ဆယ်ရေးစခန်းများပိတ်သိမ်း

**ကျောက်ကြီး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး အရှေ့ကျောက်ကြီးမြို့နယ်ရှိ ကျောက်ကြီး ချောင်းရေနှင့် စစ်တောင်းမြစ်ရေတို့မှာ ကျဆင်းသွားပြီဖြစ်၍ ဩဂုတ် ၉ ရက်က ယာယီ ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ဇူလိုင် ၂၃ ရက်မှစတင်ပြီး မိုးများအဆက်မပြတ် ရွာသွန်းကာ စစ်တောင်းမြစ်ရေလျှံခြင်း၊ ကျောက်ကြီးချောင်းရေမြင့်တက်ခြင်းတို့ကြောင့် မြို့နယ်အတွင်းရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၄၀၀၆ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းများနှင့် ဆွေမျိုးနီးစပ်နေအိမ်များသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။ ယခုအခါ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားကာ ကျောက်ကြီး ချောင်းရေသည် အမြင့်ဆုံးရေမှတ်အောက် နှစ်ပေခန့် ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း တစ်ပြိုင်တည်းဆောင်ရွက်

**သာပေါင်း ဩဂုတ် ၁၀**

မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ ဩဂုတ် ၉ ရက်က မြို့နယ်အလိုက် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။

“သွေးလွန်တုပ်ကွေးရောဂါဆိုတာက ဖြစ်မှ ကုသခြင်းထက် ခုလိုကာကွယ်ရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာတွေနဲ့ ပြည်သူတွေ ပူးပေါင်းပြီးလုပ်ရတာ ပိုအကျိုးရှိပါတယ်။ ဒီနေ့ဆိုရင် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်မှာ တစ်ပြိုင်တည်းလုပ်တာပါ” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ရှင်းလင်းပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရှိ လူမှုရေးကူညီမှုအဖွဲ့များနှင့် မြို့ခံလူထုအပါအဝင် အင်အား ၃၀၀ ကျော်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးများပက်ဖျန်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



# ပြတိုက်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲနှင့်ဆွေးနွေးပွဲ ရန်ကုန်မြို့တွင် ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံရှိ ပြတိုက်များဖွံ့ဖြိုးတိုးတက်စေရန် ပြတိုက်ဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပသည်။

“အဓိကကတော့ ပြတိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြတိုက်နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေအများကြီးရှိတဲ့အတွက် ပြည်သူတွေကို သိစေချင်တယ်။ အထူးသဖြင့် လူငယ်တွေကိုသိစေချင်တဲ့အတွက်ကြောင့် ဒီပွဲလေးကိုကျင်းပတာပါ” ဟု ပွဲစီစဉ်သူ စာရေးဆရာမ ဒေါ်ခင်သန်းဖြူက ပြောသည်။

ပြတိုက်ကျွမ်းကျင်နှင့် ပြတိုက်အတိုင်ပင်ခံပညာရှင် ဒေါက်တာနုမြဇံက “စာသင်ကျောင်းတွေမှာ ပြတိုက်နဲ့ပတ်သက်ပြီး သင်ခန်းစာထည့်တာတွေရှိပါတယ်။ ခြောက်တန်းမှာ အမျိုးသားပြတိုက်အကြောင်း ထည့်ထားတယ်။ ဒီလောက်ပဲပေါ့ ပြတိုက်နဲ့ ကျောင်းသင်ခန်းစာနဲ့က ထိထိရောက်ရောက်ဆက်စပ်မှုမရှိဘူး။ ဂျပန်နိုင်ငံမှာဆိုရင်သူတို့ ပြတိုက်တွေက ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှာ မဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနအောက်မှာ ထားတယ်။ ဒါကြောင့်ပြတိုက်နဲ့ ကျောင်းသင်ခန်းစာဆက်စပ်ပြီးသားဖြစ်သွားတယ်” ဟု ပြောသည်။

ဆက်လက်၍ ဒေါက်တာမြနုဇံက ပြတိုက်များဖွံ့ဖြိုးတိုးတက်ရန် ဝန်ထမ်းများ၏ အသိပညာ၊ အတတ်ပညာတိုးတက်ရန် များစွာလုပ်ဆောင်ပေးရဦးမှာဖြစ်ကြောင်း၊ ပြုပြင်ထိန်းသိမ်းရမည့် နည်းလမ်းများအတွက် စက်ကိရိယာ၊ အထောက်အကူပြုပစ္စည်းများ၊ ဓာတုဆေးဝါးနှင့် နည်းပညာပိုင်း လိုအပ်ချက်များလည်းရှိကြောင်း ပြောသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီးဦးမြင့်ကြိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြတိုက်ကျွမ်းကျင်နှင့် ပြတိုက်အတိုင်ပင်ခံပညာရှင် ဒေါက်တာနုမြဇံက မြန်မာနိုင်ငံ ပြတိုက်များ ဖန်တီးခင်းကျင်းမှု စာတမ်းကိုလည်းကောင်း၊ စာရေးဆရာမ ဒေါ်ခင်သန်းဖြူက မြန်မာနိုင်ငံနှင့် ပြတိုက်ယဉ်ကျေးမှုစာတမ်းကိုလည်းကောင်း၊ စာရေးဆရာအောင်စိုးမင်းက လူထုအမှတ်သညာနှင့် ဒေသန္တရပြတိုက်များ ဖွံ့ဖြိုးရေးစာတမ်းကိုလည်းကောင်း၊ ပန်းချီဆရာခင်ဇော်လတ်က အနုပညာပြတိုက်နှင့် ပန်းပုဉယျာဉ်စာတမ်းကိုလည်းကောင်း၊ ပန်းချီနှင့် အနုပညာဆိုင်ရာစာအုပ်များ ရေးသားသူ ဆရာအောင်မြတ်ဌေးက အနုပညာပြပွဲစီစဉ်မှုနှင့် ပြတိုက်ယဉ်ကျေးမှုစာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြား ဆွေးနွေးကာ အမေးအဖြေများပြုလုပ်ကြသည်။

**အေးမင်းသူ**

## တိုတိုထွာထွာဖတ်စရာ

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေပေးအပ်

**ရန်ကုန်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေအား ဘော့သပြေကန်ကျေးရွာ၊ နတ်စင်ကုန်းကျေးရွာနှင့် သပြေကုန်းကျေးရွာအပါအဝင် ကျေးရွာ သုံးရွာအတွက် တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၃၀၀ အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ပုသိမ်၌ အသားစစ်ဆေးခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကျန်းမာရေးနှင့် ညီညွတ်သောအသားများ ထုတ်လုပ်ရန် အသားစစ်ဆေးခြင်းဆိုင်ရာဆင့်ပွားသင်တန်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တိုင်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

သင်တန်းတွင် အသားစစ်ဆေးခြင်း၏ ရည်ရွယ်ချက်များနှင့် သားသတ်ရုံများစစ်ဆေးခြင်း၊ တိရစ္ဆာန်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ နှိုင်းယှဉ်ချက်၊ လူအများစားသုံးရန် သတ်ဖြတ်မည့်တိရစ္ဆာန်၏အနာရောဂါများ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ၌ တွေ့ရသောရောဂါများ၊ အစားအသောက်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါများ၊ သက်ရှိတိရစ္ဆာန်မျက်မြင်စစ်ဆေးခြင်း၊ ရောဂါနမူနာပစ္စည်းကောက်ယူပေးပို့ခြင်း၊ ဖျက်ဆီးခြင်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပြီး သင်တန်းသို့ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးများ၊ ဒုတိယဦးစီးမှူးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ကျုံပျော်တွင်ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်

**ကျုံပျော်**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်အကြို ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကို ကျုံပျော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ပန်းဘဲတန်းတွင် ဗီတာမင်အေဆေးတိုက်ကျွေး

**ရန်ကုန်**

ပန်းဘဲတန်းမြို့နယ် အမှတ် (၁)ရပ်ကွက်အတွင်းရှိ အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဗီတာမင်အေဆေးများ တိုက်ကျွေးမှုကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗီတာမင်အေဆေးတိုက်ကျွေးမှုကို အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်အတွင်းရှိ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေး ၈၀ တို့အား တိုက်ကျွေးခဲ့ကြသည်။

**ချစ်စုဝေ(ပန်းဘဲတန်း)**

### ခရမ်းတွင် မူခင်းပညာပေးဟောပြော

**ရန်ကုန်**

ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူး ခင်ဇော်သည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာ အထက ကျောင်း၌ မူခင်းပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**အောင်ဆွေ (ရွှေတံတား)**

### ပန်းတောင်းကျေးလက်ကော်မတီဝင်များကြည့်ရှုလေ့လာ

**ရန်ကုန်**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော်မတီဝင်များသည် ဩဂုတ် ပထမပတ်က ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းကျေးရွာ ၁၂ ရွာသို့သွားရောက်ကာ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများကို ကြည့်ရှုလေ့လာပြီး ဒေသခံကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး သိလိုသည်များ မေးမြန်းကာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ကိုကြည်**

### ခရမ်းမြို့နယ်တွင် စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်**

ခရမ်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ပထမပတ်က ကျင်းပခဲ့ရာ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ(၆၉)




**ဆရာကြီး ကျောက်ကပ်မှာ ကျောက်တည်နေပါသဖြင့် ဆေးနည်းလေး ပေးပါခင်ဗျာ။ ကျေးဇူး တင်ပါတယ်။**

ကျောက်ကပ်ကျောက်တည်ရင် အရည်များများ သောက်ဖို့လိုပါတယ်။ ထုံးဓာတ်ကြောင့် ကျောက် တည်တာမို့ ထုံးဓာတ်များတဲ့ အစာတွေရှောင်ဖို့ လိုပါတယ်။ ရေကိုဆူပွက်အောင် ကျိုချက်ပြီး အအေးခံထားပါ။ (ရေကျက်အေးပြုလုပ်ထားပါ)။ ဖန်ပုလင်းနဲ့ ထည့်ထားပြီး တစ်နေ့ကို လေးပုလင်းမှ ခြောက်ပုလင်းထိ သောက်ပါ။ ရေကျက်အေးသောက်ရင် ကျောက်ကို ပိုကြီး မလာစေနိုင်ပါ။ သံမနိုင်ကျောက်မနိုင်ပင်၊ ကျောက်ကွဲပင်၊ တောဆီးဖြူပင်၊ မြင်းခွာနွယ်ပင်များကို အခြောက်ပြုလုပ်ထားပြီး ပြုတ်သောက်ပါ။ ကြက်သွန်ဖြူ ကြက်သွန်နီ များများစားပေးပါ။ အဓိကကတော့ ရေကျက်အေး များများသောက်ဖို့လိုပါတယ်။ ကျောက်ကွဲပင်က မိုးရာသီမှာအလွန်ပေါပါတယ်။ အညာသားများ အသုပ်ပြုလုပ်စားကြပါတယ်။ ကျောက်တည်သူများ နေ့စဉ်အတို့အမြှုပ်ပြုလုပ်စားပေးပါက ကျောက်များကွဲပြီး ဆီးတွင်ပါလာသည်ကို လက်တွေ့ တွေ့ရသူများစွာရှိသည်။ မိတ္ထီလာ၊ မန္တလေးအထက်ပိုင်းတွင် အလွန်ပေါသည်။ ကျောက်ကွဲပင်ကို အရပ်ဒေသအလိုက် နှစ်မျိုးတွေ့ရသည်။ တစ်မျိုးမှာ မြေမှာကပ်ပေါက်ပြီး ဆောင်းဦးတွင် ခရမ်းပြာရောင် ပန်းပွင့်ကလေးများပွင့်သည်။ မြေမှာကပ်ပေါက်ပြီး ကန်စွန်းပင်ကဲ့သို့ တွားသွားသည်။ အရပ်ခေါ် ခရုသင်းပွင့်ဖြူဟုလည်းခေါ်သည်။ ပခုက္ကူနယ်ဘက်တွင် အတွေ့ရများသည်။ နောက်တစ်မျိုးမှာ တစ်ပေခန့်မြင့်သော ပင်ထောင်ရွက်ဆိုင်ဖြစ်ပြီး အပွင့်မှာ အဖြူရောင် ပွင့်သည်။ အရွက်ကို နေ့စဉ် နှစ်ရွက်၊ သုံးရွက်စားရုံဖြင့် ကျောက်တည်ခြင်းနှင့် ဆီးတွင် အဖြူရောင်အနယ်အနှစ် ပါဝင်ခြင်းကို ပျောက်ကင်းစေနိုင်သည်။ ပထမခရုသင်းပွင့်ဖြူမျိုးသည် ကျောက်ကွဲပင်ဟု အချို့အရပ်တွင် ခေါ်သော်လည်း ထိုအသုံးထက် အခြားဆေးဖက်ဝင်မှု အာနိသင်များစွာရှိသည်။ ပွင့်ခြောက်ကို ပြုတ်သောက်လျှင် အာရုံကြောများနိုးထပြီး မှတ်ဉာဏ်ကောင်းစေသည်။ အရွက်ကို ဆံပင်ပေါက်ဆေး၊ ကျွဲနွား နို့ထွက်ဆေးအဖြစ်သုံးနိုင်သည်။ အနောက်တိုင်းသုတေသနအရ စိတ်ရောဂါ ပျောက်ကင်းစေပြီး ဦးနှောက်အားတိုးဆေး Nootropic or Brain-Tonic အဖြစ်တွင်ကျယ်စွာ ထုတ်လုပ်သုံးစွဲကြောင်းသိရသည်။ စိတ်ကျရောဂါ Depression ကို ကုသနိုင်သော ဆေးဖက် ဝင်အပင်ဖြစ်သည်။ ပန်းနာရောဂါကိုလည်း ကုသနိုင်သည်။ အပင်ကို ဆက်လက်သုတေသနပြုလျှင် အတော်ကို ဆေးဖက်ဝင်သော အပင်မျိုးဖြစ်သည်။ Rf: Dr. Thet Naing Oo, Monywa University)

**ဆရာခင်ဗျာ။ ကျွန်တော်၏ ဖခင် အသက် ၆၃ နှစ်ရှိပါတယ်။ အပေါ့သွားရာတွင် တော်တော်နဲ့ သွားမရဘူးလို့ပြောပါတယ်။ ဆီးခုံလည်းမာနေပါတယ်ခင်ဗျ။ ဆရာဝန်ကို ဓာတ်မှန်ရိုက်ပြီးပြတဲ့အခါ ဆီးကျိတ်အဆင့် (၂) ရှိတယ်လို့ ပြောပါတယ်ခင်ဗျ။ မြန်မာဆေး သောက်ချင်လို့ ညွှန်ကြားပေးပါခင်ဗျ။**

ကုန်းထိကရုံးပင်ကိုထောင်း အရည်ညှစ် ပျားရည်တစ်ဇွန်းစပ်၊ နံနက်၊ ည တစ်နေ့ နှစ်ကြိမ်သောက်ပါ။ ဆီးကြိမ်သောက်ပါ။ ဆီးကျိတ်ရောင်ရင် ကောက်ရိုးအဝါရောင်ကို ရေစင်အောင်ဆေး ပြုတ်ပြီး မတ်ခွက်တစ်ခွက်စာမှာ သကြားတစ်ဇွန်းထည့်သောက်ပါ။ ၁၄ ရက်ခန့် သောက်ရပါမယ်။ ကောက်ရိုးက ကျောက်ကပ်အတွက်လည်းကောင်းပါတယ်။

**ဆရာ ကျွန်မကလေး တစ်နှစ်နဲ့ နှစ်လပါ။ အခုရက်ပိုင်း ကလေးက ထမင်းမစားဖြစ်နေလို့ပါ။ နေတော့ကောင်းပါတယ်။ ဘယ်လိုလုပ်မလဲဆရာ။ ကလေး ထမင်းပြန်စားအောင် နည်းလမ်းလေးပေးပါဦးဆရာ။**

ကလေးအစာမစားချင်လျှင် ပဲရာဇာ (ပဲနီလေး) ဟင်းချိုချက်တိုက်ပါ။ ငါးဖယ်အောင် မီးကင် အသားကို ဖဲ့ယူ ထမင်းဆီဆမ်းနဲ့ ကျွေးပါ။ နို့ထမင်းကို ထန်းလျက်ရည်ဆမ်းကျွေးပါ။ ကလေး ဝမ်းဗိုက်ကို မုန်ညင်းဆီလူးပေးရင်လည်း ထမင်းဆာတယ် ပြောပါတယ်။ ထမင်းမကျွေးမီ ဦးခေါင်းမှ ရေလောင်းချိုးပေးရင်လည်း ထမင်းဆာတယ်ပြောပါတယ်။

**ဆရာ သမီးအသက် ၂၆ နှစ်ပါ။ တစ်ခါတစ်ခါ အသက်ရှူရတာ မဝဘူးဖြစ်နေပါတယ်။ အသက်ရှူရတာ ကျပ်ကျပ်နေလို့ သမီးကို ဆေးနည်းလေးပြောပြပေးပါဆရာ။**

ငုရွက်ကိုပြုတ်ပြီး ပူပူနွေးနွေး သောက်ပေးပါ။ ဝမ်းသက်ပြီး အသက်ရှူချောင်စေပါတယ်။ (သို့မဟုတ်) ခရာပင် အရိုးအရွက်များကို နုပ်နုပ်စဉ်းပြီး သကြားအနည်းငယ်ထည့် ကျိုသောက်ပါ။ (တစ်နည်း) ဥ သျှစ်ရွက်ကို ထန်းလျက်နဲ့ကျိုသောက်ပါ။ ရဲယိုရွက်ကို ငါးခူနှင့်ရောပြီး ချက်စားပါ။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်စားပါ။ ဘယ်ဘက်ကို စောင်းမအိပ်ပါနဲ့။ ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်းစပ် နံနက်၊ ည သောက်ပါ။

**ဆရာရှင့် သမီးနေပူထဲ အထွက်များရင်၊ ဖုန်းအကြည့်များရင် မျက်ရိုးတွေကိုက် ကိုက်လာပါတယ်။ ဆေးနည်းလေးညွှန်ပြပေးပါဆရာ။**

ကွမ်းရွက်ကိုပြားစေ့ အဝိုင်းခန့်ဖဲ့ပြီး မျက်စိထောင့်







များတွင် ကပ်ထားပါ။ မျက်စဉ်း- ဆားရည်ကြည်သည် အကောင်းဆုံးဟု ရှေးဆရာကြီးများ ပြောသည်။ စံပယ်ပွင့်ကို ညရေစိမ် နံနက်တွင် ရေကြည်ကို ခတ်သည့်နည်းလည်းရှိပါတယ်။ မျက်စိကွင်းဆေးအဖြစ် ကျားမနိုင်နွယ်မြစ် သွေးကွင်းပါ။ မန်ကျည်းပနီ ခေါက်သွေးကွင်းပါ။ မျက်စိအတွင်းစားဆေးအဖြစ် တိုင်းရင်းဆေးအမှတ် (၁၂) စက္ခုပါလဆေးကို သောက်ပါ။ (တိုင်းရင်းဆေးဆိုင်နဲ့ ပရဆေးဆိုင်များမှာ ဝယ်စားပါ။)

**ဆရာရှင့် ကျေးဇူးပြုဖြေပေးပါရှင့်။ သမီးဝမ်းအလွန်ချုပ်ပါတယ်။ တစ်ပတ်မှာ တစ်ခါပင်သွားဖို့ အနိုင်နိုင်ပါ။ စိတ်ပူမိပါတယ်။ ဘာဆေးသောက်ရမလဲရှင့်။ လက်ရှိ ထိုင်းမှာ အလုပ်လုပ်နေတော့ မြန်မာဆေး အသင့်ဝယ်လို့ရမယ့် ဆေးလေးညွှန်ပေးပါ ကျေးဇူးပါရှင့်။**

ဝမ်းချုပ်လျှင် ဆားခါးသောက်ပါ။ ဆားခါးကို လှော်ပါ။ ဖန်ပုလင်းနဲ့ ထည့်ထားပါ။ ဟင်းစားဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းအထိသောက်နိုင်ပါတယ်။ ရှောက်ရည်ကို မန်ကျည်းဖျော်ရည်နဲ့ စပ်သောက်လို့လည်းရပါတယ်။ နို့တိုက်မိခင်လည်း သောက်လို့ရပါတယ်။ ကလေးနဲ့လည်း တည့်ပါတယ်။ မြန်မာဆားခါး၊ အင်္ဂလိပ်ဆားခါး နှစ်မျိုးရှိပါတယ်။ ဆားခါးထုပ်ကို Apson Salt ဆိုပြီး အင်္ဂလိပ်ဆေးဆိုင်များမှာ ဝယ်ရပါတယ်။ အရေးပေါ်ဝမ်းချုပ်စမြင်းခံလျှင် ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်း၊ ဆားခါး နှစ်ဇွန်း စပ်သောက်ပါ။

**မင်္ဂလာပါဆရာ။ သမီးအသက် ၃၃ နှစ်ပါ။ ကလေးမွေးပြီးတာရက်ပိုင်းပဲရှိပါသေးတယ်။ သမီးဂရင်ဂျီနာရောဂါဖြစ်နေပါတယ်။ အဲ့ဒါ တိုင်းရင်းဆေးနဲ့ ကုသချင်ပါတယ်။ လေးစားစွာအကူအညီတောင်းချင်ပါတယ်ဆရာ။**

ဆားခါးကို ရေနွေးနဲ့ဖျော် ဝါဂွမ်းနဲ့ဆွတ် အနာဝမှာကပ်ပေးပါ။ လက်ဖက်စိုနဲ့ ဆားခါးကိုနယ် အနာဝတွင်ကပ်ပေးအုံပေးပါ။ ကျားမနိုင်နွယ်မြစ်သွေး အနာပတ်ချာလည်လိမ်းပါ။ အနာနက်ရှိုင်းလျှင် ကြက်မောက်ဆူးပြန်ပင်ခေါ် ကျွဲနှာခေါင်းချိတ်ပင် ပြာချပြီး ပျားရည်နဲ့ရောမွှေအနာတွင်းသို့ ဝါးသီးတံချောင်းဖြင့် ဝင်အောင်ထည့်လျှင် အနာအသားတက်ပြီး ပြန်မဖြစ်ပါ။ မကောင်းသောအနံ့အသက်နှင့် ညှော်ရှောင်ဖို့လိုပါတယ်။ ပူစပ်ချဉ်အရသာရှိသောအစားအစာ ကောက်ညှင်းနှင့် ဝမ်းချုပ်စေသော အစားအစာများကို ရှောင်ပါ။

**ဆရာ၊ ကျွန်မအမျိုးသားက အသက် ၅၀ ရှိပါပြီ။ ညနေစောင်းရင် ခြေဖျားလက်ဖျားတွေအေးလာပြီး ထုံနေတယ်လို့ ပြောပါတယ်။ အဲဒါ ဘယ်လိုလုပ်ပေးရမလဲ ဆရာ။**

ဆင်တုံးမနွယ်ပါတဲ့ ဆေးတစ်မျိုးမျိုးကို ဝယ်စားပါ။ (သို့မဟုတ်) ဆင်တုံးမနွယ် အမှုန့်ကြိတ်ပြီးသား (ပရဆေးဆိုင်မှဝယ်ယူပြီး) ပျားရည်နဲ့ ရောမွှေတေထားပါ။ ဖန်ပုလင်းတွင်ထည့် အပေါ်မှ နှမ်းဆီထည့် ပြီးအုပ်ထားပါ။ နံနက်၊ ည ကော်ဖီဇွန်းသေးနဲ့ တစ်ဇွန်းစားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါ နေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှော့ဆေးဖြစ်ပါတယ်။

**ဆရာ ကျေးဇူးပြုပြီးဖြေကြားပေးပါ။ ကန်တော့ပါ။ ကျွန်တော့် ပန်းညိုးနေသလို ဖြစ်နေပါတယ်ဆရာ။ အဲ့ဒါ ဘယ်လိုဆေးကို မှီဝဲစားသောက်ရမယ်ဆိုတာ ပြောပြပေးပါဆရာ။**

ကုက္ကိုခေါက်အမှုန့်ကို ထောပတ်၊ ပျားရည်တို့ဖြင့် ရောစပ်သောက်ပြီး လေးပဲသားခန့် ညအိပ်ရာဝင်ချိန်တွင် ရေအေးဖြင့်သောက်ပါ။ (တစ်နည်း) ထောပတ်၊ ပျားရည်၊ ကြက်ဥ သုံးမျိုးကို အရက်တစ်ဇွန်းနှင့် ရောမွှေပြီးသောက်ပါ။ (တစ်နည်း) ဖီးကြမ်းငှက်ပျောသီးကို နွားနို့ဖြင့်ပြုတ်ပြီး ပျားရည်တစ်ဇွန်းထည့် နေ့စဉ် သောက်ပါ။ နန်းလုံးကြိုင်ပင် အမြစ်ကိုအခြောက်လှန်း သွေးပြီး လိင်အင်္ဂါတွင် လိမ်းပေးပါ။

**မင်္ဂလာပါဆရာ သမီးအသက် ၁၆ နှစ်ပါ။ အခုတလော အိပ်မပျော်ဘူးဖြစ်နေလို့ပါဆရာ။ အိပ်မပျော်တဲ့ ရောဂါဆိုတာရှိပါသလား ဆရာ။ သမီးအိပ်မပျော်တာ သုံးရက်ရှိပါပြီ။ ဘယ်လိုလုပ်ရမလဲဆရာ။**

ကြက်သွန်နီဥထက်ခြမ်းခွဲ ခြေဖဝါး ပွတ်ပေးပါ။ အပူထွက်သလို ခံစားလာရတဲ့အခါ ကြက်သွန်နီ ပါးပါးလှီး ခြေဖဝါးအလယ်မှာကပ် အဝတ် (သို့မဟုတ်) ပတ်တီး စည်းထားပါ။ အိပ်ပျော်ပါလိမ့်မယ်။ တိုင်းရင်းဆေးခန်းမှ ဆေးအမှတ် (၁၅) သည်းခြေဆေးနဲ့ အမှတ် (၁၆) အပူငြိမ်းဆေးများဝယ်သောက်ပါ။ ထိုထက်မြင့်လျှင် ဝက်ဝံသည်းခြေပါသော အဘိညာဉ်ဆေးစွမ်းလည်းရှိပါတယ်။ ညအိပ်မပျော်ဆေးနည်းတိုလည်း လုပ်ကြည့်ပါ။

**ဆရာမင်္ဂလာပါ။ ကျွန်တော်မှာ ခေါင်းကိုက်ရောဂါ ဖြစ်နေပါတယ်။ တစ်နှစ်ကျော်လောက်ရှိပါပြီ ဆရာ။ အင်္ဂလိပ်ဆေးလည်းသောက်ပါတယ်။ ခဏပဲသက်သာပြီး ပြန်ပြီးခေါင်းကိုက်ပါတယ်။ အဲ့ဒါ ဆေးနည်းတိုနဲ့ ကုသချင်ပါတယ်။ ကျေးဇူးပြု၍ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

ခေါင်းကိုက်လျှင် ချင်းတက်ကို ပါးပါးလှီး နားထင်နှစ်ဖက်မှာ ကပ်ထားပါ။ တိုင်းရင်းဆေးအမှတ် (၄၃) အကင်းဆယ်ပါးဆေးမှုန့်ဝယ် မီးကျီးခဲပေါ်ဖြူး မှိုင်းရှူပါ။ ချင်းပြုတ်ရည်ကို ရေနွေးကြမ်းသောက် သကဲ့သို့ နေ့စဉ်သောက်ပေးလျှင် နှစ်ရှည်ခေါင်းကိုက်ရောဂါပျောက်ကင်းစေပါတယ်။ ဆားခါးကို ခေါင်းအုံးလုပ် အိပ်လျှင်လည်း သက်သာစေပါတယ်။

**ဆရာ ကျွန်မ တစ်ခုလောက်မေးပါရစေ။ ကျွန်မမှာ မျက်ရည်ပူတွေ ကျကျနေပါတယ်။ တစ်ခါတစ်ခါလည်း မျက်ခမ်းတွေ စပ်နေပါတယ်။ ကျွန်မကို ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

မျက်ရည်ပူကျရင် မျက်စိထောင့်နားမှာ ကွမ်းရွက်ကို ပြားစေ့အရွယ်ခန့်ဖဲ့ပြီး ကပ်ပေးထားပါ။ မျက်ခမ်းစပ်ရောဂါက အညာဒေသတွေမှာ အဖြစ်များပါတယ်။ ဖုန်မှုန့်နှင့် မီးခိုးတို့ မျက်စိအတွင်းသို့ အဝင်များသဖြင့် ဖြစ်တတ်ပါတယ်။ မန်ကျည်းခေါက်ကို သွေးကွင်းပါ။ (မန်ကျည်းပနီခေါက်က ပို၍ကောင်းသည်။) တစ်နည်း - ဆီးဖြူသီး ကိုထုထောင်းပြီး ရေစိမ်ထား၍ ရေအကြည်ကို မျက်စဉ်းခတ်ပေးပါ။

**ဆရာ ကျွန်တော် အသက် ၅၄ နှစ်ပါ။ ကျွန်တော့်မှာ ခြေလက်တွေ မသယ်ချင်အောင် ညောင်းသလို ခံစားရပါတယ်။ မကြာမကြာဖြစ်တတ်လို့ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

ညောင်းကျရောဂါဖြစ်တာပါ။ ဆေးနည်းတို - ကြောင်ပန်းရွက်၊ မြင်းခွာရွက်၊ တောဆီးဖြူရွက် သုံးမျိုးကို သုံးခွက်တစ်ခွက်တင် ပြုတ်သောက်ပါ။ (တစ်နည်း) ဟင်းဂလာအရိုးပင်ကို ပြုတ်ပြီး ပျားရည်နှင့် စပ်သောက်ပါ။ (တစ်နည်း) ကြံရည်နှင့် ဆီးဖြူသီးကို ကြိတ်၍ ရသောအရည်ကို ရောစပ်၍ သောက်ပါ။

**ဆရာ ကျွန်တော်ညနေပိုင်းမှာ ရေချိုးလိုက်တာ ချွေးငုပ်ပြီးနေရထိုင်ရ ခက်နေပါတယ်ဆရာ။ ချွေးထွက်အောင် ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတာ ဆေးနည်းတိုလေး ပြောပြပေးပါဆရာ။**

ဘူးသီး၊ ကျောက်ဖရုံသီး ဟင်းချိုချက်ပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ ငရုတ်ကောင်းမှုန့်ခတ်၍ ပူပူသောက်ပေးလျှင် ချွေးထွက်စေပါတယ်။ (တစ်နည်း) ရှောက်သီးအသားကို နွှာပြီး မျှင်ငါးပိအနည်းငယ်ထည့်ကာ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းတို့ဖြင့် အစပ်သုပ်စားလျှင် ချွေးထွက်စေနိုင်ပါတယ်။ မြေစာမြက်၊ ဝါးရွက်၊ တမာရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်စသည်များကို မြေအိုးတွင် ထည့်၍ပြုတ်ပြီး ရိုင်ပတ်ကာပြီး ချွေးငုပ်သူကို ဝင်ထိုင်ခိုင်းကာ စောင်အုပ်ပေးရသည်။ (ရှေးနည်း)

# အားလပ်ရက်ခရီးထွက်နေကြတဲ့ ကြယ်ပွင့်များ

## ပဲရစ်မှာ ရောက်ရှိနေကြတဲ့ ဂျနီဖာလောရန့်စ်နဲ့ ကွတ်ခ်မာရွန်နေး



ဟောလိဝုဒ်ရဲ့ အလွန်ကို ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်ဟာ သူ့ရဲ့ချစ်သူ ကွတ်ခ်မာရွန်နေးနဲ့ ဒီနှစ်နွေရာသီမှာတော့ ပဲရစ်က လမ်းတွေပေါ် အတူလျှောက်ခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ကွတ်ခ်မာရွန်နေးနဲ့ အော်စကာဆုရှင် မင်းသမီး ဂျနီဖာလောရန့်စ်တို့ကို ဥရောပရဲ့ သမိုင်းဝင်မြို့တစ်မြို့ဖြစ်တဲ့ ပဲရစ်မြေပေါ်မှာ လက်ချင်းတွဲကာ လမ်းလျှောက်နေတာကို တွေ့မြင်ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လမ်းမတွေပေါ်မှာ လူအများကြားရောနှောကာ လက်ချင်းတွဲ လမ်းလျှောက်ရတာကို ကြယ်ပွင့်စုံတွဲက ကြိုက်နှစ်သက်ပုံလည်း ရှိပါတယ်။ သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံချိန်တွေမှာ လမ်းမထက် လက်ချင်းတွဲ လမ်းလျှောက်လေ့ရှိတာ တွေ့ရပါတယ်။ မကြာသေးမီကလည်း သူတို့နှစ်ဦးဟာ နယူးယော့ခ်မှာ ယခုလိုပဲ လက်တွဲလျှောက်လှမ်းခဲ့ကြပါတယ်။

သူတို့နှစ်ဦးဟာ ရင်းနှီးတဲ့ သူငယ်ချင်းရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ချစ်သူတွေ ဖြစ်ခဲ့ကြပြီးနောက်မှာတော့ သူတို့ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ထားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ နောက်ပိုင်းမှာမှ ပေါ်ပေါ်ထင်ထင် လက်တွဲလာခဲ့ကြတာလည်း ဖြစ်ပါတယ်။

**အေးပြည့် – ရေးသားသည်**



## အီတလီက ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရိုဒရီဂွက်ဇ်

ပေ့ါပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်နဲ့ အားကစားကြယ်ပွင့်တစ်ဦးဖြစ်သူ အဲလက်ဇ်ရိုဒရီဂွက်ဇ်တို့ဟာ လက်ရှိမှာတော့ အီတလီကို ရောက်ရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့ကတည်းက အလည်အပတ်ခရီးအတွက် ကိုယ်ပိုင်လေယာဉ်နဲ့ နာပိုလီကို ရောက်ရှိလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီခရီးစဉ်မှာတော့ သူတို့နှစ်ဦးကို ယခင်တွေ့မြင်နေကျ ပုံစံတွေနဲ့မတူတာကိုလည်း တွေ့ရပါတယ်။ ဒါကတော့ သူတို့နှစ်ဦးဘယ်ကိုသွားသွား အတူလိုက်ပါလေ့ရှိကြတဲ့ သူတို့ရဲ့ကလေးတွေ မပါလာတာဘဲ ဖြစ်ပါတယ်။ ဒီခရီးစဉ်အတွင်းမှာတော့ ညစာအတူ စားသောက်ကြကာ ကမ်းခြေကိုလည်း သွားရောက်ခဲ့ကြတာ တွေ့ရပါတယ်။

ဂျနီဖာလိုပက်ဇ်က အလည်အပတ်ခရီးမှာ ရိုက်ကူးခဲ့တဲ့ သူတို့နှစ်ဦးရဲ့ ဓာတ်ပုံတွေကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဒီလိုပဲ အဲလက်ဇ်ရိုဒရီဂွက်ဇ်ကလည်း နှစ်ဦးသားရဲ့ ပုံရိပ်တွေနဲ့အတူ အမှတ်တရစာသားတွေကိုလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် မကြာသေးမီက မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာ အဲလက်ဇ်ရိုဒရီဂွက်ဇ်က ဂျနီဖာလိုပက်ဇ်ဝတ်ဆင်ထားတဲ့ လက်စွပ်မှာ သူဝယ်ပေးခဲ့တဲ့ လက်စွပ်ဖြစ်သော်လည်း သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့တယ်လို့လည်း သိရပါတယ်။

## ဥရောပက ကမ်းခြေတစ်ခုကို အလည်အပတ်ထွက်ခဲ့ကြတဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ ကမ်မီလာမော်ရုန်း



အော်စကာဆုရှင်မင်းသားကြီး လီယိုနာဒိုဒီကာပရီယိုဟာ လတ်တလောမှာတော့ သူ့ရဲ့ချစ်သူ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကမ်မီလာမော်ရုန်းနဲ့အတူ ဥရောပက ကမ်းခြေတစ်ခုမှာ အလည်အပတ်ထွက်နေတာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ "Never Goin' Back"ရဲ့ မင်းသမီး ကမ်မီလာမော်ရုန်းတို့ဟာ နှစ်ဦးစလုံးနဲ့ ရင်းနှီးသူတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပေမယ့် ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာမှ အတူတွဲကာ အခမ်းအနားတက်ရောက်ခဲ့ကြတာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

လတ်တလောသွားရောက်ခဲ့တဲ့ ဥရောပခရီးစဉ်မှာတော့ လီယိုနာဒိုဒီကာပရီယိုနဲ့ ကမ်မီလာမော်ရုန်းတို့နဲ့အတူ မင်းသမီးရဲ့ မိခင်ဖြစ်သူလည်း အတူလိုက်ပါလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ကမ်မီလာမော်ရုန်းရဲ့ မိခင်ဖြစ်သူဟာ အာဂျင်တီးနားမင်းသမီးတစ်ဦးဖြစ်ပြီး အသက် ၄၂ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့နှစ်ဦး ဇာတ်လမ်းတွေ မီဒီယာစာမျက်နှာတွေပေါ် စတင်ရောက်လာစဉ်က လီယိုနာဒိုဒီကာပရီယိုကို ချစ်သူရဲ့ မိခင်ထက်တောင် အသက်ပိုကြီးသူဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

## ဟေးလေးဘော်ဝင်ရဲ့ ဘေးမှာ ဂျက်စတင်ဘီဘာ ငိုခဲ့ရတဲ့အကြောင်း လှစ်ဟ

နာမည်ကျော်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ဟာ ယခုသီတင်းပတ်အစပိုင်းမှာ နယူးယော့ခ်မှာ နှစ်ဦးသားအတူရှိနေချိန် ငိုကြွေးခဲ့ကြတဲ့ ဓာတ်ပုံတွေကို မီဒီယာတွေကနေတစ်ဆင့် တွေ့မြင်ခဲ့ရမှာတော့ ပရိသတ်တွေက ဒီလိုငိုကြွေးစေခဲ့တဲ့အကြောင်းကို စိတ်ဝင်စားခဲ့ကြပါတယ်။ ဒီအဖြစ်အပျက်တွေပြီးနောက် လတ်တလောမှာတော့ ဂျက်စတင်ဘီဘာ ငိုရတဲ့အကြောင်းနဲ့ပတ်သက်ပြီး ပရိသတ်တွေကို ပြောကြားနေတဲ့ ဗီဒီယိုဖိုင်တစ်ခုကို တီအမ်ဇက်ဒေ့ါကွန်းက ဖော်ပြလာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



စတင်လက်တွဲခဲ့ချိန်မှစလို့ နှစ်ဦးသား ပျော်ရွှင်နေတဲ့ ပုံရိပ်တွေသာ မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူခဲ့တာ တွေ့ရတဲ့ ကြယ်ပွင့်စုံတွဲဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့က မက်ဟန်တန်ရဲ့လမ်းမထက်မှာ စက်ဘီးအတူစီးခဲ့ကြရင်း တစ်နေရာမှာ ရပ်တန့်ခဲ့ပြီး နှစ်ဦးသားစကားတွေ ပြောဆိုနေရင်းက လမ်းဘေးမှာ အထူထိုင်ခဲ့ကာ အကြောင်းအရာတစ်ခုကို အပြန်အလှန် ပြောကြားခဲ့ကြပါတယ်။ အဲဒီနောက် ဂျက်စတင်ဘီဘာက မျက်နှာကို လက်ဝါးနဲ့အုပ်ကာ ငိုခဲ့ပါတယ်။ အဲဒီနောက် စားသောက်ဆိုင်တစ်ဆိုင်မှာ အတူထိုင်ခဲ့ရာမှာတော့ ဟေးလေးဘော်ဝင်ကိုလည်း မျက်ရည်တွေနဲ့တွေ့ရပြီး ဂျက်စတင်ဘီဘာကလည်း မျက်ရည်တွေကို အင်္ကျီနဲ့ သုတ်ပစ်ခဲ့တာ တွေ့ရပါတယ်။ အဲဒီနောက် တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလို ငိုခဲ့ရတဲ့အကြောင်းကို တီအမ်ဇက်မှာ ဖော်ပြခဲ့တဲ့ ဗီဒီယိုမှာတော့ တစ်စွန်းတစ်စ သိခွင့်ရခဲ့တာဖြစ်ပါတယ်။

ဒီဗီဒီယိုမှာ ဂျက်စတင်ဘီဘာက “မင်းတို့မှာ ကောင်းတဲ့နေ့တွေနဲ့ ကြံုရသလို ဆိုးရွားတဲ့နေ့တွေလည်း ရှိခဲ့မှာပါ။ အဆိုးတွေနဲ့ ရင်မဆိုင်ခဲ့ရဘူးလို့ဆိုရင်တော့ ဒါဟာ အမှန်တရား မဟုတ်ပါဘူး”လို့ ပြောကြားခဲ့ပါတယ်။

ဒီလို ပြောကြားခဲ့ရာမှာတော့ ဂျက်စတင်ဘီဘာဟာ ပ့ါစတာတင်မိုးသီကယ်လာ ရေးသားထားတဲ့ "The Meaning of Marriage: Facing the Complexities of Commitment with the Wisdom of God" စာအုပ်ကို ကိုင်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ ဒီစာအုပ်မှာတော့ ကျမ်းစာရဲ့အဆိုအရ လက်ထပ်ခြင်းအပေါ် ရှုမြင်ခံစားပုံတွေကို ရေးသားဖော်ပြထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါလူမျိုး ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ အသက် ၂၁ နှစ်အရွယ် မော်ဒယ်လ် ဟေးလေးဘော်ဝင်တို့ဟာ ချစ်သူသက်တမ်း အချိန်တိုအတွင်း စေ့စပ်ခဲ့ကြပြီး လက်ထပ်ဖို့ပင် စဉ်းစားနေကြပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လတ်တလောမှာ လက်ထပ်မယ့် အစီအစဉ်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေပြုလုပ်နေကြကာ မင်္ဂလာပွဲကို လာမယ့်နှစ်အတွင်း အကျဉ်းချုံးပြုလုပ်သွားဖို့ စီစဉ်ထားကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

ဒ့ါအပြင် ဟေးလေးဘော်ဝင်က ဂျက်စတင်ဘီဘာကို တောင်းဆိုမှုတစ်ခု ပြုထားတယ်လို့လည်း သိရပါတယ်။ အဲဒါကတော့ ပေ့ါပ်ကြယ်ပွင့်ကို နှုတ်ခမ်းမွေးမထားဖို့ တောင်းဆိုထားတာပါ။ ဒါကြောင့် ဂျက်စတင်ဘီဘာဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ နှုတ်ခမ်းမွေးတွေကို ရိတ်ပစ်ခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ ဟေးလေးဘော်ဝင်ကတော့ နှစ်ဦးသားအတူငိုခဲ့ကြတဲ့ ပြီးခဲ့တဲ့ အင်္ဂါနေ့ ညနေပိုင်းမှာ သူတို့နှစ်ဦး အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး "My Love" လို့ အောက်မှာ ရေးသားထားခဲ့တယ်လို့လည်း သိရပါတယ်။

တိုတိုထွာထွာဖတ်စရာ

## မကွေးမြို့၌ နှမ်းမျိုးစမ်းသပ်စိုက်ပျိုး

**မကွေး**
မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာ တောင်သူဦးမျိုးငွေး၏ နှမ်းမျိုးစမ်းသပ်ကွက်တွင် ဩဂုတ် ၉ ရက်က နှမ်းမျိုးစမ်းသပ်ကွက်ကွင်းသရုပ်ပြပွဲနှင့် စမ်းသပ်စိုက်ပျိုးပွဲပြုလုပ်သည်။

အဆိုပါ နှမ်းမျိုးစမ်းသပ်စိုက်ကွက်သည် နှစ်ဧကကျယ်ဝန်းပြီး ယင်းစမ်းသပ်စိုက်ကွက်တွင် ဆင်းရတနာ-၁၄၊ YSS-00180၊ YSS-00092၊ YSS-02087၊ YSS-00217၊ YSS-00220၊ ဆင်ရတနာ-၁၂ နှင့် သဘာဝနှမ်းဖြူမျိုး စုစုပေါင်းကိုးမျိုးကို တစ်မျိုး နို့ဆီဘူးတစ်ဝက်စီ စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## ဗီတာမင်အေနှင့် သံချဆေးပြားများ မိုင်းယု၌ တိုက်ကျွေး

**မိုင်းယု**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး၍ ဗီတာမင်အေနှင့် သံချဆေးပြားများ တိုက်ကျွေးခြင်းကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅၃ ဦးကို လက်ဆေးခြင်းအကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစာအာဟာရများအကြောင်း အသိပညာပေးဟောပြောပြီး ဆရာ ဆရာမများနှင့်အတူ ဗီတာမင်အေနှင့် သံချဆေးပြားများ တိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းနှင့် အရပ်အမြင့်တိုင်းတာခြင်း စသည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သက်တမ်းလွန်စားသောက်ကုန်နှင့် ဆေးဝါးများဖျက်ဆီး

**ဟားခါး**
ဟားခါးမြို့ပေါ်ရှိ ဈေးဆိုင်များနှင့်ဆေးဆိုင်များရှိ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချမှုရှိ-မရှိကို ဩဂုတ် ၈ ရက်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ၌ သိမ်းဆည်းရမိသော သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းတန်ဖိုးကျပ် ၂၅၀၀၀ ခန့်နှင့် ဆေးအရောင်းဆိုင်များမှ တာဝန်သိ အပ်နှံသည့် သက်တမ်းလွန်ဆေးဝါးတန်ဖိုး ကျပ် ၇၀၀၀၀၀ ခန့်ကို ဩဂုတ် ၉ ရက်တွင် ဟားခါး-မတူပီလမ်း၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဟားခါး(ခရိုင်ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး ရောဂါကျဆင်းစေရေးဆောင်ရွက်

**ဇလွန်**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက်အတွင်းရှိ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

ညောင်ပင်ဈေးရပ်ကွက်အတွင်းရှိ နေအိမ်များ၌ရှိသော ရေတိုင်ကီ၊ ကျောက်စည်နှင့် အခြားရေသိုလှောင်သုံးစွဲမှုများတွင် ပိုးလောက်လမ်းရှိ-မရှိ၊ ခြင်ပေါက်ပွားတတ်သောနေရာများကို ကြည့်ရှုစစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်တော်ဆိုင်ကယ်များအား လိုင်စင်သက်တမ်းတိုးပေး

**တွန်းဇံ**
ချင်းပြည်နယ် တွန်းဇံမြို့၌ ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဒေသလိုင်စင်ပြုလုပ်ပေးခြင်းနှင့် သက်တမ်းကုန်ဆုံးနေသော မော်တော်ဆိုင်ကယ်များကို လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဒေသလိုင်စင်ပြုလုပ်ဆောင်ရွက်ရာတွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၃၄ စီးကို ဒေသလိုင်စင်ဆောင်ရွက်ပေးလျက်ရှိပြီး သက်တမ်းကုန်ဆုံးသည့် မော်တော်ဆိုင်ကယ် ၁၁၅ စီးအား ယာဉ်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖရူဆို၌ စည်းရုံးရေးမှူးများ မွမ်းမံသင်တန်းဖွင့်

**ဖရူဆို**
ဖရူဆိုမြို့နယ် စည်းရုံးရေးမှူးများ နည်းပညာဆိုင်ရာနှင့် လည်ပတ်ထိန်းသိမ်းရေးဆိုင်ရာ မွမ်းမံသင်တန်း (အပိုင်း-၁) ကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ဖရူဆိုမြို့ ညောင်ဇင်ထေရဝါဒတောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို လုပ်ငန်းအရည်အသွေးအားစံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်နှင့် နည်းပညာရပ်များကို ပြန်လည်မျှဝေနိုင်ရန်၊ စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထိန်းသိမ်းနိုင်ရေးကို ပြည်သူများသိရှိစေရန်၊ နည်းပညာဆိုင်ရာ အတတ်ပညာ၊ စာရင်းဇယားများကို လူထုမှ ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီတွင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအကြောင်း အသိပညာပေးရှင်းလင်း



**မြဝတီ ဩဂုတ် ၁၀**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအကြောင်း အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကို မြဝတီမြို့ သောင်ရင်းခန်းမတွင် ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်အောင်က ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်းဆုခွန်၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေဆိုင်ရာများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအသိပေးရှင်းလင်းပွဲ အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝဏ္ဏ၊ မြဝတီခရိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထိန်(မြဝတီ)**

# တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**တာချီလိတ် ဩဂုတ် ၁၀**
၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၆၇ ဦးအား ဂုဏ်ပြုပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့၌ ကျင်းပသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် အာခါတိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၂၆၇ ဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် ဩဂုတ် ၉ ရက်တွင် အာခါတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် ဗဟုသုတတိုးပွားစေရေး ယင်းကျောင်းသားကျောင်းသူများကို အာခါတိုင်းရင်းသားဘိုးဘေးတို့၏ နေအိမ်များ၊ အာခါရိုးရာစားသောက်ဆိုင်များ၊ အာခါတိုင်းရင်းသားများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အာခါဈေး စသည့်နေရာများကို လေ့လာရေးခရီးအဖြစ် လိုက်လံပို့ဆောင်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်လာနိုင်သဖြင့် ရေဘေးပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၁၀**
ရန်ကုန်မြစ်ရေ ထူးကဲဒီရေမြင့်တက်လာနိုင်မှုကြောင့် ဒလမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက ဒလဘက်ကမ်းသင်္ဘောဆိပ်၌ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ရေဘေးပညာပေးစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အသိပေးပန်ကြားထား**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ ရေစွန့်ထုတ်မှုစနစ်သည် ဒီရေအတက်အကျရှိသော ရန်ကုန်မြစ်ကို အခြေခံထားခြင်းကြောင့် ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်ထိ ဒီရေတက်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တိုက်ဆိုင်ပါက မြေနိမ့်ပိုင်းနေရာများသို့ ဒီရေဝင်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထူးကဲဒီရေတက်မည့် အခြေအနေများအား မိဘပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**ဖြန့်ဝေပေးခဲ့**

ရန်ကုန်မြစ် ထူးကဲဒီရေမြင့်တက်လာနိုင်ခြင်းကြောင့် မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော ဒလမြို့နယ်၌ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ချောင်းကမ်းဘေးနေရာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကြိုတင်ကာကွယ်ရေး အသိပေးချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါဝင်သည့် ရေဘေးပညာပေးစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် အစားအသောက်နှင့် အလှကုန်များစစ်ဆေးပေးမည်

**မန္တလေး ဩဂုတ် ၁၀**
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ဝင်းအတွင်းတွင် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြခန်းများဖွင့်လှစ်ထားရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး) ပြခန်းတွင် မိမိတို့နေအိမ်တွင် စားသုံးနေသော အစားအသောက်များ၊ အလှကုန်များကို Rapid Test kit ဖြင့် မိနစ်ပိုင်းအတွင်း အခမဲ့ အမြန်စစ်ဆေးပေးမည်ဖြစ်မည်။

စစ်ဆေးပေးမည့် စားသောက်ကုန်များမှာ အသားလုံး၊ ဝက်သားလုံး၊ ကြက်သားလုံး၊ ငါးဖယ်ချဉ်၊ ပုစွန်ချဉ်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ စပျစ်သီးခြောက်၊ အသီးခြောက်၊ ခေါက်ဆွဲခြောက်၊ ကြာဆံ၊ မုန်လာချဉ်၊ မုန်ညင်းချဉ်၊ ပဲတီချဉ်၊ သရက်ချဉ်၊ သံပရာချဉ်၊ မျှစ်ချဉ်၊ ချင်းချဉ်၊ ဘူးချဉ်၊ သခွားချဉ်၊ မုန့်ဖတ်၊ ပဲပြား၊ ချက်နို့ဆီ၊ ပင်လယ်စာ၊ ဘဲသွေး၊ လက်ဖက်၊ လက်ဖက်ချဉ်စပ်တို့ဖြစ်သည်။

အလှကုန်ပစ္စည်းများမှာ Whitening Cream၊ Whitening Lotion၊ Make up Foundation Suncream၊ Powder Twoway cake၊ Day Cream၊ Night Cream တို့ဖြစ်ပြီး အစားအသောက်အတွက် အနည်းဆုံး ၁၀ သား၊ အလှကုန်ပစ္စည်းအတွက် အနည်းဆုံးတစ်ဘူး ယူဆောင်လာရန်လိုကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် မိုင်းအခြေခံ ဆင့်ပွားသင်တန်းဆင်း

**ညောင်ဦး ဩဂုတ် ၁၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် မိုင်းအခြေခံဆင့်ပွားသင်တန်း (၁/၂၀၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် မိုင်းအခြေခံနည်းပညာများကို အကျိုးရှိစွာလုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ရဲကျင့်ဝတ်နှင့်အညီ ပြည်သူဗဟိုပြုရဲလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်ထောက်ပံ့



**ဘားအံ ဩဂုတ် ၁၀**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ ရက်က ရေဘေးသင့်ဒေသများသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ ရွှေဖလားကျကျေးရွာသို့ သွားရောက်ပြီး ရွှေဖလားကျနှင့် ကိုင်းတောကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၁၇ စုအား ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး အစရှိသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဇူလိုင်လအတွင်း (ရေဘေး)ဖြစ်ပွားခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖာပွန်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၁၂၇၉ ဦးအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ပြီး ဖာပွန်ခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးပြီးမိုးစပါးနှင့် ပျိုးခင်း ၈၇၈ ဧက ရေလွှမ်းမိုးခဲ့ရာ ၅၁၈ ဧက ထိခိုက်ခဲ့ပြီး ၃၅၅ ဧက ပျက်စီးခဲ့သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား ရက် ၉၀ မျိုးစပါး တင်း ၃၀၀ ကို တောင်သူများကိုယ်စား ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ် KSRG(kayin State Rehabalitation Group)မှ လှူဒါန်းသည့် Seed Blower တစ်လုံးနှင့် ဘက်စုံသုံးဆေးဖျန်းစက်နှစ်လုံးတို့အား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက လွှဲပြောင်းပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဖာပွန်မြို့ အမှတ် ၄ ရပ်ကွက် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဂေဟာ နေ့ကလေးထိန်းကျောင်းရှိ ရင်သွေးငယ်များအား အာဟာရမုန့်များ ပေးဝေခဲ့ပြီး ယွန်းစလင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများကို ကြည့်ရှုခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မြိတ်တက္ကသိုလ် ကြက်ခြေနီအသင်း(ခွဲ)ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**မြိတ် ဩဂုတ် ၁၀**
သဘာဝဘေးအန္တရာယ်များနှင့် တခြားသောအရေးပေါ်အခြေအနေများကြောင့်ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ပါက ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်၍ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြိတ်တက္ကသိုလ် ကြက်ခြေနီအသင်း(ခွဲ)ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ၁/၂၀၁၈ ဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မြိတ်တက္ကသိုလ် ပင်မအဆောင်တွင် ကျင်းပသည်။

မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီနီဦးက ကြက်ခြေနီသင်တန်းဆင်းမောင်မယ်များနှင့် တက္ကသိုလ်ကြက်ခြေနီအသင်းဝင် မောင်မယ်များအနေဖြင့် သင်တန်းမှသင်ကြားမှုများအပြင် ထပ်မံလေ့လာသင်ယူရင်း အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရင်း ပြည်သူအားကိုးထိုက်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင်ထူးချွန်သည့် သင်တန်းသားသင်တန်းသူ တက္ကသိုလ်မောင်မယ်များအား မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ တနင်္သာရီတိုင်းဒေသကြီးကြက်ခြေနီတိုင်းဦးစီးမှူး ဒုတိယတန်း ဒေါ်အေးအေးသန်းနှင့် မြိတ်ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြိတ်ခရိုင် (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ဘိုကလေးတွင် အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

**ဘိုကလေး**
ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် နေအိမ်များတွင် အဘိတ်ဆေးများခတ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီက ပြုလုပ်သည်။

အမှတ် ၆ ရပ်ကွက် မဟာသီလဝံဘုန်းကြီးကျောင်းနှင့် အမှတ် ၉ ရပ်ကွက် မူကြိုကျောင်းတို့တွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့ဆေးရုံ ခုတင် ၅၀ မှ ကျန်းမာရေးကြီးကြပ်(၁)တို့က မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ခြင်းများကို ဟောပြောခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### မယ်စဲ့တွင်ဗီတာမင်အေနှင့်သန်ချဆေးတိုက်ကျွေး

**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီမှစတင်၍ မြောက်ပိုင်းရပ်ကွက် နှစ်ခြင်းဘုရားရှိခိုးကျောင်းနှင့် တောင်ပိုင်းရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ခြောက်လအထက်မှ ငါးနှစ်အောက်ကလေး ၇၂ ဦးကို ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ အရပ်အမြင့်တိုင်းတာခြင်းတို့ ပြုလုပ်ခဲ့ပြီး ကလေးငယ်များကို မုန့်နှင့် ပဲနို့အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စစ်တွေမြို့၌ အခြေခံအပ်ချုပ်သင်တန်းဆင်း

**စစ်တွေ**
ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ) မှ အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက ရက်ကန်းကျောင်းနှင့် အသက်မွေးပညာသင်တန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလတစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လှည်းကူးမြို့နယ်တွင် အသိပညာပေးဟောပြော

**ရန်ကုန်**
လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်း ခေတ္တစခန်းမှူး ဒုရဲအုပ်သန်းလှိုင်ဦးသည် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိ အထက(ခွဲ)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၀ အား မူခင်းပညာပေးဟောပြောခြင်း၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**နေသစ်ဦး**

## ၂၀၁၈ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်

စာမျက်နှာ(၁၅)မှ

### ၂၀၁၈ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလျက် နှစ်စဉ်ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်ခဲ့ကြပါသည်။ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ နှစ်စဉ်ကျင်းပခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်သော အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ မိခင်နှင့်ကလေး၊ ကျောင်း၊ အာဟာရ ကျန်းမာရေးအဖွဲ့များအနေဖြင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက်၊ အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ငါးရပ်ကို အထူးဆောင်ရွက်မည်ဖြစ်ပါသည်။

(က) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊
(ခ) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း (အမှိုက်ကင်းစင်ကျောင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရေး)၊
(ဂ) ကျောင်းအခြေပြုရောဂါကာကွယ်ရေးလုပ်ငန်း၊
(ဃ) ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
(င) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊

ထူးခြားမှုအဖြစ် ၂၀၁၈ ခုနှစ် ပြည်ထောင်စုအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်အခမ်းအနားအား ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပရန်လျာထားပါသည်။

### ၂၀၁၈ ခုနှစ်အတွင်း ကျောင်းကျန်းမာရေး ဆောင်ရွက်ချက်မှတ်တိုင်များ

(၁) (၂-၂-၂၀၁၈) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ် တင်သွင်းသည့် ကျောင်းမုန့်ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့်ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်စေရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လုံးဝထောက်ခံ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ကျောင်းကျန်းမာရေးဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့်အတူ ဆက်စပ်နှီးနွှယ်ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း။

(၂) (၈-၂-၂၀၁၈) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၈) ဖြင့် ကျောင်းကျန်းမာရေးကော်မတီအဆင့်ဆင့်အသစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခဲ့၍ (၆-၃-၂၀၁၈) ရက်နေ့တွင် ကျောင်းကျန်းမာရေး ဗဟိုကော်မတီအစည်းအဝေးကို ကျင်းပ၍ အဖွဲ့ဝင် ကျန်းမာရေး၊ ပညာရေးနှင့် အခြားဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ကာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့ခြင်း။

(၃) နေပြည်တော်တွင် ၂၀၁၈ခုနှစ် မတ်လ ၇ ရက်နေ့က ပြုလုပ်သည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်တွင် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်တင်သွင်းသည့် ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေး လုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများအသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နီးနွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးကာအတည်ပြုခဲ့ခြင်း။

(၄) ယင်းအဆိုကိုအကောင်အထည်ဖော်ရန် (၁၂-၆-၂၀၁၈ )ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပကာ ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်လျက်ရှိခြင်း။

### ပြည်သူအားလုံးကျန်းမာဖို့ ကျောင်းကျန်းမာရေး မြှင့်တင်စို့

မြန်မာနိုင်ငံတော်၏ အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုဖြစ်သည့် ယနေ့ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။

သို့ပါ၍ ပြည်သူတစ်ရပ်လုံးက ကျောင်းကျန်းမာရေး သီတင်းပတ်မှသည် တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် အခြေခံအကျဆုံး အရေးအကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းကြီး ထိရောက်အောင်မြင်စေရန် 'ကျန်းမာ၊ ပညာ၊ လူမှုရေးအဖွဲ့များနှင့် မိဘပြည်သူများပူးပေါင်း ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ကောင်း' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။







## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၂၄/တေ) ပထမထပ်နေ ဦးသန်းအောင် (၁၂/လမတ(နိုင်)၀၀၁၁၃၉)၏ လွှဲအပ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ် (၁၀၃)မြေညီထပ်(လက်ယာခန်း) (၅၀×၁၂½)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေမော်တာ တစ်လုံး၊ လျှပ်စစ်မီတာတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (၈-၅-၂၀၁၆)ရက်စွဲပါ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်" နှင့် (၅-၁၂-၂၀၁၄)ရက်စွဲပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ မိသားစု ကြိုတင်သဘောတူညီချက်တို့အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ၊ ဒေါ်ခင်မျိုးထက် (၁၂/မရက(နိုင်) ၁၄၆၀၅၀) မှ ဝန်ခံ၍ ကျပ်သိန်း (၃၅၀,၀၀၀၀၀/-)ဖြင့် ရောင်းချမည်ဟု ကမ်းလှမ်းခြင်းကို ဝယ်ယူသူဖြစ်သည့် ဦးသန်းအောင် (၁၂/လမတ(နိုင်)၀၀၁၁၃၉) က သဘောတူညီသည့်အတွက် (၆-၈-၂၀၁၈)နေ့တွင် ရောင်းဘိုးငွေအမြေအကြေ ပေးချေပြီး တိုက်ခန်းနှင့်တကွ စပ်ဆိုင်သည့်စာရွက်စာတမ်းများကို ဝယ်ယူသူက လက်ခံရရှိပြီးဖြစ်ကြောင်း၊ ရောင်းချသူကလည်း ရောင်းဖိုးငွေအမြေအကြေလက်ခံရရှိပြီးဖြစ်ကြောင်း ဝန်ခံ၍ ရောင်းသူ၊ ဝယ်သူတို့က "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ကန့်ကွက်ရန်ရှိသူများက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

လွှဲအပ်ချက်အရ

| | | |
|---|---|---|
| ဦးသန်းအောင် | ဦးမြင့်ဦးမောင် | ဦးလင်းလင်းကျော် |
| လွှဲအပ်သူ | တရားလွှတ်တော်ရှေ့နေ (၄၇၀၉/၁၉၈၈) | အထက်တန်းရှေ့နေ (၄၂၆၈၁/၂၀၁၃) |

အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉ ၅၅၀၆၃၇၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ကြီးမြို့၊ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းပိုင်ဂိတ်ဖြစ်သည့် တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ အကွက်အမှတ်-၁၆၊ အကွက်အမည်-မင်းကျောင်းရပ်၊ မြေကွက်အမှတ်-၁၀၆/၁၂၅၊ ဦးပိုင်အမှတ်(၅၂-ပ)၊ ဧရိယာ (၀. ၁၀၄)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်များကို ဝယ်ယူသူကအသင်းဝင်ယာဉ်ပိုင်ရှင် အများစု၏သဘောတူညီချက်အရ ယုံကြည်လွှဲအပ်ထားသော တာဝန်ရှိသူ(၃)ဦးထံ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကိုပေးအပ်၍ အရောင်းအဝယ်ပြုလုပ်ပြီးဖြစ်ပါသည်။

ထိုသို့ဝယ်ယူထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက အများပိုင် ဥပစာဖြစ်သောကြောင့် ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အပါအဝင် ခိုင်လုံသောတရားဝင် အထောက်အထားများနှင့်အတူ ဤကြော်ငြာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေခိုင်ဦး [၉/မကန(နိုင်)၀၇၅၉၈၈] ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ် LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၅၂)**
**၉/ပ၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့။**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ညောင်တိုလမ်း၊ အမှတ်(၁၇/၁၉)ဟု ခေါ်သည့် (၂)ခန်းတွဲ(၆-ထပ်) ကန်ထရိုက်တိုက်၏ (၄-လွှာ/B) တိုက်ကိုမျက်နှာမူ၍ကြည့်လျှင်(လက်ဝဲဘက်) တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ဒေါ်မြတ်နွေးခိုင်(၁၂/ဝခန(နိုင်)၀၆၃၆၈၂)က တရားဝင်ပိုင်ရှင်အဖြစ် အနှောင့်အယှက်ကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွေးမြတ်နွယ်(၁၀/မလမ(နိုင်)၂၁၈၀၅၅)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်ဟန်နွေနိုင် (LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09-253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။


AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
8th Anniversary
THE FASTEST
MOVING BANK OF MYANMAR
၈ နှစ်ပြည့်မြောက်ခြင်း နှစ်ပတ်လည်

## ကြော်ငြာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးစီးကျင်းပသော ကရင့်ရိုးရာချည်ဖြူပွဲ့ပွဲတော်အား မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ၁၈-၈-၂၀၁၈ရက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း စီစဉ်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံအနှံ့အပြား၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေရာ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရ၍ ၁၈-၈-၂၀၁၈ရက်အစား ၂၈-၈-၂၀၁၈ရက် ၁၀နာရီသို့ ပြောင်းရွှေ့ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် ကြော်ငြာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်းတွင် တက်ရောက်နေသော စတုတ္ထတန်းကျောင်းသူ မအိသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးညဏ်ထွန်း [၈/မကန(နိုင်)၁၅၃၂၇၇] ဖြစ်ပါသည်။

## တိုက်သစ်(ရောင်းမည်)

ကျောက်တံတားမြို့နယ်၊ လမ်း ၄၀(ထက်) ပေ(၂၅×၅၀) (၅လွှာ)၊ သိန်း(၉၉၀)၊ ညှိနှိုင်း။

**ဖုန်း-၀၉-၂၆၁၄၅၂၅၁၄**

## အိမ်ငှားမည်

ဘောက်ထော်ပြည်သာယာအိမ်ရာရှိ RC ၂ထပ်ခွဲလုံးချင်းတိုက်၊ MBR ၈ခန်း၊ Air Con ၁၂လုံး၊ ဘုရားခန်း၊ ဧည့်ခန်းသီးသန့်၊ တစ်အိမ်လုံး ပါကေးခင်း၊ ရေပူရေအေး၊ Bath tub၊ ကား (၈)စီးရပ်နိုင်သော ပါကင်ကျယ်၊ Internet Fiber ကြိုးများတပ်ဆင်ပြီး။ တစ်လ(၈၅)သိန်း

**ဖုန်း-၀၉-၄၃၀၁၈၉၁၁၊ ၀၉-၄၅၀၀၂၂၀၄၄**

## ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အထက(၄) ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်အာကာကျော်၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင်(ခ)ဦးအေးလွင် [၁၄/ကလန(နိုင်)၀၀၉၉၅၀] ဖြစ်ပါကြောင်း။

**ဦးအေးနိုင်(ခ) ဦးအေးလွင်**

## မီး သတိပြု

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကနိကျေးရွာ အထက တွင် ပညာသင်ကြားနေသော ဒသမတန်းမှ မအိအိမင်း၏ဖခင် ဦးမင်းမင်း(ခ)ဦးဇော်မင်းနောင် [၁၄/ဖပန(နိုင်)၁၁၂၄၂၉]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းမင်း(ခ)ဦးဇော်မင်းနောင်**
**[၁၄/ဖပန(နိုင်)၁၁၂၄၂၉]**

စာရေးဆရာ၊ သတင်းစာဆရာ

## ဦးစိုးသိမ်း(ခ) မောင်ဝံသ

ကွယ်လွန်ခြင်း(၅)နှစ်ပြည့်

အား ရည်စူး၍ လှူဒါန်းမှုကုသိုလ်အစုစုတို့ကို ဥသဘုံတွင် ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။

အမျှရကြ၍ သာဓုခေါ်ဆိုနိုင်ကြပါစေ။

အမျှ၊ အမျှ၊ အမျှ ...... သာဓု၊ သာဓု၊ သာဓု

ကျန်ရစ်သူမိသားစု (၁၁. ၈. ၂၀၁၈)

ဒေါင်းမဂ်ဂါ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

မြေကွက်များဝယ်လိုသည်။
အုတ်ဆိပ်ကမ်း၊ အုတ်တောင်၊ အုတ်မြောက်၊ အုတ်အရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
09 400 9400 41
09 400 9400 42







Since 1986

# KMD Institute

နိုင်ငံတကာအရည်အသွေးစံချိန်မီ
ISO 9001:2015 လက်မှတ်ရ
kmdedu.mm

အရည်အသွေးပြည့်မီသော
ကွန်ပျူတာပညာရပ်များကို အချိန်တိုအတွင်း
အထူးနှုန်းထားများဖြင့်တက်ရောက်လိုသူများအတွက်
သင်တန်းများဖွင့်လှစ်ပေးနေပါသည်။

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

| (ပန်းဆိုးတန်း) | (မြေနီကုန်း) | (လမ်းမတော်) | (တာမွေ) | (လှည်းတန်း ၁၊ ၂) | (သိမ်ကြီးဈေး) |
|---|---|---|---|---|---|
| ပန်းဆိုးတန်းလမ်း(အလယ်) | ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး | (၉၀)၊ လှည်းတန်းလမ်း | ကျိုက္ကဆံလမ်း၊ တာမွေဈေးအနီး | လှည်းတန်းမီးပွိုင့်အနီး၊ အင်းစိန်လမ်း | သိမ်ကြီးဈေး (စီ)ရုံ |
| ☎ ၃၈၁၀၃၅၊ ၃၉၁၂၈၆ | ☎ ၅၂၇၄၃၆၊ ၅၀၂၂၃၃ | ☎ ၂၂၀၅၅၅ | ☎ ၅၄၁၃၂၈၊ ၅၄၆၆၀၀ | ☎ ၅၂၄၄၀၀၊ ၅၀၂၂၁၁ | ☎ ၃၈၄၂၆၈၊ ၃၈၄၆၄၁ |




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူ အာဆန် မာမွတ်အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၂ ကော်လံ ၅ သို့ ✻**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူ အာဆန် မာမွတ်အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့်အစည်းအဝေး သတင်းထုတ်ပြန်ချက်



မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့်အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပစဉ်။

## သတင်းထုတ်ပြန်ချက်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့တွင် နေပြည်တော်ရှိသင်္ဂဟဟိုတယ်၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းက နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်အား အကောင်အထည်ဖော်ရေးနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူ အာဆန် မာမွတ်အာလီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



# တိုင်းရင်းသားရေးရာ





# ကယန်းတိုင်းရင်းသားအကြောင်း သိကောင်းစရာ

မိုင်းနော်ရိန်း(လူမှုဘ၀)

**ဆင်းသက်လာပုံနှင့် နေထိုင်ရာဒေသ**

ကယန်းတိုင်းရင်းသားတို့သည် မျိုးနွယ်ကြီး သုံးမျိုးဖြစ်သော နိဂရိုက်၊ ယူရိုပွိုက်၊ မွန်ဂိုလွိုက်ဟူသော လူမျိုးကြီးများအနက် မွန်ဂိုလွိုက်မျိုးနွယ်မှ ဆင်းသက်လာသည်။ မွန်ဂိုလွိုက်မျိုးနွယ်မှ ဆင်းသက်လာသော တိဘက်-မြန်မာ၊ ထိုင်း-တရုတ်၊ မွန်-ခမာ မျိုးနွယ်သုံးမျိုးအနက်မှ ထိုင်း-တရုတ် လူမျိုးနွယ်မှ ဆင်းသက်လာသည်။ ကယန်းတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအရှေ့ပိုင်း ကယားပြည်နယ်အနောက်မြောက်ပိုင်းမှ လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်၊ ကရင်ပြည်နယ်မြောက်ပိုင်းမှ သံတောင်မြို့နယ်၊ ရှမ်းပြည်နယ် အနောက်တောင်ထောင့်မှ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ လယ်ဝေးနှင့်ပျဉ်းမနားမြို့နယ် အရှေ့ပိုင်းတောင်တန်းဒေသတို့တွင် နေထိုင်ကြသည်။ ကယန်းတိုင်းရင်းသားများ နေထိုင်ရာ ဒေသလေးခုတွင် ကယန်းတိုင်းရင်းသားများအပြင် ကရင်၊ ရှမ်း၊ ပအိုဝ်း၊ ဗမာ အစရှိသော တိုင်းရင်းသားလူမျိုးများလည်း နေထိုင်ကြသည်။ အဆိုပါဒေသများတွင် နေထိုင်ကြသော ကယန်းတိုင်းရင်းသားလူဦးရေမှာ နှစ်သိန်းကျော်ရှိသည်။ တောတောင်ထူထပ်ပေါမျာ၍ ခရီးသွားလာရေး မလွယ်ကူသဖြင့် လူဦးရေနည်းပါးပြီး တစ်စတုရန်းမိုင်လျှင် လူဦးရေ ၆၀ ကျော်သာ နေထိုင်ကြသည်။

**စာပေနှင့်ဘာသာစကား**

လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ကျော်က နိုင်ငံခြားသား ခရစ်ယာန်ဘာသာ၊ သာသနာပြုဘုန်းတော်ကြီးများသည် ကယန်းတို့ဒေသသို့ ရောက်ရှိလာပြီး ခရစ်ယာန်ဘာသာအယူဝါဒများကို စတင်ဟောပြောသွန်သင်ခဲ့သည်။ ထိုခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများသည် ကယန်းတို့ဘာသာစကားကို လေ့လာသင်ကြားပြီးနောက် ကယန်းလူမျိုး၏ စာပေကို တီထွင်ပေးခဲ့သည်။

ထိုခရစ်ယာန်ဘာသာ သာသနာပြုများအနက် ၁၈၈၁ ခုနှစ်တွင် ဘုန်းတော်ကြီး ကောင်တီနှင့် ဘုန်းတော်ကြီး ကာရ်ဘွန်နိသည် ဂေပါးလူမျိုး၏ ဘာသာစကားကိုလေ့လာသင်ယူပြီးနောက် လက်တင်အက္ခရာကို အခြေခံ၍ စာပေတစ်ရပ်ကို တီထွင်ပေးခဲ့သည်။

ယင်းစာပေကို ပုံနှိပ်ထုတ်ဝေ၍ ဂေပါးလူမျိုးတို့အား သင်ကြားပေးခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် သံတောင်မြို့နယ်မြောက်ပိုင်း မောင်ဗလေ့ရွာသို့ ကြွရောက်သီတင်းသုံးခဲ့သော ဘုန်းတော်ကြီး ပေါလ်မန်းနာသည် မောင်ဗလေ့ရွာသား အိုင်ဘန်းခန်ဆိုသူ လူငယ်ထံမှ ကယန်းကဲ့ဒေါ့စကားကို လေ့လာသင်ယူတတ်မြောက်ပြီးနောက် လက်တင်အက္ခရာဖြင့် ကယန်းစာပေကို တီထွင်ခဲ့သည်။ ကယန်းစာပေဖြင့် မေတ္တာနှင့် သီချင်းစာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းသာသနာပြုဘုန်းတော်ကြီးတီထွင်ပေးခဲ့သောစာပေကို ယနေ့ကယန်းကဲခူနှင့် ကယန်းကငန်တို့က အသုံးပြုလျက်ရှိသည်။

အထူးကဏ္ဍ [ ခ ] သို့ »»»

# ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပြုပွဲအခမ်းအနား ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့တို့မှ ဦးစီးကျင်းပသော ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ဩဂုတ် ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးထံမှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ ချည်ဖြူဖွဲ့အခမ်းအနားက တိုင်းဒေသကြီးအဆင့်လုပ်ခဲ့ဖူးတာ တစ်ခါမှမရှိသေးဘူး၊ ကရင်ပြည်နယ်ဘက်မှာပဲ ခမ်းခမ်းနားနားလုပ်ကြတာ၊ ရန်ကုန်မှာက နှစ်တိုင်း မြို့နယ်အလိုက်ကျင်းပတာပဲရှိတယ်၊ ဒီနှစ်ကိုတော့ အားလုံးစုစုစည်းစည်းဖြစ်သွားရအောင်၊ ညီညီညွတ်ညွတ်ဖြစ်သွားရအောင် တိုင်းဒေသကြီးအဆင့်ပွဲလေးတစ်ပွဲ စီစဉ်လိုက်တယ်၊ ကျွန်မတို့ ကရင်မျိုးနွယ်စုတွေအားလုံး တစုတစည်းတည်း ဆုံစည်းဖို့အတွက်လည်း ရည်ရွယ်ပါတယ်" ဟု ဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးက ပြောသည်။

ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ကရင်လူမျိုးတို့ တန်ဖိုးထားသော အလွန်မွန်မြတ်သည့် ရိုးရာအမွေအနှစ်ဖြစ်သည့်အတွက် ပျောက်ပျက်မသွားစေရန် ဖော်ထုတ်ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အနာဂတ်ကရင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ တိုးတက်ရှင်သန်နိုးကြားစေရေး၊ မိမိတို့၏ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို အခြားတိုင်းရင်းသားလူမျိုးများ ပိုမိုသိရှိစေပြီး လူမျိုးအချင်းချင်း ချစ်ခင်လေးစားမှုကို အပြန်အလှန်တည်ဆောက်ရေးစသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကရင်လူမျိုးတို့ တန်ဖိုးထားသော အလွန်မွန်မြတ်သည့် ရိုးရာအမွေအနှစ်ဖြစ်သည့်အတွက် ပျောက်ပျက်မသွားစေရန် ဖော်ထုတ်ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အနာဂတ်ကရင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ တိုးတက်ရှင်သန်နိုးကြားစေရေး၊ မိမိတို့၏ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့များကို အခြားတိုင်းရင်းသားလူမျိုးများ ပိုမိုသိရှိစေပြီး လူမျိုးအချင်းချင်း ချစ်ခင်လေးစားမှုကို အပြန်အလှန်တည်ဆောက်ရေး**

အဆိုပါ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၈ ရက်တွင် ပြုလုပ်ရန် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေသည့်နေရာများတွင် ရန်ကုန်မြို့နေ ကရင်တိုင်းရင်းသားများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည့်အတွက် ဩဂုတ် ၂၈ ရက်သို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက်တွင် ပြုလုပ်မည့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် နံနက် ၇ နာရီမှ စတင်ကာ အလံတင်အခမ်းအနားကျင်းပခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကျင်းပခြင်း၊ ကရင်ရိုးရာအစားအစာများ၊ ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့်ဖျော်ဖြေမည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အဆင့်အကြီးအကဲများကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။ **သီသီမင်း**

အထူးကဏ္ဍ [ က ] မှ »»

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးများသည် ကယန်းစာကို တီထွင်ခဲ့သည့်နည်းတူ ပြဟ္မစိုရ်ဘာသာဝင် ကယန်းတို့သည် ကိုယ်ပိုင်ဟန်ဖြင့် စာပေတစ်မျိုးကို တီထွင်ခဲ့သည်။ ယင်းစာပေသည် ပြဟ္မစိုရ်ဘာသာဝင် ကယန်းလူမျိုးအချို့ တတ်မြောက်ထားခဲ့ကြသော်လည်း ကျယ်ပြန့်စွာ သင်ကြားခြင်းမရှိသည့်အတွက် တတ်မြောက်သူ အလွန်နည်းပါးသည်။ ကယန်းတိုင်းရင်းသားတို့သည် မျိုးနွယ်စုများဖြစ်သော ကယန်းကငန်၊ ကယန်းကဲဒေါ့၊ ကယန်းကဲခူ အစရှိသော ကယန်းလူမျိုးစုများသည် ပြောဆိုသောဘာသာစကားတွင် အသံအနိမ့်အမြင့်၊ လေယူလေသိမ်းခြားနားသည်မှတစ်ပါး အားလုံးတူညီကြသည်။



**ကိုးကွယ်ယုံကြည်မှု**

ကယန်းလူမျိုးတို့သည် ကမ်းခွမ်ခေါ် တံခွန်တိုင်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် ပြဟ္မစိုရ်ဘာသာတို့ကို ကိုးကွယ်ယုံကြည်ကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်အစရှိသော နတ်အမျိုးမျိုးရှိသည်ဟု ယုံကြည်၍ ထိုနတ်များကိုပြစ်မှားပါက လူကို ဖျားနာအောင်၊ ဘေးအန္တရာယ်အသွယ်သွယ် ကျရောက်အောင်ပြုတတ်သည်ဟု ယုံကြည်ကြပါသည်။ နတ်အမျိုးမျိုးရှိသည်ဟု ယုံကြည်၍ ပူဇော်ပသကြသော်လည်း နတ်သမီးများကို ပူဇော်ပသခြင်းမရှိချေ။ အိမ်တွင် နတ်ရုပ်ကိုထုလုပ်၍ ကိုးကွယ်ခြင်းမရှိ။ ရွာအပြင်တွင် နတ်ကို ပူဇော်ပသရန် နေရာသတ်မှတ်ထားရှိကြသည်။

**အမည်မှည့်ခြင်း**

ကယန်းလူမျိုးတို့သည် မိမိသားသမီးများကို ချစ်ခင်ကြင်နာသူများဖြစ်ကြပြီး ကလေး၏ ကြီးပွားတိုးတက်ရေးကို အထူးလိုလားကြသည့်အလျောက် မီးဖွားချိန်မှစ၍ ကလေးအတွက် မင်္ဂလာယူလေ့ရှိသည်။ မီးဖွားပြီးလျှင် ကလေး၏ အချင်းကို အချို့မှာ မြေမြှုပ်ကြပြီး အချို့မှာ ဝါးဘူးထဲတွင် ထည့်ထား၍ သစ်ခေါင်းတွင် ချိတ်ထားသည်။

ကယန်းအမျိုးသမီးတို့သည် မီးဖွားပြီး ငါးရက်မှ ၁၀ရက် တစ်ပတ်ကြာမှ မီးထွက်လေ့ရှိသည်။ မီးမထွက်မချင်း မီးနေအိမ်ကို အခြားဧည့်သည်များ မလာရ။ ဧည့်သည်လာလျှင် ကလေးချက် တော်တော်နှင့် မကြွေဟု အယူရှိကြသည်။

ကလေးချက်ကြွေသောအခါ ရွာထဲမှ လူကြီးလူကောင်း သက်ကြီးရွယ်အိုအချို့ကို ခေါ်၍ ထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ချက်ကြွေပြီး၍ တစ်လမျှကြာသောအခါ ကလေးအမည်ပေးပွဲကို ပြုလုပ်သည်။ ကလေးကို အဖေ၊ အမေ (သို့) အဘိုး၊ အဘွားတို့က ကလေးနှင့် သင့်လျော်သောအမည်ကို ရွေးချယ်ပေးကြသည်။ ကယန်းလူမျိုးတို့သည် နေ့နံအလိုက် အမည်မှည့်ခြင်းမရှိ။ အမည်ပေးသောအခါ အဘိုး၊ အဘွား အမည်ပါအောင် ထည့်၍ မှည့်ကြသည်။ သို့မဟုတ် အရောင်အဆင်းနှင့် သစ်ပင်ပန်းပင်များကိုမှီ၍ မှည့်တတ်သည်။ ကယန်းတို့သည် အမည်ပေးပုံတွင်-

(က) နမိတ္တက အမည်ပေးခြင်း

(ခ) ဂုဏ်လီအမည်ပေးခြင်း ဟူ၍ ရှိသည်။

အမည်ပေးရာ၌ ယောကျာ်းဖြစ်လျှင် အဘိုး၊ ဦးလေးတို့ အမည်ယူလေ့ရှိပြီး မိန်းမဖြစ်လျှင် အဘွား၊ အဒေါ်အမည်ကို ယူကြသည်။ အချို့သော ကယန်းလူမျိုးတွင် မွေးဖွားလာသော သားသမီးများကို ကြီးစဉ်ငယ်လိုက်သိရှိရန် အမည်၏ရှေ့တွင် အောက်ပါအမည်များကို ထည့်၍ခေါ်လေ့ရှိသည်။ ကယန်းလူမျိုးတို့၏ အမည်ခေါ်ဆိုပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမျိုးသားအမည်မှာ-**

| | | |
|---|---|---|
| ပထမသား | - | အိုင် |
| ဒုတိယသား | - | ငင်း |
| တတိယသား | - | သန်း |
| စတုတ္ထသား | - | သိုင်း |
| ပဥ္စမသား | - | အငို့ |
| ဆဋ္ဌမသား | - | အလော့ |
| သတ္တမသား | - | အစို့ |
| အဋ္ဌမသား | - | ပီး |
| နဝမသား | - | ပေါ့ |

**အမျိုးသမီးအမည်များမှာ-**

| | | |
|---|---|---|
| ပထမသမီး | - | အားမူ |
| ဒုတိယသမီး | - | အားအီ |
| တတိယသမီး | - | အားပိုင် |
| စတုတ္ထသမီး | - | အားလာ |
| ပဥ္စမသမီး | - | အားအူး |
| ဆဋ္ဌမသမီး | - | အားအို |
| သတ္တမသမီး | - | အားအစ် |
| အဋ္ဌမသမီး | - | အားလူ |
| နဝမသမီး | - | အားလာ |

**အနုပညာနှင့်တူရိယာများ**

ကယန်းလူမျိုးတို့သည် မိမိတို့၏ အမျိုးသားဟန်၊ အမျိုးသမီးမူ၊ အမျိုးသားအသံ၊ ရိုးရာအကများရှိကြသည်။ ကယန်းလူမျိုးတို့၏ ရိုးရာတူရိယာပစ္စည်းများမှာ ဖားစည်၊ ဗုံ၊ မောင်း၊ လင်းကွင်း၊ ပလွေ၊ ဒေါင်းဒွေ၊ ကျွဲချို၊ ခေါင်းလောင်းတို့ဖြစ်ကြပြီး ရိုးရာအကများမှာ ကန်ခွမ်အက၊ အိမ်သစ်တက်အက၊ ဝါးညှပ်အက၊ ဒိုင်းအက၊ အသုဘအက၊ ယိမ်းအက အစရှိသည်တို့ ဖြစ်ကြသည်။ ကယန်းလူမျိုးတို့သည် ရိုးရာတေးဂီတ အမျိုးမျိုးရှိသည်။ ယင်းတေးဂီတများမှာ ယို့သခေါ် အပျိုလူပျိုလှည့်ခြင်း တေးသီချင်းများ၊ ငို့ဟန်ခေါ် အသုဘဆိုင်ရာ လွမ်းသီချင်းများ၊ ငိုမီးခေါ် အမ်မီးအသုဘတေးသီချင်းများနှင့် အခြားရိုးရာတေးသီချင်းများလည်းရှိသည်။

**ဝတ်စားဆင်ယင်ထုံးဖွဲ့မှု**

ကယန်းတိုင်းရင်းသားတို့သည် မျိုးနွယ်စုဖြစ်သော ကယန်းကငန်(ယင်းဘော်)၊ ကယန်းကဲခူ(ပဒေါင်)၊ ကယန်းကဲဒေါ့(ဂေခူ)နှင့် ကယန်းလထ(ခေါင်းတို)တို့သည် ပြောဆိုသောဘာသာစကား၊ ကျင့်သုံးလေ့ရှိသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့တွင် တူညီကြပြီး တစ်ဆက်တစ်စပ်တည်းသော နယ်မြေဒေသတွင် အတူတကွနေထိုင်ကြသော်လည်း မျိုးနွယ်စုတစ်စုနှင့်တစ်စု ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ကွဲပြားကြသည်။

**ကြေးပတ်ခြင်းဓလေ့**

ကြေးပတ်သော ကယန်းအမျိုးသမီးများကို လည်ရှည်လူမျိုး( Long Neck) ဟုလည်းကောင်း၊ ဗျိုင်းအမျိုးသမီးဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ကြေးပတ်၍ လည်တံရှည်လာခြင်းသည် ကယန်းတိုင်းရင်းသားတို့ အကြားတွင် လည်တံရှည်လေ ပို၍တင့်တယ်သည်ဟု သဘောထားကြသည်။ မူလအစ ကြေးပတ်ခြင်းသည် မယ်တော်နဂါးမကဲ့သို့ လည်ရှည်မည်ဟူ၍လည်းကောင်း၊ မယ်တော်နဂါးမနှင့် အဆင်းသဏ္ဌာန်အားဖြင့် တူမည်ဟူ၍လည်းကောင်း ယုံကြည်မှုဖြင့် ကြေးပတ်ခဲ့ကြသည်။

ကြေးပတ်သူ ကယန်းအမျိုးသမီး၏ ဦးခေါင်းထိပ်တွင် ဆံထုံးထုံး၍ အချွန်ပြုလုပ်ထားသော ငွေဆံထုံးဖြင့် ထောင်၍စိုက်ထားသော နဂါးအမောက်ပုံသဏ္ဌာန်ကို ဆင်ယင်ထားသည်။ လည်ပင်းတွင် အရစ် ၁၆မှ ၂၅ အရစ်အထိ ပါရှိသောကြေးကွင်းများကို ရစ်ပတ်ထားပြီး လည်ပင်းအရင်းတွင် အရစ်ငါးရစ်ပါရှိသော ကြေးကွင်းကို ထပ်၍ပတ်ထားသည်။ ယင်းကြေးကွင်း ငါးရစ်ကို အချင်းနှစ်လက်မခွဲရှိသော ကြေးကွင်းငယ်တစ်ခုဖြင့် အထိမ်းအမှတ်အဖြစ် တပ်ဆင်ထားခြင်းဖြင့် နဂါးမ၏ လည်ပင်းအရင်းအမောက်သဏ္ဌာန်ပုံကို ဆင်ယင်ထားသည်။

ကယန်းအမျိုးသမီးများ ကြေးပတ်ခြင်းကို အသက်လေးနှစ်ကျော်တွင် စတင်ပတ်ကြသည်။ ကြေးကွင်းများကို လည်ပင်းနှင့် ခြေသလုံးအထက်ပိုင်းတွင် ပတ်ထားကြသည်။ အသက်ငါးနှစ်ကျော်လွန်လာလျှင် အရစ်တိုး၍ပတ်ပေးကြသည်။ အသက် ရှစ်နှစ်ကျော်လာလျှင် ပို၍လုံးပတ်ကြီးသော ကြေးကွင်းများကိုပတ်ပေးသည်။ ကြေးကွင်းပတ်ခြင်းကို အသက် ၁၅နှစ် ကျော်တွင် ပြီးဆုံးသည်။

ကယန်းအမျိုးသမီးများသည် ကြေးကွင်းပတ်ထားခြင်းကြောင့် လည်ရှည်ထွက်လာသည်ဟု ထင်မှတ်ကြသည်။ ကယန်းအမျိုးသမီး၏ လည်ပင်းတွင် ရစ်ပတ်ထားသော ကြေးကွင်းများ၏ အလေးချိန်မှာ ငါးပိဿာခန့်ရှိသည်။ ထိုကြေး၏အလေးကြောင့် ပခုံး၏ကြွက်သားတို့ကို အောက်သို့ဖိချထားသည့်အတွက် လည်ပင်းရှည်ထွက်လာခြင်း ဖြစ်သည်။ ကြေးကွင်းများ၏ အလေးချိန်ကြောင့် ပခုံးရိုးအောက်သို့ တဖြည်းဖြည်းကျဆင်းလာ၍ နံရိုးပေါ်သို့ ဖိဆင်းသွားကာ ဦးခေါင်းနှင့်ပခုံးအကြားရှိ ကျောရိုးမကြီးဆန့်တက်လာသည်။ ကျောရိုးမရှည်ထွက်လာသည်နှင့်အမျှ လည်ပင်းတွင် ကြေးကွင်းများပါ နေရာယူလာသောအခါတွင် ပို၍ရှည်ထွက်လာသည်ဟု ထင်မြင်စေသည်။ ကြေးပတ်ခြင်းကြောင့် လည်ပင်းရှည်ထွက်လာခြင်းမဟုတ်ဘဲ ပခုံးရိုးအောက်သို့ နိမ့်ဆင်းခြင်းသာဖြစ်သည်။

ကယန်းအမျိုးသမီးတို့၏ကြေးပတ်ခြင်းကို အမျိုးသားတို့က ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ ကျွမ်းကျင်သော အမျိုးသမီးတို့အချင်းချင်း တပ်ပေးကြသည်။ အမျိုးသားတို့မှာ အမျိုးသမီးပတ်လိုသော ကြေးချောင်းလုံးပတ် အရွယ်အစားရရှိစေရန် ကြေးချောင်းများကို မီးအပူပေး၍ သစ်သားလုံးတွင် ရစ်ပတ်ထားသော အပေါက်မျိုးစုံပါရှိသော သံပြားဖြင့် နန်းဆွဲပေးသည်။ ။

**(ကိုးကားချက်)**

**ဦးပီမောင်စိုး(လွှိုင်ကော်)**

**ကယန်းတိုင်းရင်းသားသမိုင်း**



ကြေးပတ်သော ကယန်းအမျိုးသမီးများကို လည်ရှည်လူမျိုး ( Long Neck)ဟုလည်းကောင်း၊ ဗျိုင်းအမျိုးသမီးဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ကြေးပတ်၍ လည်တံရှည်လာခြင်းသည် ကယန်းတိုင်းရင်းသားတို့အကြားတွင် လည်တံရှည်လေ ပို၍တင့်တယ်သည်ဟု သဘောထားကြသည်။ မူလအစကြေးပတ်ခြင်းသည် မယ်တော်နဂါးမကဲ့သို့ လည်ရှည်မည်ဟူ၍လည်းကောင်း၊ မယ်တော်နဂါးမနှင့် အဆင်းသဏ္ဌာန်အားဖြင့် တူမည်ဟူ၍လည်းကောင်း

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို *mirrormyosathit@gmail.com* သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ကယားတိုင်းရင်းသားတို့၏ ကေ့ထိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်

ယခင်အပတ်မှအဆက် »»

သစ်ပင်ကိုရွေးချယ်ပြီးနောက် ပထမဦးစွာ တံခွန်တိုင်နတ်ဆရာက စတိသဘောမျိုးဖြင့် သစ်လုံးကို စတင်ခုတ်ရသည်။ ထို့နောက်မှ လိုက်ပါလာသူများက ဝိုင်းဝန်းခုတ်ကြရသည်။ သစ်ပင်ကိုခုတ်လှဲ၍ တံခွန်တိုင်လုပ်ရန်အတွက် လိုသလောက်အတိုအရှည် တိုင်းထွာဖြတ်တောက်ကြပြီးနောက် သစ်လုံးကို နွယ်ကြိုးများ၊ ဝါးလုံးများဖြင့် ချည်နှောင်ကာ ထမ်းပိုးလာကြရသည်။

ယင်းကဲ့သို့ တံခွန်တိုင်ကိုသယ်ယူရာတွင် မည်သည့်ယာဉ်မှ အသုံးမပြုကြသလို သယ်ဆောင်ရာတွင်လည်း မောင်းထု၍ သယ်ဆောင်ကြလေ့ရှိသည်။ အကယ်၍ တံခွန်တိုင်မှာ တောင်ပေါ်တွင်ရှိနေပါက နွယ်ကိုကြိုးကျစ်သူကကျစ်ကာ ယင်းနွယ်ကြိုးများဖြင့် တောင်ခြေအရောက်ဆွဲယူချကြရပြီး သတ်မှတ်ထားသည့်စခန်းသို့ ရောက်ရှိသည့်တိုင်အောင် အထက်ပါအတိုင်းပင် ထမ်းပိုးသယ်ဆောင်ကြရသည်။ ထိုသို့သယ်ယူလာချိန်တွင် တံခွန်တိုင်နတ်ဆရာက တံခွန်တိုင်သစ်လုံးပေါ်၌စီး၍ လိုက်ပါလာရသည်။

ထို့နောက် ရပ်နားရန်သတ်မှတ်ထားသော စခန်းသို့ ရောက်ရှိသည့်အခါ တံခွန်တိုင်ကို မြေပြင်ပေါ်သို့ခေတ္တချထားပြီး ၎င်းတို့နေအိမ်အသီးသီးမှ ချက်ပြုတ်၍ ယူဆောင်လာကြသော ထမင်းဟင်းများ၊ ခေါင်ရည်များကို အသင့်စောင့်ကြိုနေသော အမျိုးသမီးများနှင့်အတူတကွ တပျော်တပါးကြီး စားသောက်ကြသည်။ အခြားရွာနီးချုပ်စပ်မှ မိတ်ဆွေများက တံခွန်တိုင်ကို ဝင်ရောက်ကူညီထမ်းပိုးပေးကြသည့်အတွက် ထိုသူများကိုလည်း ထမင်းဟင်းများနှင့် ခေါင်ရည်များကို တိုက်ကျွေးကြရသည်။

ယင်းနောက် ရပ်နားသည့်စခန်းမှတစ်ဖန် တံခွန်တိုင်ကို မိမိတို့ရွာ၌ တံခွန်တိုင်စိုက်ထူရန် သတ်မှတ်ထားသောနေရာသို့ ဆက်လက်ထမ်းပိုးသွားကြပြန်သည်။ တံခွန်တိုင်ပွဲတော်ကျင်းပသည့်နေရာများကို များသောအားဖြင့် ရွာအလယ်ရှိကုန်းမြင့် သို့မဟုတ် ရွာထိပ်ကို ရွေးချယ်မှုပြုကြသည်။ တံခွန်တိုင်နယ်မြေမှာ ကာရံထားခြင်းမရှိဘဲ တံခွန်တိုင်များ ပတ်လည်ဝိုင်း၍ စိုက်ထူထားခြင်းသာဖြစ်သည်။ သီးသန့်ထားသည့်နေရာသို့ ရောက်သောအခါ တံခွန်တိုင်လုပ်မည့်သစ်လုံးကို ညင်သာစွာချကြရသည်။ ထိုသို့ချရာ၌ တံခွန်တိုင်ထိပ်ပိုင်းကို မြေကြီးနှင့်မထိမိစေရန် အထူးဂရုစိုက်ကြရသည့်အတိုင်း တိုင်ထိပ်ပိုင်းကို သစ်သားတုံးတစ်ခုပေါ်တွင် မြေမကျစေရန် တင်၍ထားကြခြင်းဖြစ်သည်။

ထိုသို့ချထားပြီးသောအခါတွင် ရွာတွင် အသင့်စောင့်ကြိုနေကြသော အမျိုးသမီးကြီး၊ ငယ်များက ရေတကောင်းများတွင် သပြေပန်းများစိုက်ကာယူလာကြပြီး သပြေခက်များဖြင့် အဆိုပါတိုင်ကို ရေပက်ဖျန်းကြရသည်။ ထို့နောက် တံခွန်တိုင်အသစ်နှင့် အဟောင်းတို့ကို ရေသွန်းလောင်းပေးကြပြီး အချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေပက်ကစားကြသည်။ တံခွန်တိုင် မစိုက်မီ မြေပေါ်သို့ချထားစဉ် ယင်းတံခွန်တိုင်အနီးသို့ အမျိုးသမီးများ မကပ်ရချေ။ ခွေးများဖြတ်ကျော်မသွားစေရန်လည်း နေ့ရောညပါ စောင့်ရှောက်ကြရသည်။ အဖိုတိုင်ဖြစ်လျှင် ငါးရက်ထားရပြီး အမတိုင်ဖြစ်လျှင် သုံးရက်ထားရသည်။ အဖိုတိုင်မှာ ၂၅ ပေမှ အများဆုံး ၄၅ ပေအထိ ရှည်လျား၍ အမတိုင်မှာ ၁၂ ပေခန့် ရှည်လျားသည်ဟု သိရသည်။

ထိုရက်များအတွင်း၌ တံခွန်တိုင်ကို ရှစ်မြှောင့် သို့မဟုတ် ခြောက်မြှောင့်ဖြစ်အောင် ပြုလုပ်ကြရသည်။ တံခွန်တိုင်တွင် တပ်ဆင်ရန်အတွက်လည်း ထီး၊ ကြက်လျှာနှင့် တံခွန်ပြားစသည်တို့ကို သုံးရက်အတွင်း အပြီးရက်ကြရသည်။ ရွာရှိအိမ်တိုင်းမှ တစ်အိမ်လျှင်ချည်ငါးကျပ်သားခန့်ကောက်ခံပြီး ကြက်လျှာများကို ရှေးယခင်က အပျိုစစ်စစ် အမျိုးသမီးများက ရက်လုပ်ကြသည်။ ယခုခေတ်တွင်မူ မည်သည့် အမျိုးသမီးမဆို ရက်လုပ်နိုင်ကြသည်ဟု ဆိုသည်။

တံခွန်တိုင် မစိုက်ထူမီတစ်ရက်မှစ၍ ဝက်များကိုသတ်ဖြတ်ပြီး တံခွန်တိုင်စိုက်ထူပြီးသည့်ညနေအထိ ဧည့်သည်များအား ကျွေးမွေးဧည့်ခံကြသည်။ အိမ်တိုင်းစေ့ တတ်အားသရွေ့ ဝက်များကိုသတ်ကာ လာသမျှဧည့်သည်များကို ထမင်းနှင့်ဝက်သားဟင်းများဖြင့် ကျွေးမွေးကြ၍ ဆွေမျိုးသားချင်းမိတ်ဆွေများကိုလည်း ခေါင်ရည်အိုးငယ်တစ်အိုးစီနှင့် ဝက်သားအနည်းဆုံး သုံးတုံးစီ ပို့ပေးလေ့ရှိကြသည်။

ထို့နောက် နောက်တစ်နေ့နံနက် ၆ နာရီခန့်တွင် တံခွန်တိုင်ကို စိုက်ထူကြသည်။ ထိုအချိန်တွင် အမျိုးသမီးများက တံခွန်တိုင်ကို ရေဘူးထဲမှရေကို သပြေခက်များဖြင့်ပက်ဖျန်း၍ ရေသွန်းလောင်းကြသည်။ တံခွန်တိုင်ကို ဝိုင်း၍ ကသောအကတွင် အမျိုးသမီးများပါဝင်ဆင်နွှဲခြင်း မပြုရချေ။ ရေဘူးကိုယ်စီ ယူဆောင်လာကြသော တံခွန်တိုင်ပွဲကို ဘေးမှထိုင်ကြည့်နေကြသည့် ပရိသတ်ကလည်း အချင်းချင်း ရေပက်ဖျန်းကြသလို တံခွန်တိုင်အသစ်နှင့် အဟောင်းတို့ကိုလည်း ရေပက်ဖျန်းကြသည်။

တံခွန်တိုင်ခုတ်လာသည့်နေ့ရက်မှစ၍ တံခွန်တိုင်ထူသည့်နေ့ရက်အထိ သုံးရက်တာကာလအတွင်း ကယားတိုင်းရင်းသားတို့သည် ရွာရှိတံခွန်တိုင်နတ်ဆရာနေအိမ်မှစ၍ တံခွန်တိုင်ထူသည့် အဆက်အနွယ်လူများ၏ အိမ်တို့ကို အတီးအမှုတ်များတီးကာ လက်ယာရစ်လှည့်ပတ်ကြသည်။ နောက်တစ်နေ့နံနက်တွင် ရေနတ်စာကျွေး၍ မိုးခေါ်ကြသည်။ ယောက်ျားလေးများအား တစ်အိမ်တစ်ယောက်စီစုပြီး ခြုံစောင်အနီတစ်ထည်၊ ပေါက်ပေါက်၊ သပြေရွက်၊ ဝါးကြက်လျှာ၊ စက္ကူကြက်လျှာ၊ ခေါင်ရည်၊ ငှက်ပျောသီးများယူဆောင်၍ အတီးအမှုတ်များဖြင့် နတ်ပူဇော်ရန် ထွက်ကြသည်။ ငှက်ပျောသီး၊ ပေါက်ပေါက်၊ သပြေခက်၊ နီးဖြင့်ထိုးထားသည့် ဝက်သားတုံး၊ ဝါးဘူးငယ်ဖြင့်ထည့်ထားသော ခေါင်ရည်တို့ကိုစိုက်ကာ နတ်စာကျွေးကြပြီးနောက် တံခွန်တိုင်ပွဲပြုလုပ်မှုကို အဆုံးသတ်ကြလေ့ရှိသည်။ ။




ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက။

အထူးကဏ္ဍ [ ဃ ] မှ »»

တောင်းဆိုရသည်။ မိန်းကလေး၏ဆန္ဒကိုလည်း အောင်သွယ်၍ မေးမြန်းရလေသည်။

မိန်းကလေးကို ယောကျာ်းလေးအိမ်သို့ ခေါ်ယူရာ၌ မိန်းကလေးသည် အော်ဟစ်ငိုကြွေးလေ့ရှိသည်။ ဤသည်မှာ သဘောမတူ၍ မဟုတ်ဘဲ မိဘအိမ်မှထွက်ခါနီး မျက်ရည်ကျမှ လင်သားအိမ်ရောက်သောအခါ ဆန်ရေစပါး၊ ဥစ္စာရွှေငွေ ပေါများကြလိမ့်မည်ဟု အယူအဆရှိကြသည်။ အမှန်တွင် မိဘမောင်ဖွားများနှင့် မခွဲစဖူးခွဲရတော့မည်ဟု အသိဝင်၍ ဝမ်းနည်းရခြင်းဖြစ်ပေလိမ့်မည်။

**အဘုံ့ရှို**

မိန်းကလေးကို ယောကျာ်းလေးအိမ်သို့ ခေါ်ဆောင်လာပြီး သုံး၊ လေးရက်အကြာတွင် မိန်းကလေး၏ မိဘဆွေမျိုးများက သမီးကို ယူရန်သွားရသည်။ ၎င်းကို အဘုံ့ရှိုဟု ခေါ်သည်။

အဘုံ့ရှိုရန်အတွက် မိဘက အရင်းနှီးဆုံးဆွေမျိုးတစ်ဦးကို အဆုံးအဖြတ်ပေး၍ အခြားနီးစပ်ရာတို့နှင့်သွားစေသည်။ သမက်ရှင်ဘက်မှ သမီးရှင်ကို အဘုံ့ရှိုရန်လာသည့်အခါ ကျွေးမွေးဧည့်ခံရန် ကြက်၊ ငှက်နှင့် ခေါင်ရည်အရက်တို့ကို အဆင်သင့်ထားရသည်။ ချွေးမအသွင်းအတွက် ငွေဒင်္ဂါး၊ ကြေးမောင်း၊ ဟင်းရံ (တူရိယာတစ်မျိုး)၊ ဓား၊ လှံ၊ တောင်နွားစသည်တို့ကို စုဆောင်းထားရသည်။ ယခုခေတ်တွင်ကား ပစ္စည်းများရှားပါးပြီဖြစ်၍ ငွေဒင်္ဂါးအစား ငွေစက္ကူများကို တန်ဖိုးကိုက်၍ ပေးကြရသည်။

အသွင်းငွေများအားလုံးကို စုံစုံလင်လင် မပေးနိုင်သော်လည်း နှစ်ချို့တချို့ကို မင်္ဂလာနေ့တွင်ပေးရသည်။ ကျန်သောအသွင်းငွေများကို ကာယကံရှင်ဇနီးမောင်နှံက တဖြည်းဖြည်း ပေးဆောင်လျှင်လည်း ရသည်။ အကယ်၍ ဇနီးမောင်နှံသည် အသွင်းငွေကို စုံစုံလင်လင် မပေးနိုင်သည့်ကြားမှ သေဆုံးခဲ့လျှင် ကျန်ရစ်သူ သားစဉ်မြေးဆက် ပေးကြရသည်။ သားသမီးများမကျန်ခဲ့လျှင် အမွေဆက်ခံသူက ပေးရသည်။

ထိုအသွင်းငွေအပြင် ချွေးမ၏ ဦးရီးတော်သူကို အဘေကဒင်ခေါ် အသွင်းငွေအဖြစ် နွားတစ်ကောင် သို့မဟုတ် ငွေဒင်္ဂါး ၃၀ ကို ပေးရသည်။ အကယ်၍ မိဘများ သေဆုံးသည့် နောက်ပိုင်းတွင် မိဘများကိုယ်စား အရေးတယူကြည့်ရှုစောင်မရန် ဖြစ်သည်။

အသွင်းငွေကိစ္စကို အဘုံ့ရှိုမင်္ဂလာတွင် မစားမသောက်မီ ဆွေးနွေးကြရလေသည်။ နှစ်ဦးနှစ်ဖက်ပြေလည်ပြီးမှသာလျှင် ပွဲတော်ကို ကျင်းပကာ စားသောက်ကြသည်။ အကယ်၍ မပြေလည်က သမီးကိုခေါ်ယူပြီး ပြန်သွားကြသည်။ မင်္ဂလာပွဲလည်း မကျတော့ချေ။

> **မိန်းကလေးကို ယောကျာ်းအိမ်သို့ ခေါ်ဆောင်လာပြီး သုံး၊ လေးရက်အကြာတွင် မိန်းကလေး၏ မိဘဆွေမျိုးများက သမီးကို ယူရန်သွားရသည်။ ၎င်းကို အဘုံ့ရှိုဟု ခေါ်သည်။**

**မင်္ဂလာပွဲစားခြင်း**

သမီးရှင်နှင့် သမက်ရှင်တို့ ပြေလည်ကြသည်နှင့် ချက်ချင်းခေါင်ရည်ဖွင့်ကာ သောက်စားကြသည်။ ထမင်းဝိုင်းပြင်သည့်အခါ ဧည့်သည်များကို ဦးစွာကျွေးမွေးရသည်။ သားရှင်တို့က ဝက်သားစားရပြီး သမီးရှင်တို့က ကြက်သားစားကြရသည်။ ရောနှောစားမိက အမှားခံပြီး လျော်ကြေးပေးရသည်။

မင်္ဂလာပွဲတွင် ရွာသားများက လောင်ကက်ခေါ် သစ်သားဗန်းကြီးများဖြင့် ထမင်းလာပို့ကြသည်။ အိမ်တစ်အိမ်မှ ကြက်တစ်ကောင်၊ အရက်တစ်ပုလင်းစီ လာရောက်ကူညီကြသည်။ ဤသည်မှာ မြို့တိုင်းရင်းသားတို့၏ တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီတတ်သော ဓလေ့ဖြစ်သည်။ ထမင်းကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်နှင့် ညနေစာတစ်ကြိမ် စသည်ဖြင့် တစ်နေ့သုံးကြိမ် ကျွေးမွေးကြသည်။

**အဘုံလာ**

မိန်းကလေးမိဘများမှ အဘုံ့ရှို မင်္ဂလာပွဲပြုလုပ်ပြီး ချွေးမဖြစ်သူကို အိမ်သို့ပြန်ခေါ်သွားသည်။ ဤသို့ ပြန်ခေါ်သွားရခြင်းမှာ သမီးကိုပေးသင့်ပေးထိုက်သော ပစ္စည်းများကို အမွေပေးရန်နှင့် သမက်ရှင်ဆွေမျိုးတို့အား မိမိတို့က တစ်ဖန်ပြန်လည်ဧည့်ခံကျွေးမွေးရန် ဖြစ်လေသည်။ ထိုသို့ ချွေးမဖြစ်သူအား မိဘတို့ခေါ်သွားပြီး လေး၊ ငါးရက်အကြာတွင် ယောကျာ်းဖြစ်သူက ဇနီးဖြစ်သူအား ခေါ်ယူရန် ဆွေမျိုးအပေါင်းအသင်းတို့အား ဖိတ်ခေါ်၍လာကြသည်။ ၎င်းကို အဘုံလာဟုခေါ်သည်။

အဘုံလာ သွားရာတွင် သမက်ဖြစ်သူက ယောက္ခမအတွက် ခေါင်ရည်ငင်ပြီး ယူသွားရသည်။ ယခုခေတ်တွင် အချို့က နို့ဆီများ ယူဆောင်သွားကြသည်။ ငယ်စဉ်တောင်ကျွေးက တိုက်ကျွေးသော မိခင်နို့ရည်ကို ပေးဆပ်ခြင်း အဓိပ္ပာယ်ဟု ဆိုကြသည်။ ပေးရန်ကျန်သော အသွင်းငွေနှင့် ကြက်များကိုလည်း ယူသွားရသည်။ ကြက်များကို ယောက္ခမ၊ ဆွေမျိုးညီအစ်ကိုများက တစ်ကောင်စီ အသေသတ်၍ ပို့ကြရသည်။

ယောက္ခမအိမ်သို့ ရောက်သောအခါ ယောက္ခမက သမက်ဆွေမျိုးများနှင့် မိမိတို့ဆွေမျိုးသားသမီးများကို မိတ်ဆက်ပေးသည်။ သမီးနှင့် သမက်အတွက် မိမိတို့ကိုယ်တိုင်ရက်သော ပဂျင်း ခေါ် မြို့စောင်ထူကြီးကို ငါးထည်မှ ခုနစ်ထည်ကိုလည်းကောင်း၊ အိမ်လိုင်း ခေါ် ရင်ခံများကိုလည်းကောင်း၊ အိမ်နက် ခေါ် ထဘီများကိုလည်းကောင်း လက်ဖွဲ့ပေးကြသည်။ တချို့တတ်နိုင်သောသူများက သမီးနှင့် သမက်တို့အတွက် ကျွဲ၊ နွားများကို အမွေပေးကြသည်။

အဘုံလာ မင်္ဂလာပွဲအပြီး ပြန်ကြမည့် နံနက်တွင် သမီး၊ သမက်တို့အတွက် အောက်လာခေါ် စွယ်စုံဝက်ကောင်ကြီးကြီးကို သတ်၍ ထက်ဝက်ကိုချက်ပြုတ်ကျွေးမွေးပြီး ထက်ဝက်ကိုအိမ်ပြန်လက်ဆောင် ထည့်ပေးလေသည်။

ဤသို့ဖြင့် မြို့တိုင်းရင်းသားတို့ မင်္ဂလာဆောင်သည် အလွယ်တကူမပြီးမြောက်နိုင်သကဲ့သို့ လင်မယားကွာရှင်းရန်လည်း လွယ်လွယ်တော့မရချေ။ တစ်လင်တစ်မယားရာသက်ပန် ခိုင်မြဲကြသည်ကများသည်။

**မှတ်ချက်။** (ယနေ့ခေတ်တွင် ကိုးကွယ်မှုဘာသာအရ ခေတ်သစ်မင်္ဂလာဆောင်ခြင်းများကို ကျင့်သုံးလာကြသည်)

# မြို့တိုင်းရင်းသားတို့ အပျို လူပျို ဘဝနှင့် မင်္ဂလာဆောင်ခြင်း

ဦးကုလားမြေး



မြို့တိုင်းရင်းသား လူပျိုအပျိုဘဝသည် အလွတ်လပ်ဆုံး၊ အပျော်ဆုံးဖြစ်သည်။ အသက်အားဖြင့် ၁၆၊ ၁၇ နှစ်အရွယ်ဖြစ်သည်။ မြို့လူပျိုလေးများသည် အိမ်များနှင့်ဆက်၍ ဆောက်ထားသော ဧည့်ခန်းကြီးများတွင် စု၍ အိပ်ကြသည်။ အမျိုးသမီးများမှာ ၁၄၊ ၁၅ နှစ် အရွယ်တွင် အပျိုဖြစ်ပြီဟု ယေဘုယျ အသိအမှတ်ပြုကြသည်။ မြို့အပျိုလေးများသည် မိမိတို့သင့်ရာ သုံး၊ လေးယောက်စုပြီး အိပ်လေ့ရှိကြသည်။ အထူးသဖြင့် မုဆိုးမအိမ်တွင် သွားအိပ်ကြသည်။

ညဉ့်ငှက်ကလေးများအိပ်သော တိတ်ဆိတ်ချိန်တွင် လူပျိုများသည် အပျိုများရှိရာအိမ်သို့ လူပျိုလှည့်သွားကြသည်။ ဤသို့သွားရာ၌ မိမိတို့ညီအစ်ကိုဆွေမျိုးစု အပျိုဆိုလျှင် ရှောင်ကြသည်။ အာဂန္တုလူပျိုဆိုလျှင် ရွာလူပျိုကလေးများက အပျိုအိမ်သို့ မိတ်ဆက်ပို့ရသည်။ လူပျိုသည် တစ်ဦးတည်းဖြစ်စေ၊ နှစ်ဦး၊ သုံးဦးဖြစ်စေ အပျိုအိမ်ပေါ်သို့တက်ပြီး တံခါးဝမှနေ၍ တေးကဗျာဖြင့် အသံပေးကာ ချစ်ရေးဆိုခွင့်တောင်းရလေသည်။

အပျိုများကလည်း တံခါးကို ဖွင့်မပေးသေးဘဲ အမောင်တို့သည် အဘယ်ရွာကနည်း၊ အဘယ်အမျိုးအနွယ်ကနည်း စုံစမ်းရသည်။ အကယ်၍ မမှန်မကန်ပြောသူ၊ နောက်ပြောင်သူ၊ မရိုးသားသူဟု ယူဆလျှင် ခွင့်မပြုကြချေ။ ထိုသို့ စုံစမ်းပြီးမှ တံခါးကိုဖွင့်ပေးပြီး လူပျိုလေးတို့အား နေရာပေးကြသည်။

တီတင် (ခေါ်) ဝါးစောင်းကို အပျိုလူပျိုတို့ ရှေ့ဆိုင်ထိုင်ကာ အတိုင်အဖောက် စည်းချက်ညီညီနှင့်တီးခတ်ရင်း တေးကဗျာများကို အနက်ဖော်၍အချီအချဆိုကြသည်။ တစ်နည်းအားဖြင့် ချစ်ရေးဆိုကြသည်။ ဤသို့ တစ်ည၊ နှစ်ည၊ သုံးည စသည်ဖြင့်လူပျိုတို့က ဖွဲ့ရှိရှိ ချစ်ရေးဆိုသောအခါ ချစ်သူတို့ဘဝသို့ ရောက်လာကြသည်။

ယင်းကဲ့သို့ ချစ်သူတို့ဘဝသို့ရောက်လာကြသောအခါ ပစ္စည်းလက်ဆောင် အချင်းချင်းဖလှယ်၍ သစ္စာဆိုခဲ့ကြသည်။ အချို့မှာ မိမိတို့ ဆံပင်ကိုနုတ်၍ အချင်းချင်းအပ်နှံကြသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ မြို့တိုင်းရင်းသား အပျိုလူပျိုဘဝမှာ သစ္စာရှိကြလေသည်။

**အိမ်ထောင်ဖက်ရွေးချယ်ခြင်း**

မြို့တိုင်းရင်းသားများတွင် တရားဝင် လက်ထပ်ထိမ်းမြားခြင်းမပြုဘဲ အိမ်ထောင်ပြုခြင်း ထုံးစံမရှိချေ။ အချင်းချင်းမေတ္တာမျှ၍ဖြစ်စေ၊ လူကြီးမိဘချင်းသဘောတူစေ့စပ်၍ဖြစ်စေ တရားဝင်လက်ထပ်ထိမ်းမြားပေးလေ့ရှိ၏။ မိခင်၏ မောင်ဖွားသမီးတော်စပ်သူသားအတွက် စေ့စပ်တောင်းဆိုလေ့ရှိသည်။ (မြို့တိုင်းရင်းသားတို့တွင် မောင်ဖွားတို့၏သားက ညီမ၊ အစ်မတော်စပ်သူတို့၏ သမီးပျိုများကို ထိမ်းမြားခြင်း မပြုရချေ) မည်သို့ဆိုစေ မြို့အပျိုလူပျိုများသည် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိသည်။

မိမိတို့အချင်းချင်း မေတ္တာရှိက ယောကျ်ားလေးသည် မိဘဆွေမျိုးကို အသိပေး၍ တောင်းဆိုခိုင်းရသည်။ မိဘတို့ကလည်း လူငယ်တို့သဘောကို မေးမြန်းနားချပြီးမှ ဆောင်ရွက်လေ့ရှိကြသည်။ သို့သော် ညီအစ်ကိုဆွေမျိုး အုပ်စု အချင်းချင်းဖြစ်စေ၊ တူမတော်အုပ်စု ဖြစ်စေ ထုံးစံအရသဘောမတူနိုင်ကြချေ။

**ချွေးမရှာသွားခြင်း**

ချွေးမရှာသွားရာ၌ သူငယ်ချင်းများနှင့် လူလတ်ပိုင်း အိမ်ထောင်ရှိသူ တစ်ဦးကို ခေါ်ဆောင်သွားရသည်။ ဤသို့သွားရာ၌ စုံမသွားရပေ။ စုံ သွားလျှင် မ မရနိုင်ဘဲ မ သွားလျှင် စုံရနိုင်သည်ဟု အယူရှိကြသည်။

ကျေးရွာသို့ရောက်လျှင် မိမိတို့ဆွေမျိုး သို့မဟုတ် အသိမိတ်ဆွေအိမ်၌ တည်းခိုပြီး ရွာလူပျိုခေါင်းကို အကူအညီတောင်းရသည်။ ရွာလူပျိုခေါင်းကလည်း တော်စပ်သည့်အမျိုးအနွယ်မှ သမီးပျိုများကို ပြပေးသည်။ ရွာလူပျိုခေါင်းက လူမျိုးဓလေ့၊ ရွာဓလေ့ထုံးစံအရ တာဝန်ကျေအောင်ဆောင်ရွက်ပေးသည်။ မိမိတို့စိတ်ကြိုက် မိန်းကလေးကိုတွေ့လျှင် အမူအကျင့်တို့ကို လေ့လာပြီး သက်ဆိုင်ရာမိဘများသို့ အသိပေး

အထူးကဏ္ဍ [ ဂ ] သို့ »»

## ကျေးလက်ဟင်းတစ်ခွက် ‥ ကြက်သဟင်းရွက်





တစ်မြန်နေ့က မနက်စောစောကြီး အင်းစိန်ဘက်မှာနေတဲ့ဂျီးဒေါ်(ကြီးတော်)ကြီး အိမ်ကိုပေါက်ချလာပါတယ်။ လက်ထဲမှာလည်း ကြိမ်ခြင်းကြီးဆွဲလို့ပါ။ ဂျီးဒေါ်ကြီးက အမေ့ရဲ့ အစ်မအကြီးဆုံးဖြစ်ပြီး တူမကမွေးတဲ့ မြေးမကလေးနဲ့ အတူနေပါတယ်။ အခု အသက် ၈၀အထိကို နားမထိုင်းခါးမကိုင်းဘဲ အင်းစိန်ကနေ YBS နှစ်ဆင့်စီးပြီး ကျွန်တော်တို့နေတဲ့ ရေကျော်အိမ်ကို တစ်ယောက်တည်းရောက်ချလာတာပါ။

သူ့ခြံထဲမှာလည်း သီးပင်စားပင်အစုံကို သူကိုယ်တိုင် အခုတိုင်စိုက်တုန်းပါ။ သူရောက်ချလာပြီဆိုရင် သူ့ခြံထွက် ဘူးသီး၊ ခရမ်းသီးကအစ ပင်စိမ်းနဲ့ရှမ်းနံနံအဆုံး သီးနှံစုံပါလာတတ်ပါတယ်။ ခုလည်း သူ့ခြံထဲက ကြက်သဟင်း(ကြက်သားဟင်း)ရွက်တွေ ခူးလို့မနိုင်လို့ အိမ်နီးချင်းတွေဝေလို့မနိုင်လို့ ဆိုပြီး လာပို့တာပါတဲ့။ ဂျီးဒေါ်ကြီးက အစားအသောက်အနေအထိုင် စည်းစနစ်ကျလို့ထင်ပါရဲ့ အခုအသက်တိုင် သွားနိုင်လာနိုင်နဲ့ ဖျတ်ဖျတ်လတ်လတ်ရှိတုန်းပါ။

ငါးပိရည်စား၊ ငံပြာရည်သုံးပေမယ့် အမျိုးတွေရှိတဲ့ ဟင်္သာတနယ်ဘက်က ရေချိုကောင်လတ်ငါးပိကို ဆယ်ဝင်အိုးနဲ့သိပ်စားသူပါ။ ဝါးခြမ်းပြားလေးတွေနဲ့ ကုပ်နှိပ်ပြီး သိပ်ထားတဲ့ သူ့ငါးပိအိုးက လပြည့်ရက်ဆိုလျှံကျတဲ့အိုးတက်ရေကိုခပ်ပြီး ငံပြာရည်အဖြစ် သုံးပါတယ်။ ငါးခြောက်ဆိုလည်း ကိုယ်တိုင်ခွဲလှန်းပြီးစားပါတယ်။ ဒါကြောင့် အမျိုးတွေက သူ့ကွယ်ရာမှာ သူ့နာမည် ဒေါ်မျှင်ကို ကြီးကြီးမျှင်လို့ မခေါ်ကြဘဲ 'အော်ဂဲနစ်မျှင်'လို့ နာမည်ပြောင် ပေးထားကြပါတယ်။

သူ့ခြံထဲကယူလာတဲ့ ကြက်သဟင်း (ကြက်သားဟင်း)ရွက်ကို ကြားဖူးသူများပေမည့် စားဖူးကြသူတော့ နည်းလိမ့်မယ်လို့ ထင်ပါတယ်။ ကြက်သဟင်းရွက်က ကျေးလက်ဒေသတွေမှာ ဟင်းချိုခတ်သောက်ရတဲ့ နာမည်ကြီး ဟင်းချိုရွက်တစ်မျိုးပါ။ ကြက်သဟင်းရွက်လို့ဆိုတဲ့အတိုင်း ဟင်းရွက်က စိမ်းဖန့်နေပြီး အမြင်လှရုံမက စားလို့ပါအရသာရှိလှတာကြောင့် ကြက်သားဟင်းနဲ့ ခိုင်းနှိုင်းထားတာများလားလို့ တွေးမိပါတယ်။ ဟင်းချိုရွက်တွေထဲမှာ ဘူးညွန့်၊ ဖရုံညွန့်ကနာမည်ကြီးပေမယ့် နူးညံ့ပြီး အရသာရှိတဲ့နေရာမှာတော့ ကြက်သဟင်းရွက်ကို မီမယ်မထင်ပါဘူး။

ဂျီးဒေါ်ကြီးချက်တဲ့ ကြက်သဟင်းရွက် ဟင်းချိုချက်ပုံကို တစ်မျိုးလုံးက အတုယူရပါတယ်။ ပထမဆုံး ကြက်သဟင်းရွက်ကို အရင်သင်ပြီး ရေဆေးပြီး စစ်ထားပါတယ်။ ဟင်းချိုအိုးကို ရေအနေတော်ထည့်တည်ပါမယ်။ အိုးထဲက ရေပွက်ပွက်ဆူမှ ဓားပြားရိုက်ထားတဲ့ ကြက်သွန်ဖြူကိုထည့်ပြီး သူ့အိုးတက်ငံပြာရည်ခတ်ပါတယ်။ ပြီးရင် ဝါးညှပ်လေးနဲ့ အသင့်ကင်ထားတဲ့ ငါးပနော်ကင်ကို ဖဲ့ရွဲ့ပြီး ဟင်းခတ်အဖြစ်ထည့်ပါတယ်။ ဟင်းရည်ကိုအပေါ့အငန်မြည်းလို့နည်းနည်းပေါ့တယ်ထင်ရင် ဆားလေးခတ်ပါတယ်။ ငံပြာရည်နဲ့ ဆားအငန်အရသာတူပေမယ့် ငံပြာရည်ကပေါ့ချို၊ ဆားကငန်ချိုမို့လို့ ဟင်းချိုအချိုလေးအောင် ဆားကူရတယ်လို့ ဂျီးဒေါ်ကြီးက ပြောပါတယ်။

ဖိုပေါ်ကဟင်းရည်အရသာက စိတ်ကြိုက်ဖြစ်ရင် ဆီတစ်ပေါက်နှစ်ပေါက်လောက်နဲ့ သင်ထားတဲ့ကြက်သဟင်းရွက်ထည့်၊ တစ်ချက်နှစ်ချက်မွှေပြီး အိုးကိုချပါတော့တယ်။ ကြက်သဟင်းရွက်က နူးညံ့လှတာမို့ ဟင်းရည်ဆူဆူနဲ့ထိရင်ကို ပျော့ပျောင်းပြီး အကျက်မြန်ပါတယ်။ စိမ်းဖန့်နေတဲ့ ကြက်သဟင်းရွက်ရဲ့ အရောင်က ဟင်းချိုရေမှာပါကူးပြီး စိမ်းဖန့်ဖန့်လေးမို့ မြင်ရုံနဲ့ကို သောက်ချင်စဖွယ်ပါ။

ငါးကင်နံ့လေးသင်းနေတဲ့ ကြက်သဟင်းရွက် ဟင်းချိုပူပူလောလောလေးနဲ့ ငါးရံ့ခြောက်ကင် ဆီစိမ်နဲ့ဆို ခံတွင်းပျက်နေတဲ့ နာလန်ထစ လူမမာများတောင် တောင်းသွင်းသလို ထမင်းဝင်တယ်လို့ ဂျီးဒေါ်ကြီးက ပြောပါတယ်။

**စံလွင် (ငါးဦးစီး)**

